www.burmeseclassic.com

# ရွှန်းရိပ်ဖိုး

## အကွက် ရွှေ့ကြသူများ

www.burmeseclassic.com

www.burmeseclassic.com



## ၅၅နံ့ရမိုး ထွက်ပြီးစာအုပ်များ

၁။ လကာဖျာအရောင်ရင့်ပါမှ
၂။ ကွန်းခိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ဒိုင်ယာရီ
၅။ မွေးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး ... ဆူး
၇။ အချစ်၏ရိုက်ခတ်မှု အချိန်၏ပဲ့တင်သံ
၈။ အငိုဆုံး... ရွဲ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ဝိညာဉ်ကကြိုး
၁၁။ မေတ္တာရေတိမ်နစ်မှာစိုး
၁၂။ ဆက်ထုံးပြေသောနေ့
၁၃။ အသည်းကွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့်အချစ်လေပြည်
၁၅။ အက်ဆစ်အဖွ
၁၆။ ရင်ဂိုးမြစ်
၁၇။ ကြည်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်သြဘွဲ့ညို
၁၉။ လအချိုးကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ
၂၁။ ပန္နပွင့်၏နောက်ကွယ်
၂၂။ ကာရံလွဲဇာပြဟာမှသည် အချစ်လမ်းလွှဲဆီသို့
၂၃။ ဆူးလေ့ကား
၂၄။ ဘဝအထာနှင့် နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကို ဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲမိုး
၂၇။ ဖယောင်းတိုင်
၂၈။ မည်မျှခြင်း၏တစ်ဖက်စီမှာ
၂၉။ အဓိပ္ပာယ်မဲ့မျှော်လင့်ခြင်း
၃၀။ သံယောဇဉ်ငြိမ်း(ပုလဲရတုအထိမ်းအမှတ်)



၃၁။ မှုပိုင်နှလုံးသား
၃၂။ သက်တံရောင်ခြယ်နှလုံးသားစုတ်ချက်များ
၃၃။ အချစ်ဖြင့်ပြီးပြည့်စုံသော
၃၄။ အတူတူမသက်ဆိုင်ခဲ့ရင်
၃၅။ နားလည်ကြေး
၃၆။ မြားနတ်မောင်၏ နှစ်ဆယ့်တစ်ရာစုလက်နက်
၃၇။ ဣန္ဒြေကိုတောင်ပံခတ်မိတဲ့အခါ
၃၈။ ရာဇဝင်မရှာဘဲ့ကဗျာ(လပ်ကီးဘော့စ်)
၃၉။ နှလုံးသားကံစမ်းမဲ(အောင်ကိုင်းကျော်)
၄၀။ ချစ်သူ သူရဲကောင်း
၄၁။ မချစ်ဘဲလက်ထပ်ရဲတယ်
၄၂။ လူပျိုကြီးရဲ့ဖူးစာ
၄၃။ အစွန်းရောက်ပန်းပုများ
၄၄။ အချစ်၏ခြေရင်းဝပ်စင်းရသောအမုန်း(ဆောင်ညပြာသိုဗီဒီယို)
၄၅။ ရပ်ကွက်ထဲကမင်္ဂလာပွဲ(လပ်ကီးဆဲဗင်းဗီဒီယိုမှဝယ်ယူပြီး)
၄၆။ သန်းခေါင်ယံတိုင်း တစ်ရေးနိုးတတ်ခဲ့တယ်
၄၇။ နှလုံးသားကိုဆင်ဆာမဖြတ်ပါနဲ့
၄၈။ အချစ်ကဒါးသည်
၄၉။ ရွှေရတုဒွိဟ
၅၀။ အသည်းတစ်ခြမ်းမှာ မိုးရွာနေတယ်
၅၁။ ချစ်တယ်ဆိုရင်မျက်စိမှိတ်(သင်္ကေတဗီဒီယိုမှ ဝယ်ယူပြီး)
၅၂။ အချစ်ရှော်ဝန်းနှင့်မကောင်းသူများ(ခရေဖြူဗီဒီယိုမှ ဝယ်ယူပြီး)
၅၃။ တော်ဝင်ယောကျ်ား
၅၄။ လရောင်အေးရိပ် ချွေးတိတ်ပါစေ ချစ်သူ
၅၅။ ချောင်းသာဖူးစာ
၅၆။ ပထမဘာန်းစား
၅၇။ ယောကျ်ားဆိုးအမုန်း
၅၈။ သတင်းထောက်မလေး
၅၉။ ဆော်ကြည်ဘဲနှင့်ချူဆီဂဲလ်(ရွှေတောင်ရတနာ ဗီဒီယို)
၆၀။ မိုနို

<u>ယခုလ</u>

www.burmeseclassic.com

ရွှန်းရမီမိုး
အကွက်ရှေ့ကြသူများ
၂၀၁၅ ခုနှစ်၊ မေလ၊ ပထမအကြိမ်
**တန်ဖိုး**
၁၀၀ ကျပ်
**အုပ်ရေ**
၅၀၀
**ထုတ်ဝေသူ**
ဒေါ်ဝင်းမင်းအိ (၀၀၈၅၇) မှူးပြည့်သျှန်စာပေ
အမှတ်-၉/၁၁၊ ၈လွှာ(ဂ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်းမ)
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
**ပုံနှိပ်သူ**
ဒေါ်လှလှစိန် (၀၀၀၀၄) သီဂီရွှေစင်ပုံနှိပ်တိုက်
အမှတ်(၁၅၈)၊ (၃၁)လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ရွှန်းရမီမိုး ၈၉၅.၈၃
အကွက်ရှေ့ကြသူများ ရွှန်းရမီမိုး(ရန်ကုန်)
မှူးပြည့်သျှန်စာပေ၊ ၂၀၁၅
၂၄၀-စာ၊ ၅ x ၇ လက်မ။
အကွက်ရှေ့ကြသူများ



ည ...။

အေးချမ်းစွာ မှောင်နေသည်။ မနေ့ကနှင့် ဆန့်ကျင်စွာ ပုံမှန်အတိုင်း တိတ်ဆိတ်သွားသည်။

မနေ့ကလား ...။ ပုံမှန်မဟုတ်တဲ့ ညပေါ့။ ဆူညံစွာ စည်ကားခြင်းတွေနဲ့ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မနေ့ကညက နယူးရီးယားည ဖြစ်နေလို့လေ။ နှစ်သစ်ကို ကြိုဆိုတဲ့ည ဖြစ်နေလို့ပေါ့။

ညသန်းခေါင်မှာ အုန်းအုန်းကျွက်ကျွက် ဆူညံကြတဲ့ညပေါ့။ တစ်နည်းပြောရရင် အစားအသောက်တွေ အဆိုအကတွေနဲ့ ဆူညံကြတဲ့ည။ တချို့ကျတော့လည်း ဘာမှတောင် မသိလိုက်ပဲ အိပ်ပျော်သွားသူတွေလည်း ရှိပေါ့။

ဒီညကျတော့ ပုံမှန်ဖြစ်သွားတာပဲ။ မနေ့က သောင်းကျန်းခဲ့တာတွေ မနေ့ကပဲ ကျန်ခဲ့ပါပြီလေ။

www.burmeseclassic.com



တကယ်တော့ နှစ်ကူးတဲ့ စက္ကန့်မှ မဟုတ်ပါဘူး လေ။ စက္ကန့်တိုင်းက အသစ်တွေချည်းပါပဲ။ စက္ကန့်ဆိုတာ ဘယ်တော့မှလဲ နောက်ပြန်မလှည့်တတ်ဘူး။ အမှန်တရားဆိုတာလည်း ဘယ်တော့မှ နောက်ပြန်မလှည့်တတ်ပါဘူး။

ဖြုန်းခနဲ မီးပျက်သွားသည်။

“ဟာ”

“ဟင်”

မီးပျက်ပြီးပြီးချင်း ...

“အင်ဗာတာ ချိန်းလိုက်ပါဦး”

ဘယ်သူ့ကိုခိုင်းတာမှန်း မသိ။ အမေ့အသံ ထွက်လာသည်။ အိမ်မှာ အဖေရယ်၊ အမေရယ်၊ ချစ်ဦးကိုရယ် သုံးယောက်ပဲရှိတာလေ။

“ခွီး ... ဖောက်”

“အမယ်လေး”

“ဟဲ့”

“ဖောင်း ... ဖောင်း ... ဖောင်း”

အိမ်ထဲမှာ မီးရှူးမီးပန်းတွေ တဖောင်းဖောင်း ပေါက်နေသည်။





“ချစ်ဦးကို ... ချစ်ဦးကို”

မေမေ့အသံကြီး ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ချစ်ဦးကိုတို့က နောက်ဖေးတံခါးပေါက်ကနေ လစ်သွားပြီ။

“ကိုမြင့်ကို ... ရှင့်သားရော”

“မသိဘူး၊ ငါလည်း ဒီမှာ အင်ဗာတာ ထွန်းကြည့်နေတာ မရလို့”

“ဘယ်ရမလဲ၊ ဘေးအိမ်တွေ မီးမပျက်ဘဲ ကျုပ်တို့တစ်အိမ်ပဲပျက်တာ။ ရှင့်သား မိန်းချသွားသလား။ ဖျူ့စ်တွေ ဖြုတ်သွားလား၊ တစ်ခုခု လုပ်သွားရောပေါ့”

“ဓာတ်မီးရော”

“ကျုပ်လက်ထဲမှာ အားမရှိလို့”

“ဒါဆိုလည်း ဖယောင်းတိုင်ထွန်း”

“ဖယောင်းတိုင် ကုန်နေတယ်၊ မီးအိမ်လည်း အားမသွင်းရသေးဘူး။ ရှင်လည်း မှောင်ထဲ ရမ်းသမ်းလုပ်မနေနဲ့၊ ဓာတ်လိုက်နေမယ်”

“ဖုန်းယူလိုက်။ ဖုန်းကမီးနဲ့ လုပ်မယ်။ ခွေးမသားလေး လာပစေဦး”



www.burmeseclassic.com

www.burmeseclassic.com



"တော် ဘယ်လိုဆဲနေတာလဲ။ တော့်ဘာသာတော့်သားဆဲ။ ကျုပ်ကို မထိခိုက်စေနဲ့။ ဟင်း ... သင်းတော့ လာပစေဦး"

"မိန်းချသွားတာ"

မီးပြန်လင်းလာတော့မှ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ...

"မင်း,သားကွာ"

"ရှင့်သား ... ရှင့်သား"

"သားတစ်ယောက် ရှိပါတယ် အေးဆေးကို မနေရဘူး။ အပြင်မှာ သူများကို ဒုက္ခပေးရင်ပေး၊ မဟုတ်ရင် အိမ်က မိဘတွေကို ဒုက္ခပေး။ ဘယ်လိုနက္ခတ်နဲ့ မွေးလာမှန်းကို မသိဘူး"

အစအနောက်သန်သော သားဖြစ်သူကို စိတ်ပျက်နေကြသည်။ ခုလည်း မိန်းချကာ မီးမှောင်အောင်လုပ်ပြီး မီးရှူး မီးပန်းတွေဖောက်ကာ မိဘတွေကို စတာ။

ဦးမြင့်ကိုက ဒေါ်မေသန်းကို ရေခပ်တိုက်သည်။

"ရော့ ... ရေသောက်ကြည့်လိုက်"

"တော့်သားနဲ့ ကြာရင် ကျုပ်နှလုံးရောဂါရမယ်"



BURMESE CLASSIC



"မင်း,သားကို ငါလည်း ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူးကွာ"

ဦးမြင့်ကိုနဲ့ ဒေါ်မေသန်းတို့ တော့်သား မင်း,သားနဲ့ သားဖြစ်သူကို မေတ္တာထားနေကြပါသည်။

မနက်ကလည်း ဟိုဘက်ခြံကို တောင်းပန်ရပြီးပြီ။ မနေ့ညက သူတို့ခြံထဲ ဖြောက်အိုးတွေ ပစ်ဖောက်သွားလို့တဲ့။

ကျီစားသန်က ရန်များ၏တဲ့။ သားက ငယ်ငယ်လေးတည်းက ပျော်ပျော်နေကာ သူတစ်ဖက်သားကို စနောက်တတ်တာ အကျင့်ဖြစ်နေသည်။ စ,စရာလူ ရှာမရရင် မိဘကို ပြန်စသည်။ မွေးချင်းမရှိတော့ အပေါင်းအသင်းကိုလည်း ခင်သည်။ စတတ် နောက်တတ်တာကလွဲရင် စိတ်ရင်းလေးတော့ ကောင်းပါ၏။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည်"

"ကုဋေရှင်ပါ"

"ဒီမှာ မှတ်ပုံတင်ထဲမှာက မသိန်းရှင် ဆိုပါလား"

"အဲဒါက မှတ်ပုံတင်ထဲက နာမည်လေ။ ကုဋေရှင်ဆိုတာက တကယ့် နာမည်ရှင့်"

"ဘွဲ့လက်မှတ်တွေမှာလည်း မသိန်းရှင်ပဲလေ"

"ဟုတ်ပါတယ်။ ကုဋေရှင် ဆိုတာက နောက်မှပြောင်းထားတဲ့ နာမည်ရှင့်"

"ကောင်းပြီလေ၊ မင်းကို အလုပ်ခန့်မခန့် အကြောင်းပြန်လိုက်မယ်၊ ဟုတ်ပြီနော်။ နောက်တစ်ယောက် ဝင်မယ်"

ကုဋေရှင် ထထွက်လာလိုက်သည်။

"ဟွန်း ... ကုဋေရှင်ဆို ကုဋေရှင်ပေါ့။ အမေတို့ကလည်းလေ။ ဘာလို့များ ငါ့ကို ဒီနာမည်တုံးတုံးကြီး ပေးသွားပါ





လိမ့်။ မသိန်းရှင်တဲ့။ အောက်လိုက်တာ။ ဟင်း ...။ ကုဋေရှင်ပါဆိုတာကို သတင်းစာထဲကို ထည့်ကြော်ငြာထားလည်း လူတွေက မသိန်းရှင်ပဲ၊ ခေါ်ချင်ကြတယ်၊ ငါတော့ သေချင်တာပဲ"

မသိန်းရှင် ခေါ် ကုဋေရှင် တစ်ယောက် ပွစိ ပွစိ ရွတ်ကာ အင်တာဗျူးသည့် ရုံးခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

သူမနာမည် မသိန်းရှင် ဆိုတာကြီးကိုအောက်လို့၊ တုံးလို့ဆိုပြီး သူမဘာသာပဲ နာမည်ပြောင်းထားတာပါ။ ကုဋေရှင်လို့။ သတင်းစာထဲ ထည့်ကြော်ငြာထားသလို အသိတွေကိုလည်း နာမည်ပြောင်းပွဲလုပ်ကာ ကျွေးမွေးပြုစုပြီးပြီ။ စားတုန်းကသာ သွားအဖြံသားနဲ့ စားသွားကြတာ။ နာမည်ကိုတော့ ပြောင်းမခေါ်ကြ။

သူမအဖေကတော့ သူမကို ဆူသည်။

"နာမည်ဆိုတာ ပညတ်ပါ သမီး။ ဒါပေမဲ့ ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသလို နာမည်ကို နေ့နံ နက္ခတ်တွေနဲ့ အကောင်းဆုံး တွက်ချက်ပေးရတာ သမီးရဲ့။ ဒီသံ အနိမ့်အမြင့် အတက်အကျ ဆိုတာတွေလည်း ရှိသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်ငယ်က တခြားနာမည်တွေ ပေးဖူးတယ်။ ဒါပေမဲ့ နာမည်များတော့ သမီး ခဏ ခဏ နေမကောင်းဖြစ် ချူချာလွန်းလို့ ဗေဒင်ဆရာနဲ့ သေချာတွက်၊ ပုဏ္ဏားတွေနဲ့ ဓာတာတွေသေချာဖွဲ့ပြီး ဒီနာမည်ကိုပေးလိုက်မှ ငါ့သမီး ကျန်းမာလာတာ။ မသိန်းရှင် ဆိုတဲ့နာမည်က သမီးနဲ့ အလိုက်ဖက်ဆုံးပါပဲကွယ်"

"အို ... မရဘူး။ သမီး ဒီနာမည်ကြီး မကြိုက်ဘူး။ တုံးလွန်းလို့။ သမီးကတော့ ကုဋေရှင်ပဲ"

သူကိုယ်သူမလည်း ကုဋေကလေ ကုဋေကလေဟု ထည့်သုံးကာ နာမည်ကို အတင်းပြောင်းတော့သည်။

မသိန်းရှင်ဟာ မွေးရာပါဗီဇကိုက ကြွားဝါတတ်တဲ့ ဗီဇကလေး ပါလာသည်။

တစ်ခုခုဆို ကြွားလို့မဆုံးတော့။ ထို့ကြောင့် သူမ အကြောင်းသိသူ တချို့က ကြွားစိန်မဟု ကွယ်ရာမှာ ခေါ်လေ့ရှိကြသည်။

ဘယ်လောက်ထိများ ကြွားသလဲဆိုရင် ...

"ဟဲ့ ... ငါ့အဖေက အရမ်းစွံတာဟဲ့ သိလား"





"ဘာလို့လဲ"

"ဒီလမ်းထဲက အပျိုကြီးတွေက ငါ့အဖေကားပဲ ကပ်စီးကြတာလေ"

"နင်ကလည်း၊ သူတို့က တစ်လမ်းတည်းသားချင်း မာတ်သိတွေမို့လို့ နင့်အဖေရုံးကားကို လိုက်စီးတာပါဟဲ့"

သူမ ပြောတာတွေကို ပြန်ကြွားတဲ့ အပျိုကြီးတွေမှာ ဆတ်ဆတ်ခါ နာကုန်ကြကာ သူမအဖေ ရုံးကားကို လိုက်မစီးကြတော့။ ကြွားစိန်မတို့က အဲလို။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဘာလဲ ... ချစ်ဦးကိုနော် ... ငါ ခေါင်းကိုက်နေတယ် နော်။ အေးဆေးနေ"

"အမေကလည်း အကောင်းပြောမလို့ပါဗျ"

"အဲလို ပြောလေ၊ ပိုကြောက်လေပဲ"

"အမေကလည်း၊ သား တကယ်အရေးကြီးတာ ပြောမလို့"

"ကဲ ... ဘာလဲပြော။ မဟုတ်တာ ပြောလို့ကတော့ နင် သေမယ်မှတ်"

"အမေကလည်းဗျာ၊ တကယ်ပြောမှာပါ။ ဟိုဘက်ခြံက ဒေါ်တရုတ်မလေ အမေ မရှိတုန်း ဆန်သုံးပြည် လာချေး သွားတာ။ ပြန်လာမဆပ်သေးဘူး။ သား သွားတောင်းလိုက် ရင် ကောင်းမလား မသိဘူး"





"ဟုတ်ရော ဟုတ်ရဲ့လား ချစ်ဦးကိုရယ်"

"တကယ်ပါ အမေရဲ့။ အဲဒီ ဒေါ်တရုတ်မကြီးက ချေး တုန်းကချေးပြီးမှ မသိချင်ယောင် ဆောင်နေတယ်၊ သား ကလည်း တောင်းရမှာ အားနာလို့"

ဒေါ်မေသန်းမှာ ဆန်သုံးပြည်ကိုလည်း နှမြော။ သွားတောင်းဖို့ကျတော့လည်း ချစ်ဦးကိုက မဟုတ်ဘဲ ချောက်ချ တာမျိုး ဖြစ်နေမှာစိုး၍ စိတ်ထဲမှာ ဝေခွဲမရ။ မတင်မကျ ဖြစ်နေ သည်။

"ချစ်ဦးကို ဒီကိစ္စ နောက်စရာ မဟုတ်ဘူးနော်။ အိမ်က ဆန်က ပေါ်ဆန်းအကောင်းဆုံးကို ဝယ်ထားတာ။ ဆန် ချေးက နည်းတာမဟုတ်ဘူး"

"တကယ်ပါဆို အမေကလည်း"

"မတရုတ်မတို့က ဆန်ကို အိတ်လုံးခွဲဝယ်စားတာပါ။ တစ်ခါမှလည်း ချေးဖူး ငှားဖူးတာ မဟုတ်"

"သြော် ... အမေကလည်း အဲဒီနေ့က ဆန်မှာထားတာ ညနေမှ ရမှာမို့လို့ ညနေပြန်ဆပ်မယ်လို့တောင် သေချာ ပြောသွားသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ညနေ ပြန်ဆပ်မှာကို သုံးပြည်တောင် ချေးမလား။ သူတို့မှာရှိတာမှ မိသားစုလေးယောက်။ တစ်ရက်ထဲ သုံးပြည်ကုန်မလား၊ ပြောရင်းနဲ့ ပေါ်လာပြီ။ ချစ်ဦးကို … အမေ ခေါင်းကိုက်နေတယ်လို့ပြောတာတောင် နင်မအေကို စဖြစ်အောင် စသေးတယ်နော်"

"ဟဲ ဟဲ … ပျင်းလို့ပါ မေမေရယ်။ အမေ ခေါင်းကိုက်ရင် သားနှိပ်ပေးမယ်လေ"

"အေး … ဇက်ကြောလေးပါ ဆွဲပေးစမ်း သားရယ်"

ချစ်ဦးကို အမေ့ကို သေသေချာချာ နှိပ်ပေးနေသည်။ နားထင်ကြောတွေတောင် ထောင်နေသည်။ အမေ ခေါင်းတော်တော်ကိုက်နေတယ် ထင်တယ်။

"အမေ ခေါင်းတော်တော်ကိုက်နေလား"

"အေး"

"သား ဆေးသွားဝယ်ပေးရမလား"

"မျက်လုံးကြောင့် ထင်ပါတယ် သားရယ်။ ခုတလော မျက်လုံးတွေ ဝေဝါးဝါးနဲ့ ကြည့်မကောင်းဘူး"

"ဒါဆို မျက်စိသွားစမ်းသပ်ကြည့်ပါလား အမေ"





"ခုတလော ပိုက်ဆံပါးနေတယ် သားရဲ့။ လကုန်လို့ လစာထုတ်ပြီးမှပဲ သွားစစ်ကြည့်ပါမယ်"

အမေ့ကို နှိပ်ပေးပြီး လက်ဖက်ရည်ဖိုး တောင်းမယ့် အစီအစဉ်ကို တိတ်တဆိတ် ရုပ်သိမ်းလိုက်ရသည်။

သူလည်း အဝေးသင်တက်ရင်း ရပ်ကွက်ထဲ လည်ငြိန်စား မုန့်ဖိုးတောင်း လုပ်နေတာ ကြာပြီ။

အလုပ်တစ်ခုခု လုပ်ဦးမှပါ။အဖေနဲ့အမေရဲ့ အစိုးရဝန်ထမ်းလစာလေးတွေနဲ့ ရပ်တည်နေရတာ သိပ်တော့မချောင်။ တစ်ခုပဲ။ ဖေဖေက ဆန်ကိုတော့ ကောင်းကောင်းကြိုက်သည်။ ဟင်းမကောင်းရင် ငါးပိရည်ပဲဖြစ်ဖြစ် စားသည်။ ထမင်းကတော့ ပေါ်ဆန်းမွှေးမွှေးလေးမှ ကြိုက်သည်မို့ လကုန်တာနဲ့ဆန်ကိုအရင်ဝယ်ရသည်။

"သား ဘာတွေစဉ်းစားနေတာလဲ။ ဘယ်သူ့ကို ဘာတွေ ဒုက္ခပေးဦးမလို့လဲ သားရယ်"

"မဟုတ်ပါဘူး မေမေရဲ့။ ဘာမှ မစဉ်းစားပါဘူး။ အမေ သက်သာလား"

"အေး … အေး … အမေ့ကို ကွမ်းယာဆိုင်က ကွမ်းရွက်ကလေး တစ်ရာဖိုးလောက် သွားဝယ်ပေးစမ်း သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ အမေ"

"အမေ မျက်လုံးကို ကပ်ချင်လို့။ ကွမ်းရွက်ကလေး ပြုတ်ပြီးကပ်ရင် အပူထွက်တယ်တဲ့"

"ဟုတ်ကဲ့ ... အမေ၊ သား သွားဝယ်လိုက်ဦးမယ်"

သူတို့မိသားစုမှာ အပိုသုံးစရာရယ်လို့ သိပ်မရှိပါ။ ကျန်းမာရေးအတွက် ငွေကုန်ကြေးကျများတဲ့လဆို အမေနဲ့အပေါင်ဆိုင် မိတ်ဆက်ရတာလည်း သူ ငယ်ငယ်လေးတည်းကဆိုတော့ ရိုးနေပြီလေ။

ဒါပေမဲ့ အခုတော့ သူ့စိတ်ထဲကို ပိုက်ဆံဆိုတဲ့ အရာက ခလုတ်လာတိုက်နေပါပြီ။ သူ အလုပ် လုပ်သင့်နေပြီ။ ပိုက်ဆံရှာသင့်နေပြီပဲ။

လောလောဆယ် အမေ့မျက်လုံးကို ဆေးခန်းသွားပြပေးချင်လိုက်တာ။

အမေ့ကို ကွမ်းရွက်ဝယ်ပေးပြီး အပြင်ပြန်ထွက်လာလိုက်သည်။

သူ တစ်ခုခု လုပ်ချင်တယ်။ ဘာလုပ်ရင် ကောင်းမလဲ။





လက်ဖက်ရည်သောက်စရာ ပိုက်ဆံမပါ၍ လက်ဖက်ရည်ဆိုင်လည်း ဝင်မထိုင်ချင်သဖြင့် လမ်းထိပ်က ဆိုက်ကားဂိတ်မှာ ထိုင်ငေါင်နေမိသည်။

ဆိုက်ကားသမားတွေကတော့ လက်တောက်ခုံနဲ့ ခယ်တောက်နေကြသည်။

"ချစ်ဦးကို ငြိမ်နေပါလားကွ"

"ဟုတ်တယ်ဗျာ။ ကျွန်တော် အလုပ်လုပ်ချင်လို့။ အလုပ်ရှာဖို့ စဉ်းစားနေတာ"

"အမယ် ... ထူးထူးဆန်းဆန်းပါလားဟ"

"ဟုတ်တယ်ဗျာ၊ ကျွန်တော် အလုပ်လုပ်ချင်တယ်"

"ဟ ... အလုပ်က ထိုင်ရာမထတော့ မရဘူးဟ၊ အလုပ်လိုချင် လိုက်ရှာ။ ထိုင်စဉ်းစားနေလို့တော့ ငုတ်တုတ်မေ့သွားမယ်"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ကုဌေးရှင် ခေါ် မသိန်းရှင်တစ်ယောက် အလုပ်ရသွားပါပြီ။ သာမန်ဘွဲ့လက်မှတ်ကလေးကလွဲရင် တခြားဘာလက်မှတ်မှ မရှိ။ ဘာစကားပြောမှလဲ မတတ်တဲ့ မသိန်းရှင် တစ်ယောက် အလုပ်အကောင်းစားကြီးတွေကို လိုက်လျှောက်ကြည့်သော်လည်း မရဘဲ သာမန်ရပ်ကွက်စတိုးဆိုင်လေးမှာပဲ အရောင်းစာရေးလုပ်လိုက်ရသည်။

အလုပ်ကောင်းကောင်း မရခင် ရရာအလုပ်နဲ့ ဘဝကို ခဏတာတားထိုးထားရသည်လေ။ အလုပ်က မလုပ်လို့ မရတော့ဘူးလေ။ မသိန်းရှင်တို့မိသားစု စီးပွားပျက်နေသည်။ အဖေပဲတွေရင်းလိုက်တာ ရှိသမျှပြောင်တဲ့အပြင် အကြွေးတွေပါ ထပ်တင်နေလို့ အိမ်နဲ့ခြံပါရောင်းပြီး တိုက်ခန်းကျဉ်းလေး ပြန်ငှားနေရတာ။





မသိန်းရှင်က သမီးအကြီးဆုံး။ အောက်မှာ မောင်လေးနှစ်ယောက် ရှိသေးသည်။ ဒီတော့ မသိန်းရှင် တစ်ယောက် အလုပ်မဖြစ်မနေ လိုနေပြီလေ။ မောင်လေးနှစ်ယောက်က ကျောင်းသားတွေဆိုတော့ မသိန်းရှင် သူတို့ကို ငဲ့ရမည်။

ဒါပေမဲ့ အထည်ကြီးပျက်ဘဝက နေရထိုင်ရတာ ခိုးလိုးခုလု နိုင်လှသည်။ နဂိုတည်းက ကြွားဝါတတ်တော့ ပိုဆိုးသည်။ ပတ်ဝန်းကျင်အဟောင်းက ပြောင်းလာပြီး နာမည်ပါ ပြောင်းပစ်ခဲ့သည်။ ပတ်ဝန်းကျင်အဟောင်းက လူတွေနဲ့လည်း မတွေ့ချင်ပါ။

"ကုဌေးရှင်ရေ ... စတော့တွေ သေချာစစ်နော်။ ကိုယ်တာဝန်ယူထားတဲ့ ကောင်တာမှာ ပစ္စည်းပျောက်လို့ကတော့ လျော်ရပြီသာမှတ်"

"လျော်ရမယ်"

"အေးပေါ့ ... လျော်ရတယ်"

"ဒုက္ခပါပဲ၊ ပျောက်ရော ပျောက်တတ်လားဟင်"

"ပျောက်တတ်တာပေါ့။ မလျော်ရတဲ့လကို မရှိဘူး။ နည်းနည်းနဲ့ များများပဲ ကွာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ"

လျော်ရမှာကြောက်၍ သေချာကြည့်နေရသည်။ လကုန်ရင် လစာအပြည့် ရချင်သည်။ လစာလျော့လို့ မဖြစ်။

ဒါပေမဲ့ လကုန်တော့လည်း လျော်ရတာပါပဲ။ အလုပ်သစ်ရှာဖို့ကလည်း ပိတ်ရက်က တစ်ပတ်မှ နေ့တစ်ဝက်ပဲ ရတာမို့ မဖြစ်နိုင်။ ဒီတော့ ကုဋေရှင် တစ်ယောက် အလုပ်ထွက်လိုက်သည်။

❦ ○ ❦



သတင်းစာ၊ ဂျာနယ်တွေထဲက အလုပ်ခေါ်တဲ့ ကြော်ငြာတွေကို ကြည့်လိုက်ရင် ဆယ်တန်းအောင် မပြောနဲ့ ဘွဲ့ရတွေတောင် ရိုးရိုးဘွဲ့ရတွေအတွက် အလုပ်ရှားပါးနေတဲ့ အခြေအနေ ဖြစ်နေသည်။

ကြော်ငြာတစ်ခုမှာများ စားသောက်ဆိုင်မှာ စားပွဲထိုးခေါ်တာ ဘွဲ့ရမှတဲ့။ ပန်းကန်ဆေး၊ သန့်ရှင်းရေးခေါ်တာ ဆယ်တန်းအောင်မှတဲ့။ ရင်နာစရာ။

တကယ်တမ်း လိုက်ရှာကြည့်တော့ အလုပ်တော်တော်ရှားမှန်း သိလိုက်ရသည်။

ချစ်ဦးကိုတစ်ယောက် လောကမှာ ရှိရှိသမျှကို ဈေးစရာလို့သာ မြင်ခဲ့တာ။ အခု အလုပ်ရှာရခက်လို့ စိတ်ညစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တစ်နေ့ ဆိုက်ကားဂိတ်မှာပဲ သွားထိုင်ကာ ငူငိုင်နေမိသည်။

"ကောင်လေး ... မင်းအလုပ်ရှာနေတာ မရသေးဘူးလား"

"ထီးဖြူပြီး ဖိနပ်ပါးတာတောင် ရပါ့မလား မသိဘူးဗျာ"

"မင်းက ဆယ်တန်းအောင် အဝေးသင်ကျောင်းသား မင်းမိဘတွေကလည်း အစိုးရဝန်ထမ်းတွေဆိုတော့ မင်းအနေအထားက ဆန်ကောစက ဖြစ်နေတာကိုးကွ။ ငါ့အုံနာဆီမှာ နင်းမယ့်သူ မရှိလို့ ပိုနေတဲ့ ဆိုက်ကားတွေ ရှိသဗျာ။ ဒါပေမဲ့ အဲဒီအလုပ်မျိုးကကျတော့ မင်းအနေအထားနဲ့ လုပ်ချင်မှာ မဟုတ်ပြန်ဘူး။ သတင်းစာပို့တဲ့ အလုပ်ဆိုလည်း ဂုဏ်မယ်တယ်လို့ ထင်မှာပဲ။ တကယ်တော့ ဟကောင်ရေ။ ရေခဲရေရောင်းတဲ့ကောင်က ဘွဲ့ရပညာတတ်တွေရဲ့ လစာထက် ပိုဝင်ငွေကောင်းသဗျာ။ မင်းက အလုပ်လိုက်ရှာနေတာ မဟုတ်ဘူး။ ဂုဏ်ကိုလိုက်ရှာနေတာ။ အလုပ်တွေများပေါလို့။ ဟေ ဟေး။ မင်းရှာတဲ့ ဂုဏ်သရေရှိ အလုပ်ထက်တောင် ဝင်ငွေကောင်းသေး"

"ဟုတ်တော့လည်း ဟုတ်ပါတယ်ဗျာ။ ဒါနဲ့ ဦးလေး ဆိုက်ကားနင်းတာ ဘယ်လောက်ရလဲ"





"အုံနာခနဲ့ ကွမ်းဖိုး ဆေးဖိုး နုတ်ပြီးရင် ငါ့အတွက် ခုနစ်ထောင်နဲ့ တစ်သောင်းကြားတော့ ကိုက်တယ်ကွ။ နေ့စဉ်ထွက်နင်းနိုင်ရင် တစ်လကို နှစ်သိန်းနဲ့ သုံးသိန်းကြားတော့ အသာလေး မောင်ရေ။ မောင်တို့ ဘွဲ့ရတွေ လစာကိုမီသဗျာ။ တစ်ခုတော့ ရှိတာပေါ့လေ။ ကျုပ်တို့ကတော့ လူပင်ပန်းတာပေါ့။ ခွန်အားစိုက်ထုတ်ပြီး လုပ်ရတာကိုး။ ပညာဆိုတဲ့ အေးရိပ်မရှိတော့လည်း နေပူထဲ ရုန်းကန်ရတာပေါ့။ ကျုပ်တို့လို လူတွေအတွက်သာ အလုပ်မရှားတာ။ ပညာတွေသင်ထားတဲ့ ကိုယ့်လူတို့အတွက် တော်တော်အလုပ်ရှားနေတာပဲ။ လှောင်တာတော့ မဟုတ်ဘူးကွာ။ တွေးကြည့်ရင် ရယ်စရာကောင်းလို့ပါ"

"ဟုတ်တယ်ဗျာ၊ ကျွန်တော့်အဖြစ်က ဖော်ကန့်လန့်ပါ။ အမေတို့ကို ကိုယ်ရှာလို့တဲ့ ဝင်ငွေလေး ပြန်ပေးချင်လို့ အလုပ်ရှာနေကာမှ ရှားလိုက်တဲ့အလုပ်"

"အင်း ... မိဘကို ဦးထိပ်ထားတဲ့အတွက် မင်းအဆင်ပြေမှာပါကွာ။ ဒါနဲ့ မင်း ဒီနေ့ အလုပ်သွားမရှာဘူးလား"

"ဒီနေ့က တနင်္ဂနွေလေဗျာ။ အလုပ်ပိတ်ရက်ကြီးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အြော် ... အေးပေါ့။ ငါတို့မှာတော့ ပိတ်ရက်မရှိပါဘူး ကွာ။ လုပ်နိုင်ရင် ထလုပ်လိုက်တာနဲ့ မလုပ်နိုင်တဲ့ အချိန် ရပ်။ ငါတို့ ပိတ်ရက်က ငါတို့ဘာသာ ဖန်တီးမှရတာ ဟေ့ ဟေး ဟေး"

ဆိုက်ကားသမားတွေ တဟားဟား လုပ်နေတာ သူတို့ သိပ်ပျော်နေလို့လား။

❦ ○ ❦



"မောင်ချစ်ဦးကို"

ချစ်ဦးကို အင်တာဗျူးခန်းထဲဝင်ဖို့ သွားရတာ ရင်တွေတောင် တုန်သည်။ ရှားရှားပါးပါး အင်တာဗျူး အခေါ်ခံရတာမို့ ဒီအလုပ်ကလေးကို ရချင်ပါသည်။

သူတို့အလုပ်က လမ်းညွှန်စာအုပ်အတွက် ဒေတာကောက်ရမယ့် အလုပ်ပါ။

ဆယ်တန်းအောင်တွေပါ ခေါ်တာမို့ သူ ရနိုင်သည်။ ဒီအလုပ်က ပညာအရည်အချင်းထက် ရုပ်ရည်ကို အဓိကဦးစားပေး ခေါ်တာမို့ သူ ရနိုင်ပါသည်။

သူ့ကိုယ်သူ ရုပ်ရှိသည်ဟုတော့ ထင်မိသည်။ ခေါ်တာတောင် အရပ်အမောင်း သတ်မှတ်ချက်နဲ့ အရပ်မြင့်ခဲ့သူတွေပဲ ခေါ်သည်။ ကြော်ငြာဒေတာကောက်တာ အရပ်မြင့်ဖို့လို

www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ မသိ။ ကုမ္ပဏီကို အင်တာဗျူးလာဖို့ ရောက်လာသူအားလုံး အရုပ်မြင့်မြင့်တွေချည်းပဲ။

ကုမ္ပဏီဝန်ထမ်းတွေ အားလုံးလည်း ဖြူဖြူမြင့်မြင့် ရုပ်ရည်သန့်သန့်တွေချည်းပဲ။

"လာ ... ထိုင်"

မန်နေဂျာက သူ့ကိုစိုက်ကြည့်ကာ ...

"ရန်ကုန်တစ်မြို့လုံး လိုင်းကားစီးပြီး သွားတတ်လား"

"သွားတတ်ပါတယ် ခင်ဗျာ"

စိတ်ထဲမှာတော့ ပါးစပ်ပါ ရွာရောက်ပါတယ်ဟု ပြန်ဖြေနေမိသည်။

"တို့အလုပ်က စိတ်ရှည်ရမယ်နော်။ ပြီးတော့ လူပေါင်းစုံနဲ့ ဆက်ဆံရမယ်။ သူတို့ဆီက ဒေတာမပေးချင်တာတောင် ပေးချင်လာအောင်ပြောပြီး တောင်းတတ်ရမယ်။ လူရော စိတ်ပါ ပင်ပန်းမယ်။ အပင်ပန်းခံနိုင်ပါ့မလား"

"ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျ"

"ဘာလို့ ဒီအလုပ်ကို လာလျှောက်တာလဲ"

"ကျွန်တော့်မိဘတွေကို လုပ်ကျွေးချင်လို့ ကျွန်တော် အလုပ်တစ်ခု မဖြစ်မနေ လိုချင်လို့ပါ"





"ကောင်းပြီလေ။ ဒါဆိုရင် မင်း မနက်ဖြန်ကစပြီး အလုပ်ဆင်းလို့ရပြီ"

"ဗျာ"

"မင်းကို အစမ်းခန့်သုံးလ ခန့်လိုက်မယ်။ အဆင်ပြေရင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်မယ်"

"ဟုတ်ကဲ့ပါ။ ကျေးဇူးပါခင်ဗျာ"

"သွားလို့ရပြီ။ နောက်တစ်ယောက်ခေါ်"

သူ ထွက်လာတော့ ...

"ကုဋေရှင် ဝင်လို့ရပြီ"

ဟု ခေါ်သံကြားလိုက်သည်။ နာမည်က လန့်ထွက်နေတာမို့ ယောကျ်ားလေးမျက်စိက အကြည့်တွေ အလိုလိုရွေ့၏။

ပိန်ပိန်ရှည်ရှည် ဖြူဖြူပါးပါး ကောင်မလေးတစ်ယောက်။

နာမည်နဲ့တော့ သိပ်မလိုက်သလိုပဲ။

ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုတော့ရပြီ။

အမေ့ဆီ ဖုန်းဆက်ကာ သူ အလုပ်ရကြောင်းလှမ်းပြောတော့ အမေလည်း ဝမ်းသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အမေရိကန်ဗီးရှင်းရှေ့သွားကာ ပါဝါမျက်မှန် လှလှလေးတွေတောင် သွားကြည့်ထားလိုက်သည်။ အမေ့ကို ဝယ်ပေးဖို့ပါ။

ကုဋေရှင် ဆိုသော ကောင်မလေးရော အလုပ်ရ လားမသိ။ နာမည်နဲ့ တစ်စက်မှမလိုက်ကာ ကုဋေရှင် ဆိုသော နာမည်နဲ့လိုက်အောင် မနေလို့ကတော့ စချင်စရာကြီး ဖြစ်နေမှာ။ ထိုကောင်မလေး အလုပ်ရပါစေဟု မဆီမဆိုင် ဆုတောင်းနေမိသေး သည်။

❦ ○ ❦





အစမ်းခန့်ဝန်ထမ်းတွေက သူတို့ယူနီဖောင်း မဝတ် ရသေးပါ။ အဆင်ပြေတာ ဝတ်လို့ရသည်။ သူကတော့ အသပ် ရပ်ဆုံးဖြစ်အောင် သူတို့ယူနီဖောင်းဝတ်သလို စတစ်ကော်လာ နှင့် ပုဆိုးအပြာပဲဝတ်၏။ မိန်းကလေးတွေက အင်္ကျီအပြာနဲ့ ချိတ်ထဘီအပြာလေးတွေကို တစ်ပုံစံတည်း ဆင်တူဝတ်ရသည်။

ကုဋေရှင် ဆိုသော ကောင်မလေးက အချိုးမပြေ စွာ ဘောင်းဘီနဲ့ တီရှပ်ဝတ်လာ၍ သူ မနေနိုင်စွာ သွားသတိ ပေးရသေးသည်။

“ကုဋေရှင် … သူတို့ယူနီဖောင်းက ထဘီတွေလေ။ နင်က လည်း ထဘီပဲ ဝတ်လာပေါ့ဟ။ တော်ကြာ မျက်စိစပါး မွေးစူးပြီး သုံးလပြည့်ရင် ဖြုတ်လိုက်ဦးမယ်”

“အေးနော် … နင် သတိပေးမှပဲ သတိထားမိတော့တယ်၊ နောက်လည်း ငါ့ကို သတိပေးပါ ချစ်ဦးကိုရယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

ဝန်ထမ်းဟောင်းတွေထဲမှာ ရွှေစင်ကြယ် ဆိုသော တစ်ယောက်ကတော့ အရမ်းချောကာ စမတ်လည်းကျ စတိုင်လ်လည်း မိသည်။

သူတို့ရုံးက မိန်းကလေး တော်တော်များများ ဆံပင်ဖားလျားချထားကြသည်။ အတို အရှည် ပုံစံစုံနေသည်။ အဖြောင့် အကောက် ဒီဇိုင်းစုံနေသည်။ ဒါပေမဲ့ မြန်မာဝတ်စုံ ရင်ဖုံးအင်္ကျီနဲ့ အလိုက်ဖက်ဆုံး ဆံပင်ပုံစံကတော့ နောက်တွဲဆံထုံး ပုံပုံကလေးပါပဲ။

ရွှေစင်ကြယ်က ဆံချည်တစ်မျှင်မျှ ဖွာမထွက်အောင် ဆံပင်ကို သပ်သပ်ရပ်ရပ်ကလေး နောက်တွဲထုံးဖွဲ့ကာ ကျောက်စီဆံထိုးလေး ထိုးစိုက်ပန်ထားသည်။

မကျဉ်းမကျယ် နဖူးကလေးက အပြောင်သိမ်းထားပေမယ့် လှနေသည်။

ပုံသွင်းထားတဲ့ မျက်ခုံးတွေက အချိုးအစားကျနလွန်းကာ လှပနေသလို မျက်လုံးမျက်ဖန်ကလည်း ရွှန်းဖြာလှပနေသည်။ နှုတ်ခမ်းက ဖူးဖူးကလေး။





ရယ်လိုက်ရင် ညီညာစီတန်းနေတဲ့ သွားဖြူဖြူကလေးတွေကလည်း အလှတစ်မျိုးပါပဲ။

ကမ္ဘာပေါ်မှာ သွားညီညာလှပမှုကို အလေးထားကြသည်။ ထို့ကြောင့် ရွှေစင်ကြယ် အလှက ကမ္ဘာ့အဆင့်မီ အလှဟုဆိုင် ပြော၍ရပါသည်။

ရွှေစင်ကြယ်ကို Miss ပြိုင်ပွဲတွေ ဝင်ပြိုင်ဖို့တောင် တိုက်တွန်းကြသည်။ အရှက်အကြောက်ကြီးတဲ့ ရွှေစင်ကြယ်က ဘယ်ပြိုင်ပွဲမှ မဝင်ချင်ပါတဲ့။

သူတို့ရုံးမှာတော့ ရွှေစင်ကြယ်က စတားပေါ့။ ဒေတာကောက်ရင် မရတာမရှိ။ သူဌေးကလည်း သူမကို သဘောကျသည်။

သူမတို့ရုံးရဲ့ ကြော်ငြာတွေကိုတောင် ရွှေစင်ကြယ် ရိုက်သည်။

အခြေသတင်းကြီးသည့် ရွှေမင်းသမီးပေါ့လေ။

ချစ်ဦးကိုလည်း ရွှေစင်ကြယ်ကို သတိထားမိသွားသည်။ သူတို့ရုံးထဲက ပုရိသတော်တော်များများလည်း ရွှေစင်ကြယ်တို့ ကျိတ်ပိုးတဲ့သူနဲ့ ပေါ်တင်လိုက်နေတဲ့သူနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခုချိန်ထိတော့ ရွှေစင်ကြယ်ထံမှ ချစ်ခြင်းအကယ်ဒမီကို ဘယ်သူမှ မဆွတ်ခူးသေးပါ။ အားလုံးကို ငြင်းလည်းမငြင်းပါ။

စဉ်းစားပေးမယ့် စောင့်နိုင်ရင်စောင့်။ မစောင့်နိုင်ရင်လည်း ရတယ်တဲ့။ သူမအပြောကတော့ ငြင်းရမှာ အားနာလို့ဆိုပဲ။ သူတို့သူ့ငွေးကလည်း ရွှေစင်ကြယ်ကို ရာထူးမကြာခဏတိုးပေးနေသည်။

❦ ○ ❦





ကုဋ္ဌေရှင်မှာ စနေနေ့ဆို စိတ်ညစ်ရ၏။ ရုံးသွားရမှာလည်း ကြောက်သည်။

ဘာဖြစ်လို့လဲ။

တနင်္လာကနေ သောကြာထိက ရုံးကဆင်တဲ့ ယူနီဖောင်း ဝတ်ရသည်။

စနေနေ့ဆို ကြိုက်တာဝတ်လို့ရသည်။

လစာများတဲ့သူ၊ ဝတ်နိုင်တဲ့သူတွေကတော့ စနေနေ့ကို ကျော်ကြသည်။ စနေနေ့မှာ အလှပဆုံးဖြစ်အောင် အပြိုင်အဆိုင် ဝတ်ကြသည်။

ရွှေစင်ကြယ်က အဝတ်နိုင်ဆုံးပေါ့။ ကုဋ္ဌေရှင်ကတော့ စိတ်ညစ်ရသည်။ ကုဋ္ဌေရှင့်မှာ အဝတ်အစား မဝယ်ဝတ်ရတာ ကြာပါ၊ အရင်ကရှိတဲ့ အဟောင်းတွေကလည်း နွမ်းလာပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကလား။ အရင်က ဝယ်ဝတ်နိုင်တာပေါ့။ ထည်ဆို ထည်လဲ ပေါ်သမျှ ခါးပေါ်ရောက်ပြီးသားပဲ။ အခုတော့ အရင်က ရှိခဲ့တာလေးတွေပဲ ပြန်ကာ လှန်ကာ ဝတ်နေရသည်။

အရင်က ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့ရတာလေ။ ခုတော့ သူ့ဖခင်က သူတို့ဌာနက ငွေစာရင်းကိုင်။

ဌာနငွေတွေ အလွဲသုံးစားလုပ်လို့ဆိုပြီး တရားစွဲခံရသည်။ အမှုရင်ဆိုင်ရတာနဲ့ ကုဋ္ဌေရှင်တို့ ရှိသမျှလည်း ပြောင်တာပါပဲ။ အဖေလည်း ထောင်ကျနေသည်။ ဌာနပိုင်ငွေတွေနဲ့ ပဲတွေ ရင်းပစ်တာ။

အမေနဲ့ မောင်လေးနှစ်ယောက်ရဲ့ ကျောင်းစရိတ်ကို ကုဋ္ဌေရှင်ကပဲ တာဝန်ယူရသည်။ အမေကလည်း အဖေ့စိတ်နဲ့ အိပ်ရာထဲ လဲတော့၏။ အမေ့ခမျာ တစ်သက်လုံး မှီခိုအိမ်ရှင်မ လုပ်လာတော့ ပိုက်ဆံမရှာတတ်တော့။

တော်သေးသည်။

ကုဋ္ဌေရှင်က ဘွဲ့ရလိုက်လို့။ ကုဋ္ဌေရှင်တို့ မောင်နှမတွေက အသက်ကွာတာမို့ သူမ ဘွဲ့ရချိန်မှာ မောင်အလတ်ကလေးက ဆယ်တန်း။ မောင်အငယ်လေးက မူလတန်းပဲရှိသေးသည်။





အိမ်ကလည်း ငှားနေရသည်။ ရှိစုမဲ့စု ကျန်သမျှ ရွှေစအနည်းငယ်လည်း အလုပ်မရခင်စပ်ကြားမှာ ပြောင်ပြီ။

ဒီတော့ အိမ်စရိတ်နဲ့ ကျောင်းသားနှစ်ယောက်စရိတ်အတွက် ကုမ္ပဏီအလုပ်ကို နေ့ဘက်လုပ်။ ညဘက်ဆို အသိ…တ်ချုပ်ဆိုင်က အင်္ကျီတွေယူကာ စီးကွင်းထိုးကြည့်သေးသည်။ …ိမ်မကိုက်၍ မူလတန်းကလေးတွေကို ဂိုက်လုပ်ပေးတဲ့ အလုပ်ပြောင်းလုပ်ကြည့်တော့ မဆိုးပါ။

အိမ်နားက ကလေးတွေကိုစုပြီး စာပြပေးတာမျိုး …ုပ်ကြည့်တော့ အဆင်ပြေတာနဲ့ အိမ်စရိတ် ကာမိသွားသည်။

မောင်အလတ်က ဆယ်တန်းဆိုတော့ ကျူရှင်ထား…ရသည်။ အငယ်ကောင်ကိုတော့ သူမပဲ စာပြပေးရတာပေါ့။

အရင်က ကုဋ္ဌေရှင်က ပိုက်ဆံရှိ သူဌေးသမီးတစ်…ာက်ကို မာနတွေ မိုးထိမြင့်ခဲ့တာပေါ့။ အဖေ့ပိုက်ဆံ ဘယ်…ိုရသလဲ တစ်ချက်မှမမေး။ သုံးချင်တာသုံးနိုင်တာကိုပဲ ဘဝ…ာပ်ကာ တစ်ခုခုဝယ်ပြီးရင် သူငယ်ချင်းတွေကို ကြွားရတာ…ော။

အခုအခြေအနေကတော့ အရင်ဘဝနဲ့ ပြောင်းပြန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို ကိုယ့်မောင်တွေကို စာပြဖို့တောင် စိတ်မရှည်တဲ့ သူမ ပိုက်ဆံအတွက် သူစိမ်းလေးတွေကိုတော့ စိတ်ရှည်လက်ရှည် စာပြတတ်နေပါပြီ။

ဒီလိုအနေအထားမျိုးမှာ အဝတ်အစား အသစ်ဝယ် ဖို့ဆိုတာ ဘယ်လိုမှတောင် စိတ်မကူးရဲပါဘူးလေ။

❦ ○ ❦



"ကုဋေရှင် ဒီစာရင်းက မှားနေတယ်။ သေချာလုပ်လေ။ စိတ်တွေ ဘယ်ရောက်နေလဲ"

ရွှေစင်ကြယ်က စာရင်းမှားတာကို ရိုးရိုးမပြောဘဲ [illegible]ပါးပါးလေး ဂုတ်ခတ်ပြီး ပြောပေမယ့် ကိုယ့်ဘက်က မှားနေ [illegible]မို့ အစမ်းသပ်ခံကာလမှာ ပြဿနာလည်း မဖြစ်ချင်တာမို့ [illegible]အောင့်အည်းကာ သည်းခံလိုက်ရသည်။

ရွှေစင်ကြယ် ဆိုတာက တစ်ရုံးလုံးရဲ့အချစ်တော် [illegible]။ ဒါပေမဲ့ ရွှေစင်ကြယ် ဆိုတဲ့ တစ်ယောက်ဟာ သိပ်ကိုလည် [illegible] စကားတတ်တာတွေကိုတော့ ရက်အနည်းငယ်အတွင်းမှာပဲ [illegible]နေပါပြီ။

မိန်းကလေးချင်းမို့လို့ အကြောသိပါသည်။ ပြီးတော့ [illegible]ထက်လှသော ကိုယ့်ထက်လည်း ဝတ်နိုင်စားနိုင်တာရော

www.burmeseclassic.com



*အားအကျခြင်းတစ်ဖက်၊ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်ခြင်းကတစ်ဖက်* နဲ့ ရွှေစင်ကြယ် အပေါ် မနာလိုလည်း ဖြစ်မိပါသည်။

ရွှေစင်ကြယ်ကလည်း အကြောမခံ၊ အတင်မခံသဲ မသိမသာလေး ဖိနှိပ်တတ်ပါသည်။ ကုဋေရှင်မှာ နဂိုတည်းက ကြွားတတ်သူမို့ တစ်ခါတလေ ခံရတာကို အောင့်အက်သက်နဲ့ ပေါ့လေ။ သူတို့နှစ်ယောက်ကြားမှာ မသိမသာလေး ဖုထစ်လာ သည်။ ဒါပေမဲ့ မသိမသာလေးပါ။ အပေါ်ယံတော့ ပြုံးပြုံးရွှင်ရွှင် ပဲ စိတ်ထဲမှာသာ မသိမသာ ကျိတ်ပြိုင်နေကြတာ။ ပြိုင်တယ် သာ ပြောတာပါလေ။

ကုဋေရှင့် အနေအထားက ပြိုင်ဖို့တောင် အင်အား မရှိပါဘူး။ သူမထက် အဆများစွာသာတဲ့ ရွှေစင်ကြယ်ကို သူမ ပြိုင်နိုင်စွမ်းမရှိသလို သူမဟာ ရွှေစင်ကြယ်ရဲ့ ပြိုင်ဘက်ဖြစ်ဖို့ တောင် အဆင့်မမီပါဘူး။

ဒါကို ရွှေစင်ကြယ်ကလည်း ကောင်းကောင်းသဘော ပေါက်ထားပါသည်။

ကုဋေရှင်လောက်တော့ ခေါင်းထဲတောင် မထည့် ပါ။





မိန်းကလေးတွေကိုသာ နှိပ်ကွပ်တာ။ ယောကျ်ား လေးတွေကိုတော့ ချိုချိုနွဲ့နွဲ့လေး နိုင်းတတ်သည်။ အဲဒါမျိုးဆို ကိုကိုတွေကလည်း အသက်ပင်ပေးရပေးရလေ။

"ချစ်ဦးကိုရေ ... ချစ်ဦးကိုလေး ... မရွှေစင်ကို ဒီစာရင်း လေး လုပ်ပေးမလား"

စသဖြင့် ချစ်ဦးကိုတောင် ငယ်မူပြန်ချင်သွားစေမယ့် အခေါ်အဝေါ်တွေနဲ့ သိမ်းသွင်းပစ်တတ်သူပါ။

"ဒီတစ်ပတ် ရွှေစင် မင်္ဂလာဆောင်လေး ပန်းသွားကြဲပေး စရာရှိလို့ စနေနေ့ ခွင့်ယူမယ်နော်"

မဖြစ်မနေ အကြောင်းအရာတွေပြပြီး မကြာခဏ ခွင့်ယူတတ်သည်။ သူမပြတဲ့ အကြောင်းတွေ တကယ်ရှိ,မရှိ တော့ သူမကိုယ်တိုင်ပဲ သိမှာပါလေ။

ပင်ပန်းရမယ့် အလုပ်ဆို မသိမသာ ရှောင်လွှဲတတ် တာ ပနာယူရမယ့်နေရာ ဆိုရင်တော့ ရှေ့ဆုံးကမို့ ရွှေစင်ကြယ်က နေရာရပါသည်။

မန်နေဂျာတွေကလည်း ယောကျ်ားကြီးတွေဆိုတော့ ရွှေစင်ကြယ် ချိုချိုလေး ပြောလိုက်ရင် အော်တိုခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သား။ သူ့ငွေးကိုယ်တိုင် သဘောကျနေမှန်းသိတော့ ဘယ်သူက ရှား ရွှေစင်ကြယ်ကို ထိရဲဦးမှာလဲ။

ချစ်ဦးကိုတောင် ရွှေစင်ကြယ်ကို ကျိတ်ပြီးသဘော ကျနေသည်။ ချစ်တာ မချစ်တာတော့ မသေချာပေမယ့် ကြိုက် နေတာတော့ သေချာသည်။ သူမပုံစံ ယောကျ်ားတွေ ကြိုက်ချင် စရာကိုး။

❦ ○ ❤





ချစ်ဦးကိုက မရွှေစင် စာရင်းတွေကို ဝိုင်းလုပ်ပေး သည်။

မရွှေစင်က တစ်ရာတန်ကော်ဖီမစ်ထုပ်လေး ပေး သည်။

မရွှေစင်ပေးတဲ့ ကော်ဖီထုပ်တွေကို ဘယ်တော့မှ မသောက်ဘဲ သိမ်းထားမိသည်။

ချစ်ဦးကိုနှင့် ကုဋေရှင်တို့က ရာထူးတူ အလုပ်တူတူ လုပ်ရပေမယ့် ကုဋေရှင်ကိုဆို ဘယ်တော့မှ မကူညီ။

ခုလည်း သူတို့နှစ်ယောက်နဲ့ မရွှေစင် ဗိုလ်ချုပ်ဈေး ကို ပစ္စည်းလာဝယ်သည်။ ရုံးကိုလာမယ့် နိုင်ငံခြားသား ဧည့် သည်တွေကို လက်ဆောင်ပေးဖို့ မြန်မာမှုပစ္စည်းတွေ လာဝယ် ခိုင်းလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးကိုက မရွှေစင်ရဲ့ ဖိုင်ကိုသာမက အကဲပိုပြီး မရွှေစင် အိတ်ကိုပါ ကိုင်ပေးသည်။ ကုဋေရှင်မှာ အောင့်သက်သက်။

သူတို့နှစ်ယောက် စည်းလုံးနေလေ သူမက အားရောက်နေလေပဲ။

သူမတို့ ကျောက်စီပန်းချီကားတွေ ကြည့်နေတုန်း။

"ဟဲ့ ... မသိန်းရှင်မို့လား"

ဖြုန်းခနဲ လာနှုတ်ဆက်တဲ့ အသိတစ်ယောက်။

"မသိန်းရှင်ရယ် ... နင်တို့ မိသားစု ငါတို့ရပ်ကွက်ထဲက ပြောင်းသွားပြီးကတည်းက ခြေရာဖျောက်သွားလိုက်တာ။ နင့်အဖေရော လွတ်ပြီလား။ နင့်အမေရော နေကောင်းရဲ့လား။ နင့်မောင်လေးတွေရော။ နင်ကတော့ ပိုတောင်လှလာသေးတယ်။ ဒါနဲ့ အခု ဗိုလ်ချုပ်ဈေးကို ဘာလာဝယ်တာလဲ"

မေးလိုက်တဲ့ မေးခွန်းတွေက အဆက်မပြတ်ပါ။ စေတနာနဲ့ မေးတာလား။ စိတ်ထဲမပါဘဲ မေးချင်ရာတွေ လျှောက်မေးတာလား။ မေးသလိုလိုနဲ့ ဖွဲ့နေတာလား။





"ဟဲ့ ... ငါမေးတာတွေ ဖြေဦးလေ။ နင်အဖေ ထောင်ကျသွားတော့ နင်တို့မိသားစုလည်း ဒုက္ခရောက်မှာပေါ့"

"ရှင် လူမှားနေပြီ။ ကျွန်မ မသိန်းရှင် မဟုတ်ဘူး"

"အမယ်လေး ... လုပ်မနေပါနဲ့ဟယ်။ မတွေ့တာ တစ်နှစ်လောက်ပဲ ရှိသေးတယ်။ နင့်ကို ငါ မမှတ်မိစရာအကြောင်း မရှိပါဘူး"

သူမ ထိုနေရာက ထွက်လာလိုက်တော့သည်။

"မသိန်းရှင် ... ဟဲ့ ... မသိန်းရှင်။ အမယ်လေး... ကောင်မက အပါးဝလို့။ ဒါပေါ့ မသိန်းရှင်ပဲ တခြားသူမှ မဟုတ်တာ။ သူလိုကြွားစိန်က သူ့ဘဝကျဆုံးခန်းကို လူသိမှာ ကြောက်မှာပေါ့"

"ဟင်း"

ချစ်ဦးကို သက်ပြင်း မသိမသာ ချလိုက်သည်။ ရွှေစင်ကြယ်က ပခုံးတစ်ချက်တွန့်ကာ မသိန်းရှင် ထွက်သွားရာဘက် လိုက်သွားသည်။

"ကုဋေရှင့်ကို လူမှားနေတာထင်တယ်၊ အေးလေ ... လောကမှာ လူတူမရှား၊ နာမည်တူမရှားဘဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာမှပြန်မပြော။ ရွှေစင်ကြယ်လည်း ဆက်မပြောတော့။

ခဏပြန်ရောက်တော့ ရွှေစင်ကြယ်က ...

"ချစ်ဦးကိုရေ ... တို့တော့ သူ့အကြောင်း စုံစမ်းဖို့လိုပြီ။ ဟိုအမျိုးသမီး ပြောသွားတာ သူ့အဖေက ထောင်ကျတယ်ဆိုလား။ တော်ကြာ တို့ရုံးကို ထိခိုက်မယ်၊ သူ့အကြောင်း စုံစမ်းပါ။ အစမ်းခန့်ကာလဆိုတော့ ဖြုတ်သင့်ရင် ဖြုတ်ရမယ်လေ။ သူ့အကြောင်း စုံစမ်းပေးတော့ မင်းအတွက်လည်း အမှတ်ရ။ မရွှေစင်အတွက်လည်း ကောင်းတာပေါ့"

ချစ်ဦးကိုက သဘောမကျ ဖြစ်သွား၏။ သူများအားနည်းချက်ကို အသုံးချပြီး တိုးတက်ချင်သူပါလား။

"စုံစမ်းလိုက်နော်"

"ဟုတ်ကဲ့"

"နေရာဆိုတာ ယူတတ်ရတာဗျ ချစ်ဦးကိုလေးရဲ့။ အခွင့်အရေးတွေ့ရင်လည်း အမိအရ ဆုပ်ကိုင်တတ်ရတယ်။ အဲဒါမှ ကိုယ့်ဘဝတိုးတက်မှာပေါ့"

"သူ့နေရာမှာ ကိုယ်သာဆိုရင်ရော မရွှေစင်။ ကိုယ်ချင်းစာတရား မထားတော့ဘူးလား"





"ကိုယ်ချင်းစာနေရင် ကိုယ့်ကို ပြန်နင်းသွားလိမ့်မယ်။ ဒီခေတ်မှာ ဘယ်သူ့မှာမှ မေတ္တာတွေ စေတနာတွေ မုဒိတာတွေ မရှိတော့ဘူး။ လျင်သူစားတမ်းခေတ်မှာ ကိုယ်ချင်းစာနေရင် ကိုယ်ပဲခံရမှာ"

သူကိုယ်တိုင် အစမ်းခန့် ဝန်ထမ်းမို့ သူမကို ဘာမှ ပြန်မပြောတော့ပါ။

ဒါပေမဲ့ ...

သူမ စိတ်ဓာတ်ကိုတော့ သိပ်မကြိုက်ချင်တော့ပါ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးကို,ကို မရွှေစင်က ရုံးဖိုင်ထဲက ရထားတဲ့ ကုဋေရှင့်လိပ်စာကို ပေးသည်။

သူမ ရုံးဆင်းတော့ သူ လိုက်သွားသည်။ သူမက ပေးထားတဲ့လိပ်စာကို ပြန်တာမဟုတ်။ တခြားအိမ်တစ်အိမ်ကို ပြန်တာ။

ထိုအိမ်ထဲ မသိမသာ ချောင်းကြည့်တော့ ကလေး နှစ်ယောက်ကို စာသင်နေတာ တွေ့ရသည်။

တစ်နာရီလောက်ကြာတော့ ထိုအိမ်ထဲက ပြန်ထွက်လာကာ သူမ အိမ်ကိုပြန်သည်။ သူမအိမ်မှာလည်း ကလေး လေး,ငါးယောက်ကို စာသင်တာ တွေ့ရသည်။ သူလည်း သူမတို့ အိမ်ရဲ့မျက်စောင်းထိုးက ဝက်သားတုတ်ထိုးဆိုင်လေးမှာထိုင်ရင်း သူမအကြောင်း စပ်စုတော့ သိသင့်သလောက်တော့ သိလိုက်ရသည်။





သူမက အမေနဲ့ မောင်လေးနှစ်ယောက်ကို ရှာကျွေးနေရတာတဲ့။ တစ်နေကုန်ရုံးမှာလုပ်ပြီး ညနေပြန်လာရင် ကလေးတွေကို စာပြပေးတယ်တဲ့။ ပြီးရင် အကျႌတွေ ကြယ်သီးတပ်၊ ချိတ်တပ် လက်ချုပ်လိုက်၊ စီးကွင့်ထိုး စသဖြင့်လည်း အပိုဝင်ငွေ ရှာသတဲ့။

သူမဖခင်က ခရီးသွားနေသတဲ့။

ဒါဆို သူမက မသိန်းရှင်ဆိုတာ သေချာသလောက်ပဲ။

အခုနေတဲ့ ရပ်ကွက်ကို ပြောင်းလာတာ မကြာသေးဘူးတဲ့။ သူမတို့က အိမ်ငှားနေသတဲ့။

သူမအဖေ အကြောင်းကတော့ ခရီးသွားနေတယ်ဆိုတာလောက်ပဲ သိထားကြသည်။

သူမဖခင် ထောင်ကျ,မကျဆိုတာကတော့ သေချာမသိရပါ။

ဒါပေမဲ့ သိရသလောက်တောင် သူမဘဝက သနားစရာကောင်းနေပြီမို့ သူသိသမျှတွေ မရွှေစင်ကြယ်ကို ပြန်မပြောတော့ဖို့ ဆုံးဖြတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အမှတ်မရရင် နေပါစေ၊ သူမကိုတော့ မထိ ခိုက်စေချင်ပါ။ သူမကို မှီခိုပြီး ရပ်တည်နေရတဲ့ သူမမိသားစုက ရှိသေး၏။

သူတောင် အမေ့ကို မျက်လုံးစစ်ပေးချင်လို့ အလုပ် ကို အသည်းအသန် လိုက်ရှာခဲ့တာ။ သူမ ခမျာလည်း ငွေကြေး အပူကြီးရှာမယ်ထင်ရဲ့။ ဘာပဲဖြစ်ဖြစ်လေ သူကတော့ ကိုယ်ချင်း စာတယ်။





မရွှေစင်က မေးသော်လည်း သူ ဘာမှပြန်မပြောခဲ့ ပါ။ စုံစမ်းလို့ မရဘူးဟုဘဲ ပြောခဲ့သည်။ မရွှေစင်ကလည်း ရုပ် ချက်ဆင်းပျက် အတင်းကြီးတော့ မမေးပါ။ သူမ ပြောတော့လည်း အော် … အေး … အေး ဆိုပြီးတော့ပဲ ပြီးသွားခဲ့ပါသည်။

သူကတော့ နောက်ရက်တွေမှာလည်း ကုဋေရှင် နောက် လိုက်သွားကာ သူမအကြောင်း စုံစမ်းမိသည်။

သေချာစုံစမ်းကြည့်လေ သူမနဲ့ သူမမိသားစု အကြောင်း သိရလေပါပဲ။

သူမက မိန်းမပျိုလေးတန်မဲ့ မိသားစုအတွက် ရုန်း ကန်နေရရှာသူပါ။

သနားစရာ ကောင်းပါသည်။ ရုံးကပြန်တာနဲ့ ရုပ် ရှင်ထဲမှာ စာသင်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးကို တစ်ယောက် ကုဋ္ဌေရှင်ကို ကရုဏာမိုး တွေ ရွာသွန်းဖြိုးနေပါသည်။

မရွှေစင်ကြယ်ကိုတော့ လှလို့ ကြိုက်တယ်။

သူမကိုတော့ သနားမိတယ်။

ကုဋ္ဌေရှင် ရုံးအလုပ်တွေလည်း ကူလုပ်ပေးမိတယ်။ အရင်ကဆို အားတာနဲ့ မရွှေစင်ကြယ်ကို အလုပ်တွေ ဝိုင်းလုပ် ပေးတယ်။

ခုဆို ကုဋ္ဌေရှင် သက်သာအောင် ကုဋ္ဌေရှင့်ကို အလုပ်တွေ ကူလုပ်ပေးမိတယ်။

တစ်ခါတလေ မုန့်တွေ ဘာတွေလဲ ဝယ်ကျွေးမိ တယ်။

သူ ပြောင်းလဲလာတာကို မိန်းကလေးနှစ်ယောက် လုံးကလည်း သတိထားမိကြတယ်။

သတိထားမိတော့ ကုဋ္ဌေရှင်ကလည်း ရင်ထဲတစ်မျိုး လေးပေါ့။ ချစ်ဦးကို တစ်ယောက် သူမကိုများ ကြိုက်ခိုက်နေပြီ လားပေါ့။ ရွှေစင်ကြယ်ကတော့ သူမခိုင်းသမျှ ခေါင်းညိတ်နေတဲ့ သူက ကုဋ္ဌေရှင်ဆိုသော ကောင်မလေးဘက် လှည့်သွားတော့ မကျေနပ်ဘူးပေါ့။





တကယ်ဆို ရွှေစင်ကြယ် ဘဝမှာ ချစ်ဦးကိုထက် သာတာတွေ တစ်ပုံကြီးပါ။ ဒါပေမဲ့ ဒီလိုပမွှားကောင်လေးက သူမလောက် မသားနားသေး မိန်းမဆီ ခြေဦးလှည့်တာကို မရှု နိုင်။ ရှိရှိသမျှ ပုရိသအကုန် သူမကိုပဲ ကြိုက်စေချင်သည်။ နောက်ဆုံး အိမ်ထောင်သည်ယောက်ျား ဆိုရင်တောင် သူမကို စိတ်ထဲကဖြစ်ဖြစ် သဘောကျစေချင်သူပါ။

ခုတော့ ချစ်ဦးကို အခြေအနေ ပြောင်းချင်တာကို သူမ ဆတ်ဆတ်ခါသည်။

တကယ်ဆို သူမက ကုဋ္ဌေရှင်ပဲဖြစ်ဖြစ် ရုံးထဲမှာ ရှိသမျှ မိန်းမတိုင်းကို ပြိုင်ဘက်လို သဘောထားကာ အားလုံးကို အနိုင်ရချင်သူပါ။

ချစ်ဦးကို့ကို ဒီမိန်းမအကြောင်း စုံစမ်းခိုင်းကာမှ ဒီမိန်းမဘက် မြှားဦးလှည့်သွားသည်။

ထားပါလေ။

ချစ်ဦးကို တစ်ယောက်လောက်ကတော့ အသာလေး ချွေ ဝစ်လိုက်လို့ရသည်။

ညနေ ရုံးဆင်းတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဦးကို မရွှေစင် တရုတ်တန်းမှာ အကင်သွားစားချင်လို့ အဖော်လိုက်ခဲ့ပေးမလား"

"ရပါတယ်။ ဒါပေမဲ့ မရွှေစင် ကျွေးနော်။ ဟီး ... ကျွန်တော့်မှာ ပိုက်ဆံမပါလို့"

"ငါ့ခေါ်တာ ငါကျွေးမှာပါဟဲ့၊ တကတဲ"

ဒီလိုနဲ့ပဲပေါ့ ...။

❦ ○ ❦





ရွှေစင်ကြယ် တစ်ယောက် ကုဋ္ဌေရှင့်အကြောင်း တစ်ဖက်လှည့်နဲ့ စုံစမ်းနိုင်တော့ သူမအကြောင်း အလုံးစုံ သိလိုက်ရသည်။

သိပြီးတာနဲ့ ချက်ချင်း သူဌေးဆီ သတင်းပို့ပစ်လိုက်သည်။

အစမ်းခန့်ကာလပဲ ရှိသေးတဲ့ ကုဋ္ဌေရှင်ကို သူဌေးက ဖြုတ်ခိုင်းလိုက်သည်။ အမိက,က သူမအဖေက ထောင်ကျနေလို့။ ဒါပေမဲ့ ပေါ်တင်တော့မပြော။ အကြောင်းပြချက်မဲ့ ထုတ်တာ။

ချစ်ဦးကိုကတော့ သဘောပေါက်သွား၏။ ဒါဟာ ရွှေစင်ကြယ် စနက်ပဲဆိုတာ။ သူ ကုဋ္ဌေရှင်ကို တော်တော်သနားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုဋေရှင်က ...

"ဒုက္ခပါပဲ ချစ်ဦးကိုရယ်၊ ငါ ဘာအမှားလုပ်မိလို့ ဖြုတ်ခဲ့တာလဲ မသိဘူး။ အလုပ်ရဖို့ မလွယ်ပါဘူးဆိုမှဟာ"

"ဟင်း ... အေးဟာ၊ မိုးဆိုတာ ဒီလိုပါပဲ။ မိုးကောင်းတုန်း ရွာတာပေါ့။ အချိန်တန်တော့လည်း မိုးတိတ်ဦးမှာပေါ့"

"နင် ဘာတွေ ပြောနေတာလဲ။ ငါ နားမလည်ဘူး"

"နောက်တော့ နားလည်လာမှာပါ"

"လောလောဆယ် ငါ အလုပ်တစ်ခု ပြန်ရှာရတော့မယ်ဟာ။ စိတ်ပျက်တယ်"

"စိတ်မပျက်ပါနဲ့ဟာ၊ ငါလည်း နင်နဲ့အတူထွက်ပြီး အလုပ်အတူတူ ရှာပေးမယ်"

"ဟယ် ... မထွက်ပါနဲ့။ အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ဘူးဟဲ့။ ပြီးတော့ ဒီကုမ္ပဏီက လစာကောင်းတယ်၊ တက်လမ်းရှိတယ်။ မထွက်နဲ့ မထွက်နဲ့။ ငါက ငါ့ကံမကောင်းလို့ ထွက်ရတာ။ ဟင်း ... အလုပ် ... အလုပ်၊ ဗုဒ္ဓေါမေသရဏံပုတီး မစိပ်ဘဲ အလုပ် အလုပ်နဲ့ ပုတီးစိပ်ရတော့မလို ဖြစ်နေပြီ"





"ဟင်း"

ကုဋေရှင်က စိတ်ထားဖြူစင်တာကို သိလိုက်ရသည်။ ရွှေစင်ကြယ်နဲ့တော့ ကွာလိုက်တာ။ တကယ့် ဆီနဲ့ရေပဲ။

ရွှေစင်ကြယ်က ရုပ်ကလေးလှသလောက် စိတ်ထော်ထော်ပုပ်သည်။

"အေးဟာ ... ငါလည်း သွားရင်း လာရင်း နင်နဲ့အဆင်ပြေမယ့် အလုပ်တွေ့ရင် နင့်ကို ဖုန်းဆက်မယ်နော်"

"အေးပါ ... အလုပ်ရနိုင်တာလေးတွေ့ရင် ငါ့ကိုပြောပါဟယ်။ ငါ အလုပ်မရလို့ မဖြစ်ဘူးဟ။ ငါ့မောင်လေးတွေ ကျောင်းစရိတ်ရယ် အိမ်လခပေးဖို့ရယ်။ စားစရိတ် ... ဟား ... ငါတော့ အလုပ်တစ်ခုခု မဖြစ်မနေ ရမှဖြစ်မှာ"

သူမအတွက် သိပ်ကို ခက်ခဲနေမှာပေါ့။ သူမကို ရွှေစင်ကြယ် ချောက်ချမှန်းသာသိရင် သူမ ဘယ်လိုများ နေမလဲ။

ရွှေစင်ကြယ်ကတော့ အမှတ်တမဲ့ နင်းချေလိုက်တာ။ သူမဘဝကတော့ တော်တော်လေးကို ကျိုးကျေသွားပုံပဲ။

ချစ်ဦးကိုက ဖွင့်မပြောမိအောင် အံကို မသိမသာကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ သူမ ရုံးမလာတော့။

သူလည်း ရွှေစင်ကြယ်ကို တော်တော်အမြင်ကတ်သွားသည်။

ရွှေစင်ကြယ်ကတော့ သူမ ဘာမှမလုပ်ထားသလို ရှင်လန်းတက်ကြွလို့။ မိန်းမတစ်ယောက်ရဲ့ ပရိယာယ် မာယာတွေကို လက်တွေ့ တွေ့လိုက်ရတာပါပဲ။

ချစ်ဦးကိုကတော့ ရွှေစင်ကြယ်ကို ခပ်ချဥ်ချဥ်ဖြစ်သွားတာမို့ မသိမသာ ရှောင်နေမိသည်။

မာယာ ဆိုတာ နာမည်သာ လှတာပါလေ။

❦ ○ ❦





ရွှေစင်ကြယ်ကတော့ ပုံမှန်အတိုင်းပဲ။

"ချစ်ဦးကိုရေ ... မရွှေစင် ဆိုင်တွေငွေသွားကောက်ရမှာ ချစ်ဦးကို လိုက်ခဲ့ပေးဦး"

"ကျွန်တော် စာရင်းတွေ လုပ်ရဦးမယ် မရွှေစင်"

"ထားခဲ့လိုက်၊ နောက်ဆို ဆိုင်တွေကို ချစ်ဦးကိုပဲ ငွေသွားကောက်ရမှာ။ ချစ်ဦးကို့ကို တစ်ခေါက် နှစ်ခေါက်လောက် လိုက်မိတ်ဆက်ပေးပြီးရင် မရွှေစင် မသွားတော့ဘူး။ ချစ်ဦးကိုပဲ သွားရတော့မှာ။ ချစ်ဦးကိုရဲ့ စာရင်းတွေကို ကုဋေရှင့်နေရာကိုရောက်မယ့် အသစ်တစ်ယောက်ကို လွှဲရမယ်"

"ဩော် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သီမီဘာမှမပြောတော့ဘဲ ထလိုက်ခဲ့၏။ မရွှေစင်ကတော့ ရုံးကားပေါ်ရောက်တာနဲ့ သူမကြိုက်တဲ့ သီချင်းခွေဖွင့်ခိုင်းကာ မျက်စိစုံမှိတ် ခံစားနားဆင်ပြီး ပါလာသည်။ သူမအတွက်တော့ အရာရာ ပေါ့ပေါ့ပါးပါးပဲ။

ဆိုင်တွေမှာ ပိုက်ဆံလိုက်ကောက်တော့လည်း ဆိုင်သမားတွေက မရွှေစင်နဲ့ တရင်းတနှီး။ ပိုက်ဆံလည်း ကောက်ရတာမခက်။

"ဒါက ရွှေစင့်လက်ထောက် ချစ်ဦးကိုတဲ့။ နောက်ဆို သူလာကောက်လိမ့်မယ်။ သူလာကောက်ရင်လည်း ရွှေစင်လာကောက်သလိုပဲ ငွေလေးထည့်ပေးကြပါနော်။ သူငွေကောက်လို့မရရင် ရုံးမှာ ရွှေစင် အထောင်းခံရမှာ"

"ထည့်ပေးရမှာပေါ့ ရွှေစင့်ရယ် စိတ်ချ"

ငွေကောက်ပြီးတော့ ရုံးအပြန် အင်းလျားလမ်းကပန်းဆိုင်တွေနားက ဖြတ်အမောင်း ...

"ဟယ် ... နှင်းဆီတွေ လှလိုက်တာ။ ကားဆရာ ခဏရပ်ပါဦး"





ကားရပ်တာနဲ့ ကားပေါ်က ပြေးဆင်းကာ နှင်းဆီခန်းတွေကို သဘောတကျနဲ့။ နှင်းဆီအနီရဲရဲ အပွင့်နှစ်ဆယ်ဝယ်သည်။

"မရွှေစင်က နှင်းဆီပန်း တအားကြိုက်တာ ချစ်ဦးကိုရဲ့"

သူ့ကိုလှမ်းပြောကာ နှင်းဆီပန်းတွေကို ခပ်ဖွဖွခပ်ရွရွကလေး နမ်းရှိုက်နေသည်။

"အမယ်လေး ... ရင်ထဲမှာအေးပြီး အမောကိုပြေသွားတာပဲ"

ထိုအချိန်မှာတော့ မရွှေစင် အပြုံးတွေဟာ သန့်စင်တာ သူမမျက်နှာလေးကလည်း အပြစ်ကင်းစင်ကာ သိပ်ကိုချစ်စရာကောင်းနေသည်။

သူတောင် ဖျတ်ခနဲ ရင်ခုန်ချင်သွားသည်။

❦ ○ ❦

ကုဋ္ဌေရှင် တစ်ယောက် စာသင်တဲ့ အလုပ်ကိုပဲ အားစိုက်ကာ လုပ်နေရသည်။ နေ့ခင်းဘက်ဆို စက်ချုပ်သွားသင်သည်။

တစ်ခါတစ်ရံ ပိုက်ဆံအရမ်းပြတ်တဲ့အခါ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့ရတဲ့ အချိန်တွေကို သတိရသည်။

အရမ်းပင်ပန်းလာတဲ့ အခါတွေဆိုလည်း အရင်အချိန်တွေကို တမ်းတမိသည်။

အပျိုလေးတန်မယ့် အဝတ်သစ် အစားသစ် မဝယ်ဝတ်နိုင်ခဲ့တာ ကြာခဲ့ပြီ။ ရှိပြီးသား အင်္ကျီလေးတွေလည်း နွမ်းဖတ်နေခဲ့ပြီ။

ဘဝမှာ အချိုးအကွေ့တွေ ရှိစမြဲဆိုရင်တောင် သူမဘဝရဲ့ အချိုးအကွေ့တွေက အရမ်းကို မတ်စောက်ကြမ်းတမ်းလွန်းလှသည်။





အကျနာလွန်းလှသည်။

ဘယ်လိုဒဏ်ရာမျိုးဖြစ်ဖြစ် အံကြိတ်တင်းခံထားရဆဲမယ့် တစ်ခါတလေကျတော့လည်း စိတ်ဓာတ်တွေ ဗုန်းဗုန်း ဘာလဲပြိုကျသည်။

အမေနဲ့ မောင်နှစ်ယောက် မသိအောင် ကျိတ်ငိုခဲ့ရတဲ့ ဘဝတွေ ဘယ်သူမှ မသိနိုင်။

အင်္ကျီလေးတွေ ချုပ်တတ်လာတော့ ပိတ်စတွေဝယ်ချုပ်ကာ တံဆိပ်တပ်ပြီး တစ်နိုင်တစ်ပိုင်လေးချုပ်ကာ ဆိုင်တွေထိုက်သွင်းသည်။ စာသင်လိုက် စက်ချုပ်လိုက်နဲ့ လုံးဝကိုမနားရဲ။

တစ်ခါ ပလာဇာမှာ အင်္ကျီတွေ သွားသွင်းတော့ မရွှေစင်ကြယ်နဲ့ တိုးသည်။

သူမ အင်္ကျီသွားသွင်းတဲ့ ဆိုင်ထဲမှာ မရွှေစင်ကြယ်က ဆိုင်ရှင်နဲ့ စကားပြောနေတာပါ။

သူမအင်္ကျီတွေပြတော့ ဆိုင်ရှင်က ကြည့်နေသည်။

မရွှေစင်က သူမကို ပြုံးကြည့်နေသည်။ သူမက မရွှေစင်ကို နှုတ်ဆက်လိုက်သည်။

"မရွှေစင် အင်္ကျီလာဝယ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ ဒါက မရွှေစင်တို့အဒေါ်ဆိုင်လေ"

"ဪ ... ဒါဆို ပြောပေးပါဦး။ ကုဋေ ချုပ်ထားတာလေးတွေ တင်ပေးဖို့"

"ပြောပေးရမှာပေါ့ ကုဋေရှင်ရဲ့ ... ဟင်း ဟင်း ဟင်း ဟင်း"

"ကျေးဇူးပါပဲ မရွှေစင်ရယ်"

"ပြပါဦး၊ ကုဋေရှင် ချုပ်ထားတာလေးတွေ မရွှေစင်နဲ့ တော်တာရှိရင် အားပေးရအောင်"

"မရွှေစင် ဆိုဒ်ပါတယ်၊ မရွှေစင်က Medium ဝတ်တာမို့လား"

ရွှေစင်ကြွယ်က မီဒီယမ်နှစ်ထည်ကိုယူပြီး အဝတ်လဲခန်းထဲ ဝင်သွားသည်။

အဝတ်လဲခန်းထဲ ရောက်တာနဲ့ တံခါးအလုံပိတ်ပြီး ဆိုင်ပိုင်ရှင် အဒေါ်ဆီ ဖုန်းဆက်လိုက်၏။

"အန်တီထူး သူ့ဆီက မယူနဲ့။ နောက်မှ သူ့အကြောင်း ရှင်းပြမယ်"

"အေး ... အေး"





သူမ တစ်ယောက်တည်း ပြုံးပစ်လိုက်သည်။ ရွှေစင်က ဘာလို့ အလိုလိုနေရင်း သူမကို မျက်မုန်းကျိုးမိမှန်း မသိပါဘူး။ ရွှေစင်ဟာ လူအများနဲ့ သဃေဇာတ ဖြစ်လွန်းသူပါ။

အားလုံးကလည်း ရွှေစင်ကြွယ်ကို ရုပ်ချောသဘော ကောင်းသူအဖြစ် အသိအမှတ်ပြုထားကြတာပါ။

ရွှေစင်တို့က သူ့ကို လူမသိစေရ။ ဟန်ဆောင်ကောင်းလွန်းသည်။ ပိုင်လို့ကတော့ ချောက်နက်နက်ထဲ တွန်းချခံတတ်သည်။ ဒါပေမဲ့ ပိပိရိရိကလေး လုပ်တတ်တော့ သူမ အကြောင်းမသိကြ။ ရုပ်ကလေးကလည်းချော အပြောလေးကလည်းချိုတော့ ဘယ်သူမှ သူမကို မကောင်းမမြင်ကြ။

ခုလည်း ကုဋေရှင်တစ်ယောက် သူမနဲ့မှ တည့်တည့်သာတိုးသည်။

အပြင်ပြန်ထွက်လာလိုက်သည်။

"မရွှေစင်နဲ့ သိပ် fitting မကျဘူး ကုဋေရှင်ရဲ့။ အားပေးချင်ပါတယ်ဆိုမှကွယ်"

"ဘယ်လို fitting မကျတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ချိုင်းက ပွတာ ထင်တယ်။ ပခုံးလည်းကျသလိုပဲ။ ဈေ

ရော့ ...၊ ကဲ ... မရွှေစင် သွားစရာရှိသေးလို့ ခွင့်ပြု

နော် ကုငွေရှင်လေး။ အန်တီထူးရေ ... ရွှေစင် သွားပြ

မရွှေစင် ထွက်သွားတော့ ဆိုင်ရှင်အန်တီကြီးက

"အန်တီ့ဆီမှာ သွင်းနေကြလူတွေ ရှိလို့လေ၊ လိုအပ်

ဆက်သွယ်လိုက်မယ်နော်"

ကုငွေရှင် စိတ်ပျက်လက်ပျက် ပြန်ထွက်လာမိသည်

ရွှေစင်ကြယ်ကြောင့်ဟုတော့ နည်းနည်းမှ သံသယမရှိဘဲ သူမ

နေသေးလို့ဟု ထင်ကာ ထပ်ကြိုးစားဖို့ တွေးနေမိသည်။

ဒါပေမဲ့ ထိုနေ့က သူမအကျီတွေကို တခြားတ

ဆိုင်က ယူလိုက်ပါသည်၊

တကယ်တော့ သူမလက်ရာက အရမ်းအကော

ကြီး မဟုတ်ပေမယ့် အဆိုးရွားကြီးလည်း မဟုတ်ပါ။ သူ့ရေ

သူတော့ ရောင်းလို့ရပါသည်။

ဒါပေမဲ့ ပိုကောင်းအောင် ကြိုးစားရင်း ... ကြိုးစ

ရင်းနဲ့ ... ...။

❦ ○ ❦





ကုငွေရှင် တစ်ယောက် ဗိုလ်ချုပ်ဈေးထဲ စက်ချုပ်ဖို့လိုတဲ့ ပစ္စည်းတွေ လာဝယ်ရင်း စိတ်မောလူမော ရှိတာနဲ့ ပန်းချီကားလေးတွေ လိုက်ငေးနေမိသည်။

ဗိုလ်ချုပ်ဈေးထဲကို ပန်းချီကား ကြည့်ချင်လို့လာတာပါ။ စက်ချုပ်ဖို့လိုတဲ့ ပစ္စည်းတွေက သိမ်ကြီးဈေးမှာ ဝယ်ရင် ပိုပြီးဈေးသက်သာပါသည်။ ဒါပေမဲ့ သူမ ပန်းချီကားတွေ ကြည့်ချင်လို့ တစ်ခါကစ်ရံတော့ ဗိုလ်ချုပ်ဈေးမှာ လာဝယ်မိပါသည်။

လောကကြီးကို အောင်ခတ်ကြည့်တယ်ပဲ ဆိုဆို သူမက ပန်းချီကားတွေကို ချစ်တယ်။ ပန်းချီကားတွေကိုကြည့်ရတာ စိတ်ချမ်းသာတယ်။ ပန်းချီအကြောင်း သိပ်နားမလည်ပေမယ့် ပန်းချီကားတွေက သူမရင်ကို ငြိမ်းချမ်းကြည်နူးမှုရသကို



www.burmeseclassic.com

www.burmeseclassic.com



ပေးစွမ်းနိုင်လို့ သူမ သဘောကျတယ်။ ပန်းချီကား တစ်ချပ် လောက်ဖြစ်ဖြစ် ဝယ်ချင်ပေမယ့် စားဝတ်နေရေးကို ဦးစားပေး နေရလို့ စိတ်ကူးတွေကို ရင်ဘတ်ထဲမှာပဲ သိမ်းထားခဲ့တယ်။ မဝယ်နိုင်လို့ လာလာငေးပြီး စိတ်ဖြေနေရတာပါ။

ဒီနေ့လည်း ဈေးလာဝယ်ရင်း ပန်းချီကားတွေကို လာငေးနေမိသည်။

ထိုစဉ်မှာပဲ ကြာပန်းပုံပန်းချီကားလေးကို ဖျတ်ခနဲ အကြည့်ရောက်ကာ သေချာကြည့်မိလိုက်သည်။

ပန်းချီကား နာမည်က ကုမုဒြာတဲ့။ ပန်းချီကားက ညအခင်းအကျင်းနဲ့ မှောင်ရိပ်ဝိုးတဝါး။ ညရဲ့လရောင်အရိပ်အလင်း အောက်မှာ ကြာဖြူတစ်ပွင့် ငွားငွားစွင့်နေသည်။ ရင်ထဲမှာ တစ် မျိုးကြီး ခံစားနေရသည်။ အလင်းရောင် လင်းလင်းချင်းချင်းမှာ ဆွဲထားတာလည်း မဟုတ်။

ကြာပန်းက အမှောင်ထဲမှာ ပွင့်ရတာ။

ရင်ထဲမှာ မတင်မကျကြီးကို ဖြစ်နေသည်။ ဒီပန်းချီ ကားရဲ့ Message က သူမရဲ့ဘဝလိုပါပဲ။

အမှောင်ရိပ်ထဲမှာ မလန်းချင်ဘဲ လန်းနေရတဲ့ဘဝ





သူမ ထိုပန်းချီကားကို ရုတ်တရက် လိုချင်သွား သည်။ ပန်းချီကား အောက်ခြေမှာ ဈေးနှုန်းကပ်ထားသည်။ ငါး သိန်းတဲ့။ သူမ ဘယ်လိုလုပ် ဝယ်နိုင်မှာလဲလေ။

အခုမဝယ်နိုင်ပေမယ့် နောက်တော့ ဝယ်ချင်ဝယ်နိုင် မှာပေါ့လေ။ ပန်းချီဆရာနာမည်ကို မေးကြည့်တော့ မသိဘူးတဲ့။ အရောင်းလို့ ဝယ်တင်ထားတာ။ ပန်းချီဆရာနာမည် မသိဘူး တဲ့။

"အစ်မကြိုက်ရင် လျှော့ပေးမယ်လေ။ ဒီပန်းချီကားဝယ် တင်ထားတာ ကြာပြီ။ မထွက်သေးတော့ ဝယ်ဈေးရှုံးသလို တောင် ဖြစ်နေပြီ"

"ကျွန်မလည်း မဝယ်နိုင်သေးပါဘူး။ ဒါပေမဲ့ ဝယ်နိုင်တဲ့ အချိန် ဒီပန်းချီကားလေးများ မရှိတော့ရင် ဒီပန်းချီဆရာ ဆီသွားပြီး ထပ်ဆွဲခိုင်းချင်လို့ မေးတာပါ"

"အမယ်လေး ... မဝယ်နိုင်ဘဲ ကြီးကြီးကျယ်ကျယ်တွေ လာပြောပြီး အလုပ်လာရှုပ်နေတယ်"

"ဩော် ... ခုမဝယ်နိုင်ပေမယ့် နောက်ဝယ်ချင် ဝယ်နိုင် မှာပေါ့။ ဒါလေးမေးတာ ဘာဖြစ်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးကာနဲ့ လှည့်ထွက်လာခဲ့မိသည်။ နောက်ဆို ဗိုလ်ချုပ်ဈေးကို လာဖြစ်ဖို့ သိပ်မသေချာတော့ပါ။

ထိုနေ့က ဈေးတောင် သိမ်ကြီးဈေးမှာ ပြောင်းဝယ်ဖြစ်သွားသည်။

ဘဝဆိုတာ ကုမုဒြာပန်းချီကားလေးလိုပါပဲလား ကွယ်။

❦ ○ ❦





ချစ်ဦးကို တစ်ယောက် ဆိုင်တွေမှာ ငွေလိုက်သိမ်း [illegible]တာမို့ ရုံးထဲမှာ သိပ်မနေရတော့ဘဲ ရွှေစင်ကြယ်နဲ့လည်း [illegible]ာက် ရုံးဆင်းချိန်လောက်သာ တွေ့ဖြစ်ကြတော့သည်။

ရွှေစင်ကြယ်က ချစ်ဦးကို,ကို အကဲခတ်နေမိသည်။ [illegible]ဘိလေး သိပ်တော့မလွယ်။ သူမ ကုဋေရှင်ကို ပ,ထုတ်လိုက် [illegible]ကို သင်း သိနေလောက်သည်။ သူမကိုလည်း ခပ်ရှောင်ရှောင် [illegible]နေသည်။

ရွှေစင်ကြယ်လည်း လူထဲက လူတစ်ယောက်ပဲလေ။ [illegible]ရင်ပြေးတယ်။ ပြေးရင်တော့ ပြန်လိုက်ချင်တယ်။

သူမ ချစ်ဦးကို,ကို စိတ်ဝင်စားတာ မဝင်စားတာ [illegible] သူမကို ချစ်ဦးကို လိုက်စေချင်တယ်။ ခုတော့ ချစ်ဦးကိုက [illegible]နေလို့ သူမက ပြန်လိုက်ရတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ သူ့ကို ပညာသုံးကာ ဆွဲဆောင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ချစ်ဦးကို ဒီဆန်းဒေးအားလားဟင်"

"ဘာဖြစ်လို့လဲ"

"မရွှေစင် မင်္ဂလာဒုံဘက်မှာရှိတဲ့ နှင်းဆီခြံကို သွားချင်လို့၊ အဖော်မရှိလို့ လိုက်ခဲ့ပေးပါလား"

ရွှေစင်ကြယ်ခေါ်ရင် ပရာဒိုနဲ့ လိုက်ပို့ပေးမဲ့သူတွေ တောင်ရှိသည်။ ဘာလို့ သူ့ကို အဖော်လာစပ်နေပါလိမ့်။

"မရွှေစင် ကျွန်တော်ကတော့ လိုင်းကားခပဲ တတ်နိုင်တာနော်"

"အမယ်လေးဟယ် ... တက္ကစီခ မရွှေစင် ခံပါ့မယ်၊ တကတဲ ... ဦးကပ်စေးနဲ့ လာတိုးနေတယ်"

"ဦးကပ်စေး မဟုတ်ဘူးဗျ၊ ဘဝသမားဆိုတော့ အခြေမဲ့ အနေမဲ့ ရွှေမဲ့ ငွေမဲ့လေဗျာ၊ ရုံးတက်ဖို့ ဘတ်စ်ကားခတောင် မနည်းချန်နေရတာ"

"ချစ်ဦးကိုက လစာကို အိမ်ပြန်ပေးရလို့လား"

"ပေးတယ်ဗျ။ မဖြစ်မနေ ပေးရတာတော့ မဟုတ်ဘူး။ ကျွန်တော်ကကို ပြန်ပေးတာ။ ကျွန်တော့် မိဘတွေက ဝန်





ထမ်းတွေဆိုတော့ အပိုဝင်ငွေ မရှိကြဘူး။ ကျန်းမာရေး စရိတ်တောင် မပိုဘူး။ အဲဒါကြောင့် ကျွန်တော်က ကျွန်တော့်လခလေးကို ပြန်ပေးဖြစ်တာ"

"သားလိမ္မာလေးပဲ"

"အဲလောက်လည်း မဟုတ်ပါဘူးဗျာ၊ မိန်းမ မယူခင်လေး လုပ်ကျွေးတဲ့သဘောပါ ... ဟက် ဟက်"

"ရည်းစားရှိနေပြီပေါ့"

"ခုခေတ် ရှူဆေးတွေ ဈေးကြီးတယ်ဗျ။ မဝယ်နိုင်သေးဘူး"

"ဖြစ်ရမယ်။ ဆန်းဒေး လိုက်ပေးမှာလား"

"မရွှေစင်သာ အဖော်ခေါ်ရင် ပရာဒိုသမားတောင် အပြေးလိုက်မှာ၊ ဘာလို့ ကျွန်တော့်ကို ခေါ်တာလဲ"

"မင်းကို ယုံကြည်စိတ်ချလို့ပေါ့"

"အဲဒီနေ့ ကော်ဖီပါ တိုက်မှာလား"

"ထမင်းပါကျွေးမယ်"

"လိုက်မယ်ဗျာ"

"မနည်းပင့်ရတယ် ဒီကိုယ်တော်ကို"



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီခြံ ဘာသွားလုပ်မှာလဲ"

"နှင်းဆီပန်း သွားဝယ်မလို့"

"မြို့ထဲမှာဝယ်လည်း ရတာပဲ"

"ခြံမှာဆိုတော့ လတ်လတ်ဆတ်ဆတ် ရတာပေါ့။ မြို့ထဲရောက်ရင် ပန်းတွေက နွမ်းနေပြီလေ"

"ဘယ်နှပွင့် ဝယ်မှာမို့လို့လဲဗျာ"

"ရသလောက်ဝယ်မှာ"

"ဘာလုပ်ဖို့လဲ"

"လိုချင်လို့"

❦ ○ ❦





တနင်္ဂနွေနေ့မှာ သူမဟာ Viz ကားအနီရဲရဲလေးကို ကိုယ်တိုင်မောင်းပြီး ရောက်လာပါသည်။ ချည်သားဂါဝန်တိုအဖြူရောင်လေးနဲ့။

သူကို ဂါဝန်နဲ့ တစ်ခါမှ မတွေ့ဘူးခဲ့။ ဂါဝန်ဝတ်ထားတော့ ပိုပြီးငယ်ရွယ်နုပျိုစွာ လှပနေခဲ့ပါသည်။

အမြဲထုံးထားတဲ့ သူမရဲ့ဆံပင်လေးတွေကို ဖြန့်ချထားခဲ့သည်။ သူမဆံပင်တွေက ခါးအထိ ညီညာစွာ ဝဲဖြာကျနေပါသည်။

ကားနီနီလေးနဲ့ အဖြူရောင်ဂါဝန်လေး။ ကြည့်ရတာ တစ်မျိုးလေး ပသာဒ ဖြစ်စေပါသည်။

သူတို့ လမ်းထိပ်အထိ လာခေါ်တာမို့ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကရော ဆိုက်ကားဂိတ်ကပါ သူမကိုတွေ့သွား



www.burmeseclassic.com

www.burmeseclassic.com



ကြကာ သူ့ကို အော်ဟစ်စနောက်နေကြသည်။ ပြီးတော့ သူ့အထင် အားကျသလိုလို ကြည့်နေကြသည်။

မညာတမ်း မရှက်တမ်း ဝန်ခံရရင် သူလည်း ရင်တွေခုန်နေပါသည်။

"ဘာကြည့်နေတာလဲ၊ လာလေ ... ကားပေါ်တက်"

သူမဘေးမှာ ဝင်ထိုင်လိုက်တော့ ...

"မင်း မောင်းမလား"

"ကျွန်တော် မမောင်းချင်ဘူး။ သိပ်ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်တော့ မတော်တဆ ထိခိုက်မိမှာစိုးလို့"

"အိုခေ"

သူမက ကားကို ကျွမ်းကျင်စွာ မောင်းတတ်ပါသည်။ ပဲမမတို့ ထုံးစံအတိုင်း ခါးပတ်လေးပတ်၊ နေကာမျက်မှန်လေး တပ်လို့ပေါ့။

ဘေးတိုက် ငဲ့ကြည့်မိတော့လည်း သူမသိပ်ကိုလှပနေပါသည်။

"ကော်ဖီသွားသောက်ရအောင်"

"ကောင်းတာပေါ့ ကျွန်တော်လည်း ဘာမှမစားရသေးဘူး"





ချွေစင်ကြယ်က နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်ပြီး ကားကို ကိုးမိုင်က feel ထဲ ချိုးချလိုက်သည်။

သူနဲ့ သူမ အကြိုက်ချင်းမတူတာကို အဲဒီမှာ စသိရတာပါပဲ။

သူမက လက်ဖက်ရည်ပေါ့စိမ့် မှာသည်။ သူကတော့ ကော်ဖီ။

အမှန်ဆို ယောကျ်ားလေးအများစုက လက်ဖက်ရည်ကြိုက်တတ်ပြီး မိန်းကလေး အများစုက ကော်ဖီ သောက်တတ်ကြပေမယ့် သူတို့နှစ်ယောက်ကတော့ ပြောင်းပြန်ဖြစ်နေခဲ့သည်။

"ချွေစင်ကြယ်"

သူမကို အမျိုးသားတစ်ယောက်က လာနှုတ်ဆက်သည်။

"ဟော ... ကိုလွင်ပါလား။ ကိုလွင် မတွေ့တာတောင်ကြာပြီ"

"ဟုတ်တယ်၊ ကိုယ့်ဒယ်ဒီကို စင်ကာပူမှာ ဆေးသွားကုပေးနေရလို့"

"ဟုတ်လား၊ ခုတော့ သက်သာသွားပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မျှော်လင့်ချက် မရှိတော့လို့ ပြန်ခေါ်လာရတယ်။ ဒီဝိဇ္ဇာ ရိုယမှာလေ"

"ဟယ် ... စိတ်မကောင်းလိုက်တာ ကိုလွင်ရယ်"

"ဟုတ်တယ်၊ ကိုယ်လည်း စိတ်မောလူမောပဲ။ ခု ရွှေစင်ကို တွေ့လိုက်ရတာ တစ်ဝက်လောက် အမောပြေသွားတယ်"

"ကိုလွင်ရယ်"

"ဒါနဲ့ သူက"

"သြော် ... ရွှေစင့်မောင်လေးပါ၊ ချစ်ဦးကိုတဲ့။ မောင်လေး သူက ကိုလွင်တဲ့"

မိတ်ဆက်ပေးချက်တွေက လှပလွန်း၏။

"ခွင့်ပြုဦး ရွှေစင်ရေ၊ ဆေးသွားဝယ်ရဦးမယ်"

"အိုကေ ... ရွှေစင်တို့လည်း သွားစရာရှိသေးလို့"

ကိုလွင် ဆိုတဲ့သူ ထွက်သွားတော့ သူတို့လည်း နှင်းဆီခြံကို ဆက်ထွက်ခဲ့လိုက်သည်။

နှင်းဆီခြံမှာ အရောင်စုံ အသွေးစုံ နှင်းဆီပန်းတွေက အဖူးအငုံ အပွင့်အလှ မျိုးစုံနေပါသည်။





နှင်းဆီရနံ့တွေကလည်း လေယူရာ သင်းတပျံ့ပျံ့နဲ့ အေးချမ်းလွန်းလှသည်။

"လှလိုက်တာ၊ နှင်းဆီတွေ အရမ်းလှတာပဲ"

အဖြူ အဝါ အနီ ပန်းရောင် ပုစွန်ဆီရောင်စသဖြင့် နှင်းဆီတွေက အရောင်စုံပွင့်နေပြီ။

"ဟော ... သမီး လာ ... လာ"

"ဒေါ်ကြီး ထုံးစံအတိုင်းနော်"

"စိတ်ချ သမီးရေ၊ ဟဲ့ ... မောင်ညိုတို့ ဒီသမီးလေး အတွက် ပန်းတွေဖြတ်မယ်ဟေ့"

ခြံထဲမှာရှိသမျှ မပွင့်နိုင်သော အဖူးကျစ်ကလေးတွေမှလွဲ၍ အငုံအပွင့် အကုန်ဝယ်သည်။

"လှလိုက်တာ ... လှလိုက်တာနော်၊ မွှေးနေတာပဲ"

ပြောလည်းပြောရင်း နှင်းဆီပန်းကလေးတွေကို ရှုရှုကလေးနမ်းလိုက်၊ ဖွဖွကလေး ပါးနားကပ်လိုက်နဲ့ လုပ်ကြည့်နေသည်။

တကယ်ပါပဲ။ ရွှေစင်ကြယ်ကို ကြည့်ရင်း ကြည့်ရင်း နှင်းဆီပန်းတွေနဲ့ တူတူလာတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ နှစ္စလှပနေသလောက် တစ်ခါတစ်ရံမှာ ခက်ထန်ကြမ်းတမ်းလွန်းတဲ့ ဆူးတွေလည်း သူမမှာ ရှိနေသည်။

သူမဟာ နူးညံ့လှပမှုနဲ့ ခက်ထန်ကြမ်းတမ်းမှုတွေ ရောပြွမ်းနေသော နှင်းဆီလိုမိန်းမမျိုးပဲ။

သူမရဲ့မွှေးပျံ့လှပခြင်းတွေက သူမရဲ့ခက်ထန်ကြမ်း ရှမှုတွေကို ဖုံးလွှမ်းကွယ်ဝှက်ထားသည်။

နှင်းဆီရဲ့ဆူးကို မနှစ်မြို့ပေမယ့် နှင်းဆီပန်းကို တော့ မက်မောကြတာပါပဲ။ တချို့ဆိုရင် နှင်းဆီမှာပါလာတဲ့ ဆူးတွေကို ချိုးဖယ်ပစ်လိုက်ပြီး ဆူးမဲ့နှင်းဆီအဖြစ် ဖန်တီးကာ မြတ်နိုးတတ်ကြသည်။

ခုလည်း သူမက ဆူးကိုမကြောက်ဘဲ နှင်းဆီတွေ ကို မက်မက်မောမော။

နှင်းဆီပွင့် နှစ်ထောင်ကျော်ကို နှစ်သိန်းကျော်ကျော် ရှင်းရသည်။

ထိုနှင်းဆီတွေကို နှင်းဆီခြံက ကားနဲ့သူမအိမ်ကို သွားပို့ရမည်။

"မရွှေစင် ပန်းတွေ ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ"





"လိုချင်လို့လေ။ ဘုရားပန်းလည်း ထိုးမယ်။ တစ်အိမ်လုံး လည်း မွှေးနေအောင်ထိုးမယ်"

"နှစ်သိန်းကျော်ဖိုးတောင် နှမြောစရာကြီး"

"ဟင်း ... ဟင်း ... ပန်းတွေ အများကြီး တစ်အိမ်လုံး မွှေးကြိုင်နေတာ စိတ်ချမ်းသာလွန်းလို့ပါကွယ်"

"ခြံပြတ်ဝယ်တာများဗျာ၊ ဖုန်းဆက်ပြီး လာပို့ခိုင်းလိုက် လည်း ရတာကို၊ တကူးတက လာဝယ်နေသေးတယ်"

"အပင်မှာ ပွင့်နေတာလေးကို တွေ့ချင်လို့ပေါ့ ချစ်ဦးကို လေးရယ်။ ချစ်တယ်ဆိုရင် အစအဆုံး ချစ်တတ်ရတယ်"

သူ သူမကို ငေးကာ တွေးနေမိတာက နှင်းဆီရှုံး နှင်းဆီသရဲပဲဟု ...။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါ ...။

ရွှေစင်ကြယ်က တမင်ကို ချစ်ဦးကို့ကို လှလှပ ကလေး ဖြားယောင်းနေတာပါ။

ဒါပေမဲ့ ချစ်ဦးကိုက ရွှေစင်ကြယ် အပေါ် အကောင်း မမြင်နိုင် ဖြစ်နေပါသည်။

လူတစ်ယောက်အပေါ် မနှစ်မြို့စရာ တစ်ခုလောက် ရှိနေပြီဆိုရင် အကောင်းမြင်ပေးနိုင်ဖို့က တော်တော်ခက်သွားပါ သည်။

ချစ်ဦးကိုက ဂရုမစိုက်လေ ရွှေစင်ကြယ်ဘက်က မခံချိမခံသာနဲ့ အတင်းကို လိုက်ကပ်လေ ဖြစ်နေပါသည်။

ချစ်ဦးကိုကလည်း သူ့ကို ရွှေစင်ကြယ် အခွင့်အရေး တွေ ပေးနေတာ သိနေပါသည်။





လူဆိုတာကလည်း လိုက်ရင် ပြေးချင်ပါသည်။ မိန်းကလေးဘက်က ရေလာမြောင်းပေး လုပ်လွန်းတော့ အထင် သေးချင်လာသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ကုဋေရှင့်ဖခင်လည်း ထောင်က ပြန်လွတ်လာပါပြီ။ သူမတို့တစ်မိသားစုလုံး ပျော်ရွှင်နေကြသည်။

သူမအတွက်လည်း အဖေ ပြန်လွတ်လာတော့ အားရှိသွားသည်။ ဒါပေမဲ့ကွယ် သူမဖခင်က ကျန်းမာရေးမကောင်းပဲ တရှောင်ရှောင် ဖြစ်နေသဖြင့် ဖခင်အတွက် ဆေးဖိုးပိုရှာနေရပါသည်။

သူမ အလုပ်တွေကို ဖိလုပ်နေသဖြင့် အမေက အစားကို အချိန်မှန်အောင် လိုက်ကျွေးနေသည်။

"သမီးရယ် ... မအိပ်မစားဘဲတော့ မလုပ်ပါနဲ့၊ တစ်ချိန်လုံးလည်း ချုပ်မနေနဲ့ အညောင်းမိမယ်။ သမီးသာ ကျန်းမာရေးမကောင်းရင် အမေတို့မိသားစု ဒုက္ခရောက်မှာ။ အမေတို့က သမီးကို အားကိုးနေရတာ။ ပုံမှန်ပဲလုပ်ပါ





သမီးရယ်။ လောဘလည်း မကြီးပါနဲ့ကွယ်။ စားလောက်ရင် တော်ပါပြီ"

"လောဘမကြီးပါဘူး အမေရယ်။ ဒါပေမဲ့ ဆိုင်တွေက အော်ဒါတွေ တော်တော်တက်နေတာ။ သူတို့မှာသလောက် မပေးနိုင်ရင် မိတ်ပျက်သွားမှာစိုးလို့ပါ မေမေ။ သမီးလည်း မနိုင်တော့ဘူး။ စက်ချုပ်သမားခေါ်ရင် ကောင်းမလား မသိဘူး မေမေ။ သမီးက ကိုက်ပေးမယ်။ ညှပ်ပေးမယ်။ တစ်ယောက်၊ နှစ်ယောက်လောက် ဒိုင်ခံချုပ်ပေးရင် မဆိုးဘူး"

"ခေါ်လိုက်ပေါ့ သမီးရယ်။ ငါ့သမီးလေး အလုပ်တွေ အမြဲအဆင်ပြေပါစေကွယ်။ မိဘနဲ့ မိသားစုကို သိတတ်တဲ့၊ လုပ်ကျွေးတဲ့သမီး။ အရိပ်ပေးတဲ့သမီးလေး ကြီးပွားတိုးတက်ပါစေကွယ်"

တကယ်လည်း အလုပ်တွေက ပိုပြီးတိုးတက်လာခဲ့ပါသည်။ အိမ်မှာတောင် စက်တွေပိုဝယ်။ လူငှားနဲ့ချုပ်ကာ အော်ဒါတွေ ချုပ်ပေးနေရသည်။ ကျူရှင်လည်း မသင်နိုင်တော့ပါ။

ရသမျှလေး ကျစ်ကျစ်ပါအောင် စုထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း ထောင်က ထွက်လာကတည်းက တရှောင်ရှောင်နဲ့ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ အိပ်ရာထဲမလဲရုံ တမယ်ပါ။

"ငါ့သမီးကြီးကို သနားနေပြီကွယ်"

"ရပါတယ် အဖေရယ်။ အဖေသာ ကျန်းမာအောင်နေပါ"

ဖခင်အတွက် ခေတ်စာနဲ့ ဆေးဝါးစရိတ်ကလည်း တော်တော် စရိတ်ထောင်းပါသည်။

မောင်လေးတွေကလည်း အတန်းကြီးလာလေ ကျောင်းစရိတ်တွေ မြင့်လာလေပါပဲ။

အမေက နေကောင်းနေ၍ တော်သေးသည်။ အဓေ ခမျာလည်း အဖေ့ကို ပြုစုရတာတစ်ဖက်၊ ကျောင်းသားနှစ်ယောက် ဝေယျာဝစ္စနဲ့ အိမ်မှုကိစ္စတွေ ဒိုင်ခံလုပ်ရတာ ပင်ပန်းရှာပါ၏။

ဒါတောင် မောင်လေးတွေက တစ်ချက် တစ်ချက် အလိုက်မသိချင်။

တစ်ခါတစ်ရံ မလိုအပ်တဲ့ အပိုတွေ ပူဆာတတ် သေးသည်။

ကုဋေရှင်တစ်ယောက် အလုပ်ကလေးတွေ အဆင် ပြေလာလို့သာ တော်တော့သည်။





အိမ်ငှားခမှာ အိမ်လခပေးကလည်း ခြောက်လ ဘစ်ဖြတ် တစ်ခါ ဈေးတက်ဖြစ်နေသည်။

ဒီထက်ပိုပြီး အော်ဒါတွေ ရရင်တော့ ပိုစုနိုင်ပြီး အိုက်ခန်းလေးတစ်ခန်းလောက် ဝယ်နိုင်ကောင်းရဲ့လို့ မျှော်လင့် နေမိသည်။

သူမဘဝက မဖေဒါလား။ ညအမှောင်မှာ လရောင် ဆမ်းမှ လန်းမယ့် ကုမုဒြာလား။

သူမ အရမ်းပင်ပန်းလှပါပြီ။ လူရော စိတ်ရောပေါ့။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နေတဲ့ ရပ်ကွက်ထဲမှာ သူမဆီ အင်္ကျီလာ အပ်နေကြ အပျိုကြီးတစ်ယောက် ရှိပါသည်။ အပျိုကြီးက သူမကို တော်တော်သဘောကျ ချစ်ခင်ပါသည်။ အင်္ကျီတွေလည်း မကြာခဏ လာအပ်သည်။

လမ်းထိပ်နားမှာ လုံးချင်းတိုက်နဲ့ ကားသုံးလေးစီးနဲ့ အိမ်နေရင်းတောင် စိန်တဖျပ်ဖျပ်နဲ့ဆိုတော့ ချမ်းသာသည်ဟုပဲ ပြောရမည်ပေါ့။

"မမမှာ မောင်လေးတစ်ယောက် ရှိတယ်၊ ကံမကောင်းရှာပါဘူးကွယ်၊ သူ နိုင်ငံခြားပညာတော်သင် သွားနေတုန်း သူ့မိန်းမက လင်ငယ်နောက် လိုက်သွားတာလေ"

"ဩော်"





"ကလေးလည်း မရလိုက်ဘူး။ ခုထိလည်း အိမ်ထောင်ထပ်မပြုဘူးလေ။ တစ်ခုလပ်သာဆိုတာ လူပျိုကြီးလို ဖြစ်နေတာပေါ့"

"ဟုတ်ကဲ့"

"အထွေထွေခွဲစိတ်အထူးကုတောင် ဖြစ်နေပြီ"

"ဩော်"

သူမမောင်အကြောင်း လာပြောပြောနေလို့သာ နားထောင်ပေးနေရတာ စိတ်တော့မဝင်စားပါ။

"ကျန်းမာရေးနဲ့ ပတ်သက်ရင် အချိန်မရွေး ဖုန်းဆက်နော်၊ အားမနာနဲ့"

"ဟုတ်"

ဘာလို့ ဒီလောက် သဘောကောင်းနေပါလိမ့်။ သူမတို့လို အညတရကို သူဌေးမတစ်ယောက်က လိုက်လိုက်လှဲလှဲ လာခင်မင်နေတာပါ။

တစ်ခါ အဖေညသန်းခေါင်ကြီး အမောထဖောက်လာတုန်းက ထိုသူဌေးမဆီ ဖုန်းဆက်ကာ သူ့မောင်ဆရာဝန်ကို ဝင့်ကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ မောင်နှမနှစ်ယောက် ရောက်လာခဲ့သည်။

အသားမဖြူမညို သာမန်ရုပ်ရည်နဲ့ ထိုဆရာဝန်ဟာ ထိပ်တော့နည်းနည်းပြောင်ပါသည်။ စကားပြောတာလည်း အေးဆေးသည်။

သူမတို့မှာ ကျေးဇူးတင်မဆုံးပါ။ အဖေ့ကိုလည်း လိုအပ်တဲ့ဆေးတွေဝယ်ကာ လက်ဆောင်လာပေးသဖြင့် ထိုအပျိုကြီးကို အားတွေနာရပါသည်။

တကယ်တော့ ထိုအပျိုကြီးဟာ ကုဋေရှင်ကိုယောက်မလောင်းအဖြစ် သဘောကျနေတာပါ။ ပထမယောက်မတုန်းက ခံထားရသဖြင့် ခုတစ်ခါမှာ အေးဆေးတည်ငြိမ်သော ကုဋေရှင်ကို သဘောကျစွာ လေ့လာနေတာပါ။ မိဘအပေါ် သိတတ်ကာ ရိုးသားသော မိန်းကလေးအဖြစ် အသိအမှတ်လည်းပြုထားတာပါ။

ငယ်ရွယ်ချောမောသူလေးမို့ သူ့မောင်လေးလည်း သဘောကျကောင်းရဲ့ဟု တွေးကာ လေ့လာနေတာပါ။

ခက်တာက ကောင်မလေးရဲ့မိသားစုပဲ။ ဒီကောင်မလေးကိုယူတဲ့ ယောကျ်ားဟာ ကောင်မလေးရဲ့မိသားစုကိုပါ





လုပ်ကျွေးရမယ့်ကိန်း ဖြစ်နေပါသည်။ ထို့ကြောင့် နည်းနည်းပြန်ချိန်ကာ အနီးကပ်လေ့လာနေတာပါ။

ခွဲစိတ်အထူးကု တစ်ယောက်အနေနဲ့ ဒီမိသားစုလောက် အနေအထားကို ထောက်ပံ့နိုင်တယ် ဆိုပေမယ့် အပျိုကြီးက ကြားထဲကနေ နှမြောနေပါသည်။ ဒွိဟဖြစ်ကာ စဉ်းစားရ ခက်နေတာကြောင့် ဘာမှမလှုပ်ရှားသေးဘဲ အသာငြိမ်ကာ လေ့လာနေမိ၏။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ကြယ် မိခင် အူအတက်ပေါက်၍ ခွဲစိတ်ရင်း ရွှေစင်ကြယ်နဲ့ ခွဲစိတ်ဆရာဝန်တို့ စတင်သိခဲ့ပါသည်။

ထိုခွဲစိတ်ဆရာဝန်ကလည်း တစ်ခုလတ်ပီပီ ရွှေစင်ကြယ်လို မိန်းမလှလေးကို သတိထားမိပါသည်။

ရွှေစင်ကြယ်ကတော့ ယောက်ျားလေးမြင်တိုင်း ထင်အောင်နေပြတတ်တာ အကျင့်ဖြစ်နေကျဆိုတော့ ...

"ဆရာ ... ဆရာနဲ့"

နှစ်ခါလောက်သွားတွေ့။ မုန့်ပုံးတွေ ပုဆိုးတွေနဲ့ကန်တော့ လုပ်လိုက်တာနဲ့ပဲ ထိုဆရာဝန်ကလည်း မိသားစုဆရာဝန်ပမာ ဖြစ်သွားခဲ့ကာ လူနာကြည့်ခတောင် မယူတော့။

ဆိုတော့ကာ ...

ထိုဆရာဝန်နဲ့ ရွှေစင်ကြယ်တို့ ခင်မင်သွားကြတယ် ဆိုပါစို့။





ခင်တာမှ ရွှေစင်ကြယ်တို့အိမ်က ထမင်းစားဖိတ်ဆွေးတဲ့အထိကို ခင်မင်လာကြသည်။

ခွဲစိတ်အထူးကုဆရာဝန်။ ဆေးရုံဆေးခန်းတွေကို အနားတမ်း ပြေးလွှားထိုင်နေရသည်။ ဝင်ငွေကလည်း မနည်းမှန်း သိနေတော့ ရွှေစင်ကြယ်ကလည်း စိတ်ဝင်စားသည်။ ရွှေစင်ကြယ် မိခင်ကလည်း တီးခေါက်သည့် မေးခွန်းမျိုးတွေ မေးမြန်းစုံစမ်းသည်။

"ဆရာ ဆေးခန်းတွေ လှည့်ထိုင်နေရတော့ ပင်ပန်းမှာပေါ့။ အိမ်ရောက်ရင် ကောင်းကောင်းနားပေါ့"

"နားတယ်ရယ်လို့ မဟုတ်ပါဘူး။ အိမ်ရောက်တာနဲ့ ထိုးအိပ်ပစ်တာပဲ"

"ဆရာ မိသားစုရှိလား"

"လောလောဆယ် အစ်မအပျိုကြီးနဲ့ပဲ နေပါတယ်"

"ဪ ... ဆရာက လူပျိုကြီးပေါ့"

"ဆိုပါတော့ဗျာ"

"ဆိုပါတော့ ဆိုတာက ..."

ရွှေစင်ကြယ့်မိခင်ကလည်း အားမနာတမ်းကို မေးတာပါ။ မမေးလို့မဖြစ်ဘူးလေ။ သမီးအတွက် မျှော်လင့်မိတော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းလင်းလင်း သိရမှ ဖြစ်မှာလေ။ ထို့ကြောင့် အားမနာတမ်း ကို မေးနေတာ။

"ကျွန်တော်က အိမ်ထောင်ကျဖူးပါတယ် အန်တီ။ ကျွန်တော် နိုင်ငံခြားမှာ ကျောင်းဆက်တက်နေတုန်း အမျိုးသမီး နဲ့ ကွဲတယ်ဆိုပါတော့။ ကလေးလည်း မရလိုက်တော့ လူပျိုကြီးပဲပေါ့ဗျာ"

"လူပျိုကြီး ... အင်းပေါ့လေ ... လူပျိုကြီးလို့ ပြောလို့ ရတာပေါ့။ ဒါနဲ့ ဆရာ့အမျိုးသမီးကရော၊ ဆရာတို့ပြန် ညှိနှိုင်းကြည့်ပါလား ဆရာရယ်"

"သူက နောက်အိမ်ထောင် ပြုသွားပါပြီ"

"ဩော် ... ဆောရီးနော် ဆရာ"

"ရပါတယ်ဗျာ"

စားရမှာလည်း သိတရှပ်ရှပ် ဆိုသလို ဆရာဝန်က တစ်ခုလပ်ဆိုတော့ စိတ်ထဲ နင်တင်တင်ရယ်။

ပညာတွေ ဒီလောက်တတ်ပြီး ချမ်းသာတဲ့ ဆရာဝန် ရဲ့အိမ်ထောင်ရေး ပြိုကွဲရတာ ဘာကြောင့်လဲ။ ဘယ်သူ့ကြောင့်လဲ။ စသဖြင့် မီးခိုးကြွက်လျှောက် လိုက်စဉ်းစားကာ ဆရာဝန်ဘက်





မှာ ဘာပြစ်ချက်များ ရှိလို့လဲဟု သံသယတွေဝင်ကာ ဘာမဆိုင် ညာမဆိုင် သူများအကြောင်း စဉ်းစားပြီး အကုသိုလ်တွေအလကား ယူနေပါသည်။

သူများအကြောင်း စပ်စုပြီး သိရတာကိုလည်း ကောင်းမြင်တဲ့ သံသယတွေ ပွားတာမျိုးဟာ အလကားနေရင်း အကုသိုလ်ယူတာပါပဲ။ ရွှေစင်ကြယ်မိခင်မှာ သမီးအတွက် လောဘ တွေဆက်မိရာမှ အကုသိုလ်တွေ လက်ဆောင်အစစ်ရလိုက်တာ ပါပဲ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"မရွှေစင် ... ကျွန်တော် မရွှေစင်ကို ပြောစရာရှိလို့ ညနေ ရုံးဆင်းရင် ကျွန်တော့်ကို ခဏလောက် အချိန်ခဏပေးပါ နော်"

ချစ်ဦးကို စကားကို နားထောင်ပြီး ရွှေစင်ကြယ် အပြုံးတွေ လက်သွားသည်။ ဒါပဲလေ နောက်ဆုံးတော့လည်း ရွှေစင်ကြယ်ရဲ့ ကွန်ယက်ထဲ ဝင်လာကြတာပါပဲ။

ရွှေစင်ကြယ်က မူဖို့ဆုံးဖြတ်လိုက်ပေမယ့် ဒီငတိလေးက တခြားယောကျ်ားတွေလိုမဟုတ်။ တော်ကြာ အူလည်လည်နဲ့ လမ်းကြောင်းလွဲသွားမှာစိုးလို့ မမူရဲတော့ဘဲ ...။

"ဘာပြောမလို့လဲ"

"ခုပြောလေ"

"ညနေမှ ပြောမယ်ဗျာ။ စောင့်နေနော် သွားပြီ။ ငွေကောက်စရာတွေ များနေလို့"





ချစ်ဦးကို ထွက်သွားမှ ရွှေစင်ကြယ်က ပခုံးတွန့်ကာ မဲ့ခို့တရို့ ပြုံးလိုက်သည်။ နောက်ဆုံး ဒီဘူတာပဲ ဆိုက်ရမှာဆို။

ညနေရုံးဆင်းကာနီးတော့ Toilet ထဲဝင်ကာ မှန်ကြည့် မိတ်ကပ်လေး အသာပြန်ဖို့၊ နှုတ်ခမ်းနီလေး ပါးပါးပြန်တို့၊ ခေါင်းပြန်ဖြီးနဲ့ သ,နေမိသည်။

နဂိုကလှပြီးသားပါ။ ပြင်တတ် ဆင်တတ်တော့ ကြွရုပ်ကလေးအလှပေါ့။

ညနေရုံးဆင်းချိန်မှာ သူတို့အတူ ရုံးနားကကော်ဖီဆိုင်မှာ စကားပြောဖြစ်ကြသည်။

ချစ်ဦးကိုကလည်း ရွှေစင်ကြယ် အလှတွေပြင်ထားတာကို သတိထားမိပါသည်။ ရွှေစင်ကြယ် သဘောကို အမြဲတမ်းဆောကြောနေမိတော့လည်း ခက်သားပဲ။

"မရွှေစင်"

"ပြော"

"ကျွန်တော်လေ မရွှေစင်ကို ပြောစရာရှိလို့"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ ... ပြောတော့ ပြောချင်တယ်၊ မရွှေစင်ရယ် ... ပြောရမှာလည်း အားနာနေတယ်"

ရွှေစင်ကြယ်က ခပ်နွဲ့နွဲ့လေး ပြုံးလိုက်သည်။ ဒီလိုစကား ဆင်ထားရင် ဒီခွင်ပဲလေ။ ရိုးနေပြီ။ သူမ ဘာမှမ ပြောဘဲ ငြိမ်နေတော့ ချစ်ဦးကိုကလည်း ဘာမှဆက်မပြောဘဲ ကော်ဖီခွက်ကို သဲကြီးမဲကြီး မွှေနေသည်။

"ပြောလေ ... ဘာပြောမှာလဲ"

"ပြောရင် စိတ်ဆိုးမှာလား"

"ဩော် ... မင်း ဘာပြောမယ်မှန်းမှ မသိတာ၊ မရွှေစင်က မင်းမေးခွန်းကို ဘယ်လိုဖြေရမလဲ"

"အဲဒါကြောင့် ကျွန်တော် မပြောရဲတာပေါ့ဗျ"

"ဟင်း ... ဒုက္ခ"

ရွှေစင်ကြယ် ပါးစပ်ကတောင် ထုတ်ညည်းမိသည်။ ဒီအူကြောင်ကြောင်ကောင်နဲ့တော့ ဒုက္ခ။ စိတ်မရှည်လိုက်တာနော်။

ချစ်ဦးကိုက ရွှေစင်ကြယ်ကို အကဲခတ်သလို ကြည့်နေသည်။

"ပြောရမလား မရွှေစင်"





ဒုက္ခ။ ရည်းစားစကား ပြောမယ်မှန်း သိသိနဲ့ ပြောပါလို့ ပြောရမလို ဖြစ်နေပြီ။

"ပြောချင်ပြော မပြောချင်လည်းနေတော့ဟယ်။ ပြန်တော့မယ်။ တကတဲ ယောကျ်ားလေးဖြစ်ပြီး ချီတုံချတုံနဲ့"

"မရွှေစင် ... ဟို ... ဟိုလေ"

မပြောဘဲ စကားရပ်သွားပြန်သဖြင့် ရွှေစင်ကြယ်မှာ စောင့်ခုန်ရမယ့်အစား စိတ်မရှည် ဖြစ်နေသည်။

"ကျွန်တော့်ကို ပိုက်ဆံနည်းနည်းလောက် ချေးပါလား"

"ဘာ"

"ဖြည်းဖြည်းအော်ပါဗျာ။ သူ့ဆီက ပိုက်ဆံလေးချေးမိတာ ဒီလောက်တောင် လန့်ရတယ်လို့"

"နင်ပြောမှာ အဲဒါလား"

"ဟုတ်တယ်။ ကျွန်တော် ဒီနေ့ ရုံးရောက်ကတည်းကပြောမလို့ စောစောစီးစီး ပြောရမှာ အားနာလို့"

"ဖြစ်ရလေ"

ရွှေစင်ကြယ် တော်တော်စိတ်ပျက်သွားသည်။

"ချေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘယ်လောက်ယူမှာလဲ"

"ငါးသောင်းတည်းပါ လစာထုတ်ရင် ပြန်ဆပ်ပါ့မယ်"

"နင်က ဘာကိစ္စ ပိုက်ဆံလိုနေတာလဲ"

"ကျွန်တော့်အမေကို မျက်မှန်လုပ်ပေးချင်လို့ ကိုင်းနည်းနည်း ကောင်းတာလေးနဲ့ တစ်ခါတည်း လုပ်ပေးလိုက်ချင်လို့။ အဆင်ပြေမလားဟင်"

ရွှေစင်ကြယ်က မျက်စောင်းထိုးကာ ပိုက်ဆံအိတ်ဖွင့်ပြီး တစ်သောင်းတန်ငါးရွက် ထုတ်ပေးသည်။

"ရော့ ... ဒါလေး ပြောဖို့များ ပျိုးနေလိုက်တာ မပြီးတော့ဘူး"

"အားနာလို့ဗျာ။ သူများဆီကလည်း တစ်ခါမှ မချေးဖူးဘူး"

"နင်တို့ယောကျ်ားလေးတွေနဲ့ ခင်မင်ရင်လေ ပိုက်ဆံချေးခံရဖို့က ကျိန်းသေပဲ။ လကုန်ရင် လစာထဲက တစ်ခါတည်း ဖြတ်ထားလိုက်မယ်နော်"

❦ ○ ❦





ချစ်ဦးကို တစ်ယောက် ပိုက်ဆံတစ်သောင်းတန်ငါးရွက်ကို ဖြန့်ကာ ယပ်ခတ်ရင်း တခွိခွိ ရယ်နေမိသည်။

သူ တမင်လုပ်တာပါ။

အမေ့ကို ပြီးခဲ့တဲ့လတည်းက မျက်မှန်က လုပ်ပေးပြီးသားပါ။ သူမကို အမြင်ကတ်လို့ တမင် ခပ်ပါးပါးလေး အလိုပေးလိုက်တာ။

အလှတွေ ပြင်ထားတာ တွေ့ကတည်းက ရယ်ချင်နေတာ။ ခနည်းထိန်းထားရ၏။

"ခြော် ... မိန်းမ ... မိန်းမ ... မိန်းမတွေထဲမှာမှ သင်းက တော်တော်ကို မိန်းမမာန်တက်တဲ့ မိန်းမပဲ"

ယောကျ်ားတိုင်းက သင်းကို ကြိုက်ကို ကြိုက်ရမည်ဟု ထင်နေပုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမ ပိုက်ဆံငါးသောင်းနဲ့ ဘုရားသွားမယ်။ ပြီးရင် ရုပ်ရှင်လေး ဘာလေး ဝင်ကြည့်လိုက်ဦးမယ်။ ဆော်ဒါတွေ သွားဦးမှ။

ဒီလိုရထားတဲ့ ပိုက်ဆံကိုတော့ ပြန်ဆပ်ရကာ ဆပ်ရော ပျော်ပျော်ကြီးကို သုံးပစ်လိုက်ဦးမယ်။

သူငယ်ချင်းတစ်ယောက်နဲ့အတူ ရွှေတိဂုံဘုရား တ လာသည်။ သူငယ်ချင်းကိုတော့ သူမ၏သိက္ခာကို ငဲ့ကွက်သ အားဖြင့် မပြောပြမိပါ။

ယောကျ်ားကောင်း ဆိုတာ မိန်းမတစ်ယောက် အတင်းကို မပြောသင့်ဘူးဟု သူ ယူဆပါ၏။

ဘုရားပေါ်ရောက်တော့ လယ်ယာရစ်ပတ်ရင်း ကို မွေးနံထောင့်ကို သွားတာပေါ့။ မြောက်ဘက်မုခ်က တက်တာ လက်ယာရစ်ပတ်တော့ သောကြာထောင့်က စပြီးပတ်ရသည်

အဲဒီမှာ မျက်လုံးထောင့်စွန်းကနေ ဖျတ်ခနဲ လိုက်ရတဲ့ အရိပ်တစ်ခု။

ကြာပန်းဖြူဖြူတွေကို လက်အုပ်ချီမိုးကိုင်ထား ကောင်မလေး။ ဟုတ်တယ်။ ကုဋေရှင် ဘုရားရှိခိုးနေတာ



မြန်မာဝတ်စုံလှလှကလေးနဲ့ ရွှေတိုရွှေစလေးတွေ ဆက်နေပုံထောက်တော့ သူမ အဆင်တော့ ပြေပုံပါပဲ။

"ဟိုတစ်ယောက်က ငါ့အသိကွ။ လာ ... သူ ဘုရားရှိခိုး ပြီးတဲ့အထိ စောင့်ပြီး နှုတ်ဆက်လိုက်ဦးမယ်"

"အမိုက်စားလေးပါလား။ မင်းနဲ့ ကင်းရှင်းရင် ငါ့ကိုမိတ် ဆက်ပေး"

"အရေးထဲ ဘုရားပေါ်လာပြီး နှာလာချေနေသေးတယ်။ ရောက်နေတဲ့ နေရာလည်း သတိထားဦး၊ သူများ သားသမီး ကို ပစ်မှားမနေနဲ့"

သူမနောက်နားမှာ သွားထိုင်စောင့်နေမိသည်။ သူမ ဘုရားရှိခိုးတာ ကြာတော့ ကြာသည်။ ပါးစပ်ကလည်း ပွစိပွစိနဲ့ ရွတ်လို့ ဖတ်လို့ မပြီးနိုင်တော့။

သူတို့ကတော့ ဘုရားပေါ်တက်ရင် ဦးငါးကြိမ်ချ ပြီးတာနဲ့ ကောင်မလေးတွေ ထိုင်ငမ်းတော့တာပဲ။

ခုလည်း ကုဋေရှင်ကို ငေးကြည့်နေမိသည်။

သူမလက်ထဲက ကြာပန်းဖြူဖြူတွေကို တွေ့တော့ နှင်းဆီကြိုက်တဲ့ မှူးစင်ကြယ်ကို သတိရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုဋ္ဌေရှင်ကရော ကြာပန်းဖြူဖြူ တစ်ပွင့်လား။ သူကတော့ ယောကျ်ားလေးပီပီ ပန်းကိုကြိုက်တယ်လည်း မဟုတ်၊ မကြိုက်ဘူးလည်း မဟုတ်ဘဲ ပန်းဆိုတာ ကိုယ်နဲ့မဆိုင်တဲ့ ဘာသာရပ်တစ်ခုလို ဖြစ်နေသည်။

သူ့အတွက် ပန်းတစ်ပွင့်ဟာ မိန်မလှလေးတစ်ယောက်လောက်တောင် စိတ်ဝင်စားစရာ မကောင်းပါ။

"ဟင် ... ချစ်ဦးကို"

"အေး ... နင့်ကိုတွေ့လို့ စောင့်နေတာ"

"ဩော်"

"နင် ဘာတွေလုပ်နေလဲ။ အဆင်ပြေလား"

"အင်း ... ဒီလိုပါပဲ။ ပြေတယ်ဆိုရုံပေါ့ဟာ။ နင်ရော အဆင်ပြေတယ်မို့လား"

"အေး ... ပုံမှန်ပါပဲ"

"ရုံးမှာပဲလား"

"အေး ... နင်ရော ဘယ်မှာလုပ်နေလဲ"

"ငါ စက်ချုပ်သင်ပြီး အင်္ကျီတွေကို ကိုယ့်တဲဆိပ်နဲ့ကိုယ် ချုပ်နေတယ်။ ဆိုင်တွေ လိုက်တင်တယ်လေ"





"ကိုယ်ပိုင်အလုပ်ပေါ့။ ကောင်းပါတယ်"

"သေးသေးလေးပါဟယ်၊ ငါ့မိသားစုအတွက် လောက်တယ် ဆိုရုံလောက်တော့ ရပါတယ်"

"ဘဝဆိုတာ အဲလို ရုန်းကန်နိုင်တာကမှ ပိုပြီးအဓိပ္ပာယ် ရှိတာဟ"

"အဟင်း ... ပြောတော့ လွယ်တယ်။ ဒါပေမဲ့ ငါ အရမ်း ပင်ပန်းတယ်ဟာ၊ စိတ်ရော လူရောပဲ၊ နင့်ကို သူငယ်ချင်း အရင်းတစ်ယောက်လို သဘောထားပြီး ရင်ဖွင့်တာပါဟယ်။ ငါကတော့ လရောင်မှုန်တိမှုန်ဝါးအောက်မှာမှ အားပါးတရ ပွင့်ရတဲ့ ကုမုဒြာလို ဘဝမျိုးပါ"

"ငါတို့ တစ်ခုခု သွားစားရအောင်လေ၊ ငါကျွေးမှာနော်"

"ဟင်း ... မစားတော့ပါဘူးဟယ်၊ အဲလောက်လည်း အချိန်မရပါဘူး။ သွားတော့မယ်"

"နင် အရင်ဖုန်းနံပါတ်ပဲလား"

"အေး"

"ကုဋ္ဌေရှင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နှင် တစ်ခုခုဆို ငါ့ဆီ ဖုန်းဆက်။ ရင်ဖွင့်လို့ ရတယ် နော်။ ယုံတယ် ဆိုရင်ပေါ့"

"ကျေးဇူးပါပဲဟယ်။ ဒါပေမဲ့ ကိုယ့်အပူ သူများမကူးစေ ချင်ပါဘူး။ ငါ သွားပြီနော်"

"ငါ နှင့်ဆီ ဖုန်းဆက်လို့ရလား"

"ရပါတယ် ဆက်လေ"

"အေး ... အေး ... လိုက်ပို့ပေးရမလား"

"ရတယ်။ တစ်ယောက်တည်းသွားတာ အကျင့်ဖြစ်နေပြီ"

ကုမ္မေရှင် ထွက်သွားတော့ ...

"ငါ့ကိုတောင် မိတ်မဆက်ပေးဘူး"

"ဘဝသမားလေးပါကွာ၊ သွားမနှောင့်စမ်းပါနဲ့။ သူ့အထ ထောင်ကလွတ်ပြီလား မသိဘူး"

"ဟာ ... အဲလိုကြီးလား"

သူ့ သူငယ်ချင်းကို ရှင်းပြမနေတော့။ ထိုစကား တောင် သူ့ပါးစပ်က လွှတ်ခနဲ ထွက်သွားတာပါ။

❦ ○ ❦





"ကုမ္မေရှင်ရယ် ... ဒီအခန်းလေးထဲမှာ လူနေတာရော အလုပ်လုပ်တာရော ဆိုတော့ ကျပ်ညပ်နေတာပေါ့ ညီမ လေးရယ်"

"အခန်းငှားခတွေ ဈေးကြီးတော့ အခန်းကျယ်လည်း မငှားနိုင်ပါဘူး မမရယ်။ ဒီအခန်းလေးထဲမှာပဲ လူလည်း နေ၊ အလုပ်လည်း လုပ်နေရတာပဲ။ ပိုက်ဆံကို တတ်နိုင် သလောက် ရအောင်ရှာပြီး ပိုက်ဆံထွက်ပေါက်ကို ကျဉ်း နိုင်သမျှ ကျဉ်းအောင်နေနိုင်မှ မမရေ"

"အဲဒါပဲ မမ ပြောမလို့။ မမတို့ခြံထောင့်မှာ လွတ်နေတဲ့ ဂိုဒေါင်တစ်လုံး ရှိတယ်။ အရင်ကတော့ အလုပ်သမားတွေ နေတာ၊ ခုက အလုပ်သမားတွေကို ကားဂိုဒေါင်နဲ့တွဲလျက် မှာ ပြောင်းထားလိုက်ပြီဆိုတော့ ဂိုဒေါင်က လွတ်နေတာ လေ။ ပြီးတော့ ပြန်လည်း ပြင်ဆင်ထားတာ ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်လို့ ရတယ်။ ဘာမှ ငှားခပေးစရာ မလိုဘူးနော်၊ မမက သက်သက်ကူညီတာ"

"အားနာစရာကြီး မမရယ်။ သူများ အကူအညီကိုလည်း တစ်ခါမှ မယူဖူးဘူး။ ဒါပေမဲ့ အလုပ်တွေက များလာတော့ နေရာကလည်း တကယ့်ကို ကျဉ်းထဲကျပ်ထဲ ဖြစ်နေတာတော့ အမှန်ပဲ။ နှမြောလို့သာ ဖျစ်ညှစ်ပြီး ကျဉ်းကျဉ်းကျပ်ကျပ်နေရတာဆိုတော့"

"ကဲပါ ... အားလည်းမနာနဲ့။ ဘာမှလဲ ပြောမနေနဲ့တော့။ အခု မမနဲ့ တစ်ခါတည်း အခန်းလိုက်ကြည့်လိုက်။ အဆင်ပြေရင် တစ်ခါတည်းသာ ပြောင်းခဲ့လိုက်တော့"

"ဟုတ်ကဲ့ ... ကျေးဇူးအရမ်းတင်ပါတယ် မမရယ်"

ဒီလိုနဲ့ ကုဋေရှင် တစ်ယောက် အပျိုကြီးရဲ့ခြံထဲက ဂိုဒေါင်လေးမှာ မနက်သွား ညပြန် အလုပ်သွားလုပ်ဖြစ်သည်။ စက်တွေလည်း ထပ်ဝယ်ထည့်ကာ အချုပ်သမားတွေလည်း ထပ်ခေါ်ပြီး လုပ်ငန်းကို ချဲ့ပစ်လိုက်သည်။

ဂိုဒေါင်သာပြောတာ လုံးချင်းတိုက်ကလေးကို သပ်သပ်ရပ်ရပ် တစ်ထပ် hall တိုက်ကလေးမို့ အလုပ်လုပ်ရတာ အဆင်တော်တော်ပြေပါသည်။





အပျိုကြီးကလည်း သူမရဲ့ အသိမိတ်ဆွေတွေ ခေါ်လာပြီး မိတ်ဆက်ပေးသဖြင့် အပ်ထည်တွေရော ဈေးအော်ဒါတွေပါ လက်မလည်။ ပထမတော့ ပွဲတက်ဝတ်စုံလေးတွေပဲ ချုပ်ရတာပေါ့။ နောက်တော့ တဖြည်းဖြည်း ရပ်ကွက်ထဲက မင်္ဂလာပွဲ အသေးလေးတွေက သတို့သမီးတွေကပါ လာအပ်လာကြ၏။

တဖြည်းဖြည်းနဲ့ လူသိများလာသည်။ သူမကလည်း စိတ်ကို အပြည့်နှစ်ကာ အလုပ်မှအလုပ် တစ်ချိန်လုံး ကြိုးစားသည်။

အိမ်ကို အိပ်ချိန်ပဲ ပြန်သည်။ တစ်ခါတစ်ရံ အပ်ထည်ကျရင် ညလုံးပေါက် မပြန်ဘဲ အလုပ်လုပ်သည်။ သူမနဲ့အတူ အလုပ်သမားတွေပါ အတူဝိုင်းလုပ်ပေးသည်။

တဖြည်းဖြည်းနဲ့ သူမ နာမည်ရလာခဲ့သည်။

အပျိုကြီးကလည်း သူမကို အများကြီး ကူညီပေးသည်။

အပျိုကြီးရဲ့မောင် ဆရာဝန်ကြီးကတော့ အိမ်ကပ်ရတယ်လို့ မရှိ။ သူမတို့နဲ့လည်း မတွေ့ရပါ။ သူမတို့ဘက်ကို လာတာမျိုးမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက်တော့ အပို့ုကြီးဟာ တကယ့်ကို ကျေးဇူး ရှင်ပါ။ နေရာပေးရုံသာမက လိုအပ်တာမှန်သမျှ အစစအရာရာကို ကူညီပေးနေသည်။

အပို့ုကြီးကြောင့် သူမအလုပ်တွေ ပိုတိုးတက်လာ တာပါ။ ဒါပေမဲ့ သူမဘဝက ခုချိန်ထိကို မိုးမလင်းသေးပါလား။ အလုပ်တွေ အဆင်ပြေလာပြန်တော့ အကြောင်းအရာ အသစ် တစ်ခုက ထပ်ပူပြန်သည်။

❦ ○ ❦





ဟုတ်ပါတယ်။ ဝင်ငွေ အသင့်အတင့်ကောင်းပြီး အဆင်လေးပြေမယ်ရှိသေး။ အမေက သွေးကင်ဆာတဲ့။

သွေးသွင်း၊ ဆေးသွင်းနိုင်သလောက်တော့ အသက် ကို ဆွဲဆန့်ထားနိုင်မယ်ဆိုပဲ။

သူမဖခင်ကို သနားလိုက်တာ။ ထောင်ကလွတ်လာ ကာတောင်မှ ရောဂါဆိုးက ကျန်းမာပျော်ရွှင်စွာနေခွင့် မပေးဘဲ အရောင်ရောင် ဖြစ်နေလို့ ဆေးစစ်ကြည့်ကာမှ ကင်ဆာနဲ့တည့် အည့်တိုးပြန်သည်။

အိမ်မှာ ရောဂါသည် ရှိလာပြီဆိုတော့ အပို့ုကြီးရဲ့ အဆင် ဆရာဝန်ကြီးက ကြည့်ပေးပါသည်။ ကင်ဆာအထူးကု ဆောတ်ပေးမယ့် လိုအပ်တာတွေ အကြံပေးတာမျိုး၊ လိုအပ်တဲ့ အခြားဆေးတွေ၊ အားဆေးတွေ စသဖြင့် ကူညီပေးပါသည်။ သွားလိုရင်လည်း ဆရာဝန်ကြီးကျေးဇူးနဲ့ လွယ်လင့်တကူ ရသည်။

ပိုက်ဆံလည်းကုန်၊ လူလည်းပင်ပန်းပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ့ကို ဆေးမကုပါနဲ့ သမီးကြီးရယ်။ ငါ့သမီးကိုသနားလို့ပါ။ အဖေအသုံးမကျလို့ ခုလိုဖြစ်တာ။ အဖေသေမှ အေးမှာ"

"သမီးကို တကယ်သနားရင် အဲဒီစကားတွေ မပြောပါနဲ့ အဖေ။ အဖေ တကယ်ကျန်းမာလာအောင်ပဲ နေပါ"

"အဖေမိုက်တာပါ သမီးရယ်၊ အစိုးရငွေကို ကိုယ့်ငွေမှတ်ပြီး သုံးရုံနဲ့အားမရလို့ ပဲပါလျှောင်ပစ်တာ။ ခုလို မိသားစုဒုက္ခရောက်တာ အဖေမိုက်လို့။ အဖေ အသုံးမကျလို့။ ဘယ်လောက်များ အဖေဒုက္ခပေးမိလဲဆို ရောဂါဖြစ်တာတောင် ငွေကုန်ကြေးကျများတဲ့ရောဂါဖြစ်ပြီး မိသားစုကို နှိပ်စက်တာ"

"မပြောပါနဲ့တော့ အဖေရယ်"

"ဟုတ်ပါ့ ... တော်ကလည်း သမီး စိတ်ဆင်းရဲအောင် ထပ်မပြောပါနဲ့။ တော့်ဘာသာ သက်သာအောင်နေ။ ရောဂါဖြစ်တာပဲ။ ဘယ်သူက ဖြစ်ချင်မလဲ။ သူ့ဘာသာဖြစ်လာတာတော့ ဘယ်တတ်နိုင်မလဲ။ ရှင့်အပြစ်မှ မဟုတ်တာ။ ရှင် စိတ်မကောင်းဖြစ်ပြနေတော့ ကျုပ်တို့လည်း ပိုစိတ်ညစ်တာပဲရှိတယ်။ ကိုယ့်ဘာသာ စိတ်သက်သက်သာသာ နေစမ်းပါတော်။ ရောဂါဖြစ်လို့ ကုစရာပိုက်ဆံ ရှိတာပဲ





စိတ်ချမ်းသာစမ်းပါ။ အရင်လိုသာဆို ကုနိုင်မှာတောင် မဟုတ်ဘူး"

"ငါ့သမီးကို သနားလို့ပါဟာ"

သူမမောင် အလတ်ကောင်ကလည်း ဆယ်တန်းမအောင်ပါ။ စိတ်သောကတွေနဲ့ဆိုတော့ ကလေးတွေကလည်း ကြိုးစားချင်စိတ် မရှိကြတော့။ တစ်နှစ်ကျပြီး ကျောင်းဆက်မတက်ဟုဆိုကာ နားထားသည်။

သူရှိတော့ အဖေ့ကို ပြုစုဖော်ရ၍ တော်သေးသည်။

ကုငွေ့ရှင်ကတော့ ပိုက်ဆံပဲ မဲရှာနေရသည်။ အဖေဆေးကုဖို့ အဓိကလိုအပ်တာ ပိုက်ဆံပဲလေ။

လူဆိုတာ ဘယ်လောက်ပဲ ကြိုးစားဖြစ်မြောက်နေပါစေ။ ကံကြမ္မာရဲ့ ထိုးနှက်ချက်ကို ခုခံကာကွယ်နိုင်ဖို့တော့ မလွယ်ဘူး။ အတိတ်ဘဝကုသိုလ်၊ အကုသိုလ်က အကျိုးပေးလာရင် ဘာနဲ့မှ ရှောင်လို့မရပေမယ့် ရင်ဆိုင်နိုင်စွမ်း ရှိရင်တော့ ပိုကောင်းပါသည်။

ဘဝဆိုတာ ရုန်းကန်လှုပ်ရှား ကြိုးစားနိုင်ပါမှ လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်မှာလေ။ ဇွဲ လုံ့လ ဝီရိယရှိတဲ့သူဟာ ဘယ်တော့မှ လူဖြစ်မရှုံးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကုဋေရှင် ဘဝမှာလည်း ကံကြမ္မာက တစ်ခုပြီး တစ်ခု ထိုးနှက်ခံနေရတာတောင် မိန်းမသားတန်မဲ့ အံတုရင်ဆို နေပါသည်။ ဘဝကို အရှုံးမပေးဘဲ အတတ်နိုင်ဆုံး ကြိုးစား သည်။

မိသားစုအတွက်ပါ။ သူမဟာ သူမရဲ့မိသားစု အဆ ပြေစေဖို့အတွက် စေတနာတွေ၊ မေတ္တာတွေ အပြည့်ထည့် ကြိုးစားနေတာပါ။ လုပ်သမျှ အလုပ်မှန်သမျှဟာ သူမအတွ တစ်ခုမှမပါ။ မိသားစုအတွက် လုပ်ခဲ့တာ။ ထို့ကြောင့်လည် အောင်မြင်တာပါ။

ခုလည်း ဖခင်ဆေးဖိုး အလျှင်မီအောင် အလုပ် ကြိုးစားလုပ်နေရသည်။ အပျိုကြီးကတော့ သူမကို သံ ကျပြီးရင်း ကျနေသည်။

ဒီလိုမိန်းမကောင်းမျိုးလေးကို ယောက်မတော် လိုက်တာ။ မောင်ဖြစ်သူနဲ့ အနေနီးစပ်စေချင်လို့ကို ခြံထဲ ထားတာပါ။ ဒါပေမဲ့ မောင်ဖြစ်သူလည်း သူ့အလုပ်နဲ့သူ ရှုပ် ကောင်မလေးကလည်း သူ့အလုပ်မှ သူ့အလုပ်ဆိုတော့ တ တည်းနေတာတောင် မျက်နှာချင်းဆိုင် ဖြစ်နေကြရဲ့လားမသိ

❦ ○ ❦





သူမတို့ ကြိုးစားပြီး ကုနေတဲ့ကြားကပဲ သူမဖခင် ဆုံးပါးသွားခဲ့ပါပြီ။ ဆေးတော့ အတော်လေး ကုပေးလိုက်ရပါ သည်။

ကြားထဲမှာ ငွေလိုရင်လည်း အပျိုကြီးဆီက ဆွဲရ သည်။ လိုရင်ဆွဲလိုက်၊ အလုပ်က ငွေပေါ်ရင် ပြန်ပေးလိုက်နဲ့။

BURMESE CLASSIC

အဖေလည်းဆုံးရော သူမတို့ မိသားစုတွေလည်း နွမ်းလျှစွာ ကျန်ရစ်ခဲ့တော့သည်။

ရသမျှ ပိုက်ဆံတွေလည်း အဖေ့ဆေးကုစရိတ်နှင့် ကုန်တာပါပဲ။ မိသားစုကတော့ ငွေကုန်လူပန်းပြီး ကျန်ခဲ့တာပါပဲ။ ကင်ဆာရောဂါဆိုတာကလည်း သေမင်းဆီ ငါးဆယ်ရာခိုင်နှုန်း ခြေလှမ်းထားသော ရောဂါမဟုတ်ပါလား။

ရှာပနကိစ္စ အဝဝကိုလည်း အပျိုကြီးက ဝိုင်းကူညီ ဆေးလို့သာ တော်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ အလုပ်တွေကို ဖိကြိုးစားသည်။

"အမေ စိတ်ဓာတ်မကျနဲ့နော်။ အခု သမီးတို့မှာ အ မရှိတော့ပေမယ့် စိတ်ဓာတ်ကျနေလို့ မရဘူး။ ကြိုးစာ ဦးမှာ"

"အမေကို ဂရုစိုက်ကြနော် မောင်လေးတို့။ အလတ်ကော လည်း စာမေးပွဲပြန်ဖြေ။ အခု ငါ ပိုက်ဆံရှာနိုင်တယ် နင်တို့ကို ကျောင်းဆက်ထားပေးနိုင်တယ်။ စိတ်ဓာတ် နဲ့။ စာကြိုးစားကြ"

အမေနဲ့ မောင်နှစ်ယောက်ကို အားပေးနေရပေမ သူမကိုယ်တိုင် နွမ်းလျယိုင်နဲ့နေပြီ။

အပျိုကြီးကပဲ သူမကို ဂရုတစိုက်နဲ့ အစားအ တွေကျွေးသည်။ နွားနို့၊ ကြက်ဥပြုတ်၊ အားဆေး စသဖြင့် အ ကို ဂရုတစိုက်နဲ့ ကျွေးသည်။

"မမရယ် … မမကျေးဇူးတွေ ကုဋေရှင့်အပေါ် အရမ်း များနေပါပြီ"

"ရပါတယ်ကွယ်၊ ညနေ မောင်လေး ပြန်လာတဲ့အ လာခေါ်ခိုင်းလိုက်မယ်။ သွေးပေါင်လာချိန်စမ်း။ ကုဋေ ကြည့်ရတာ အားနည်းနေသလိုပဲ"





"ရပါတယ် မမရယ်။ ဆရာကြီးကို အားနာပါတယ်။ ဆရာကြီးလည်း ပင်ပန်းတော့ အိမ်ပြန်လာရင် နားချင်မှာပေါ့။ ရပ်ကွက်ဆေးခန်းမှာပဲ သွားချိန်လိုက်ပါ့မယ်"

"ကွယ် … မိသားစုလို သဘောထားစမ်းပါ။ မောင်လေး ရှိရက် ဘာဆေးခန်း သွားချိန်စရာလား။ မောင်လေး ပြန်လာရင် အိမ်ကကောင်မလေးကို လာခေါ်ခိုင်းလိုက်မယ်။ လိုက်ခဲ့နော်"

"ဟုတ်ကဲ့ပါ မမ"

အစ်မဖြစ်သူ ပြောပြထားလို့ ဒေါက်တာမင်းဆက် ည်း ဒီကောင်မလေးအကြောင်း သိသင့်သလောက် သိနေပါပြီ။ မဖြစ်သူက အညွှန်းကောင်းတော့ ကောင်မလေးအပေါ် သနား တ်လည်း ရှိနေပါပြီ။

ဒါပေမဲ့ …

ရိုးရိုးသနားရုံပါပဲ။ အလုပ်လုပ်ရလွန်းလို့ ဖတ်သီ တ်နွမ်းလျနေတဲ့ သူမဟာ သနားစရာကောင်းပေမယ့် ဆွဲဆောင် ကြော့မတ်မနေပါ။

အထူးကုဆရာဝန် သူဌေးတစ်ယောက်အနေနဲ့ သူမ ဆင့်ကို အိမ်ထောင်ဖက်ဟု မမြင်မိပါ။ ဒါကို အစ်မဖြစ်သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း နားလည်နေပါသည်။ ထို့ကြောင့်လည်း မသိမသာပဲ စကားသွင်းကာ နီးစပ်အောင် ဖန်တီးပေးနေတာပါ။

ဘယ်ရေစက်ကြောင့်မှန်းမသိ။ အပျိုကြီးက ကုဋေရှင်ကို တော်တော်လေးကို ချစ်ခင်မိသည်။

အပျိုကြီးရဲ့ ရည်ရွယ်ချက်ကို ကုဋေရှင်ရော မောင်ဖြစ်သူ ဒေါက်တာမင်းဆက်ပါ သတိမထားမိ။ မရိပ်မိပါ။

❦ ○ ❦





သူမ ဗိုလ်ချုပ်ဈေးရောက်တော့ သူမကြိုက်တဲ့ ပန်းချီကားလေးကို သွားရှာမိသေးသည်။ ဒါပေမဲ့ ပန်းချီကားလေး မရှိတော့ပါ။

ဩော် ... ဘဝဆိုတာ ဒီလိုပါလား။ ပန်းချီကားဆိုင်မှာပြထားတုန်းကတော့ ဝယ်စရာပိုက်ဆံမရှိ။ ပိုက်ဆံရှိလို့ သွားဝယ်တော့ ပန်းချီကားလေးက မရှိတော့။

သူမ ထိုနေ့က ဈေးထဲမှာ အချိန်တော်တော် ဖြုန်းပစ်လိုက်သည်။

ပန်းချီကားတွေ လျှောက်ကြည့်ရင်းနဲ့ပေါ့။

သူမဘဝက စိတ်ပင်ပန်းလို့ အပန်းဖြေခရီး ထွက်နိုင်တဲ့ အနေအထားမှ မဟုတ်တာလေ။ စိတ်ပြေလက်ပျောက် လျှောက်လည်ထွက်တာမျိုးလည်း မလုပ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း window shopping ပေါ့။ သူမပန်းချီကားတွေ ငေးနေတုန်း သူမကို တစ်စုံတစ်ယောက် ကြည့်နေသလို ခံစားရ၍ လှည့်ကြည့်လိုက်တော့ ...

"ချစ်ဦးကို"

"ဟုတ်တယ်။ နင် ဘာလုပ်နေတာလဲ"

"ငါလား ... ဟိုငေး ဒီငေးပေါ့။ နင်ရော ဘာလာလုပ်တာလဲ"

"ငါလား ... မင်္ဂလာဆောင်လက်ဖွဲ့ ဝယ်ခိုင်းလို့လာဝယ်တာ၊ ကျောက်စီပန်းချီကားလေ"

"ဪ"

"နင် အချိန်ရလား။ အအေးသောက်ရအောင်"

"သောက်မယ်ဟာ၊ ငါ့ကို မမေးနဲ့ ငါက ကိုယ်ပိုင်အချိန်သမား။ ငါ အလုပ်လုပ်ချင်လုပ်၊ ငါအားချင် အားလို့ရတယ်"

"အေးပါ ... နင်ပဲပြော"

အအေးဆိုင်ထိုင်ရင်းနဲ့ ...

"ငါ့အဖေ ဆုံးသွားပြီဟ"





"ဟုတ်လား"

"သွေးကင်ဆာနဲ့ ဆုံးတာ"

"စိတ်မကောင်းပါဘူးဟာ၊ တော်တော်လည်း ကုလိုက်ရမှာပေါ့"

"အင်း ... ဒါပေမဲ့ ကုလိုက်နိုင်တာကိုပဲ ကျေနပ်ပါတယ်ဟာ"

"အေးပေါ့ဟာ ... ပိုက်ဆံဆိုတာ သုံးဖို့အတွက် ရှာနေရတာပဲ။ သုံးစရာရှိတာပဲ တော်သေးတာပေါ့"

"နင်ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"အင်း ... ငါ့ဘဝကတော့ ရတာမလို လိုတာမရပဲဟာ၊ ငါကြိုက်တဲ့ ပန်းချီကားလေးကို အရင်က မဝယ်နိုင်ခဲ့ဘူး။ အခု ဝယ်နိုင်လို့ လာကြည့်တော့ ပန်းချီကားလေးက မရှိတော့ဘူးဟ"

"ဖြစ်ရမယ်"

အမြဲနွမ်းနေတဲ့ မျက်နှာလေးကို ရယ်မောပြုံးပျော်စေချင်လိုက်တာ။ ပျော်ဖို့အတွက် နှင်းဆီပန်း နှစ်သိန်းကျော်ဖိုး ဝယ်သော မရွှေစင်ကို သတိသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝတွေက ကွာဟလွန်းလှသည်။ သူကိုယ်တိုင် သူမ ပျော်ရွှင်စေဖို့အတွက် ပိုက်ဆံနှစ်သိန်းလောက် မဖြုန်းနိုင်သေးပါ။ သူ့ရင်ထဲမှာ သူမကို တကယ်ပျော်ရွှင်စေချင်မိသည်။ သူမကို နှင်းဆီတွေ ခြံအပြတ်မဝယ်ပေးနိုင်ပေမယ့် သူမ စိတ်ချမ်းသာအောင် တစ်နည်းနည်းနဲ့တော့ လုပ်ပေးချင်သည်။

"ကုဋေရှင် ... နှင့်ဆီ ငါလာလည်လို့ ရလား"

"ရပါတယ်"

"ငါ့ကို နှင့်လိပ်စာ ပေးဦး။ ရုံးပိတ်ရက် လာလည်မယ်"

သူမက လိပ်စာကတ်တစ်ခု လှမ်းပေးသည်။

"လာကာနီးရင် ဖုန်းတော့ ကြိုဆက်နော်။ ငါ အပြင်သွားနေတဲ့အချိန်လာရင် မတွေ့မှာစိုးလို့"

"အိုကေ ... အိုကေ ... ဒါနဲ့ နင် နှင်းဆီပန်းကြိုက်လား"

❦ ○ ❦





သူ ကုဋေရှင်ကို ပျော်ရွှင်စေချင်မိသည်။ မိုလ်ချုပ်ဈေးမှာ သူမပန်းချီကားတွေကို စိတ်ဝင်တစား ကြည့်နေပုံလေးက သူ့ကို ရင်တွေခုန်စေသည်။

ဘာလဲ။ ဘာလို့ရင်ခုန်တာလဲ။ ဘာလို့ သူမကို ပျော်ရွှင်စေချင်တာလဲ။

သူ့ကို ဒုက္ခပေးတဲ့ ရွှေစင်ကြယ်ကို ဘာလို့ အမြင်တွေကတ်နေတာလဲ။

အရင်းစစ်တော့ သူ ကုဋေရှင်ကို သနားမိတာ။ သူမဘဝလေးကို သိထားတော့ သနားနေတာ။ သူမ ရုန်းကန်လှုပ်ရှားနေရတာကို မြင်နေရတော့ သနားနေတာ။

သနားခြင်းနဲ့ ရင်ခုန်ခြင်း ထပ်တူကျလို့လား။ သနားတာက သနားတာပဲ။ ရင်က ဘာလို့ခုန်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ဈေးက ပြန်လာပြီးမှ သူမအကြောင်းတွေး မိတိုင်း ရင်ခုန်နေပါလား။ ထူးတော့ ထူးဆန်းသား။ ရင်ခုန်တာ အချစ်လား။

ဘာပဲဖြစ်ဖြစ် သူ ရုံးပိတ်တဲ့နေ့ သူမဆီသွားမည်။ သူမ ပျော်ရွှင်လောက်တဲ့ လက်ဆောင်လေးတွေ သွားပေးမည်။

သူ အများကြီး မတတ်နိုင်ပေမယ့် သူမ ပျော်ရွှင် ကောင်းပါရဲ့။

ကြည်နူးစရာကောင်းတဲ့ အချစ်သီချင်းလေးတွေစု ပြီး ကူးထားတဲ့ အချစ်သီချင်းခွေလေး တစ်ခွေရယ်။ သူမ သိပ် ကြိုက်ပါတယ်ဆိုတဲ့ ကြာပန်းဖြူဖြူလေးတွေကို floral sevice မှာ မှာထားတဲ့ ပန်းစည်းလှလှလေးရယ် သူမကို သွားပေးမလို့ပါ။

သူမက နှင်းဆီပန်း မကြိုက်ဘူးတဲ့။ ဆူးပါလို့ဆိုပဲ။ ဟုတ်သား။ ဆူးဆိုတာ မိမိကိုယ်ကို ကာကွယ်ရုံဆိုရင် အပြစ်မ ဆိုသာပေမယ့် သူတစ်ပါးကို တမင်ရန်စတိုက်ခိုက်ဖို့တော့ မဖြစ် သင့်ဘူးလေ။

မိန်းကလေးနှစ်ယောက်ဟာ တကယ်ကို နှင်းဆီပန်း နဲ့ ကြာဖြူပန်းတွေလို ကွာဟလွန်းပါသည်။





တကယ်တော့ ကြာပန်းဆိုတာ နှင်းဆီပန်းလောက် မလှပသလို နှင်းဆီပန်းလို အမွှေးရနံ့လည်း မကြွယ်။ နှင်းဆီပန်း ကဲ့သို့ အဖိုးလည်းမတန်။ ဒါပေမဲ့ နှင်းဆီပန်းလို စိုက်တိုင်းလည်း မပွင့်။ နှင်းဆီပန်းလို နေရာတကာ ပေါများစွာ မတွေ့ရဘဲ ရှားပါးပါသည်။

ဟုတ်ပါတယ် ...။ ရွှေစင်ကြယ်ဟာ အများထဲက သာမန်မိန်းမတစ်ယောက်ရဲ့ စိတ်နေစိတ်ထားရှိသူ တစ်ယောက် ပါပဲ။

မိသားစုအတွက် စိတ်ရောကိုယ်ပါနှစ်ပြီး ပေးဆပ် နေတဲ့ ကုဋ္ဌေရှင်နဲ့တော့ ကွာတာပေါ့။

ကုဋ္ဌေရှင်ဟာ ရုပ်ပိုင်းဆိုင်ရာ အလှတရားအရ ရွှေ စင်ကြယ်ကို လုံးဝမီပေမယ့် နှလုံးသားအရာမှာတော့ သူမ၏အလှ ကို ရွှေစင်ကြယ် မမီပါ။

ချစ်ဦးကိုရဲ့ အတွေးထဲမှာ မိန်းမနှစ်ယောက်က တဝဲလည်လည် နေရာယူနေ၏။ သူမတို့နှစ်ယောက်အကြောင်း တွေးလိုက်တိုင်း အဖြူနဲ့အမည်းလို ပြတ်ပြတ်သားသား ကွဲပြား နေတာ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာလည်း တစ်စုံတစ်ယောက်ကသာ ခဲ အပြတ်အသတ်ကြာကာ အနိုင်ယူ လွှမ်းမိုးထားပါသည်။

သူမကလေး ပျော်ရွှင်ဖို့အတွက် သူ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးချင်၏။

သူပေးတဲ့ လက်ဆောင်ကလေးတွေကို သူမ နှစ်သက် ပျော်ရွှင်ပါစေဟု ဆုတောင်းရင်း သူမရဲ့အလုပ်ခန်းလေးဆီသို့။

လိုင်းကားစီးရင် ပန်းစည်းလေး နွမ်းသွားမှာစိုးလို့ တက္ကစီခကို နမြောတသစွာနဲ့။

❦ ○ ❦





သူ ကြိုဖုန်းဆက်ထားတာမို့ သူမ ရှိနေခဲ့ပါသည်။

"ရော့"

"ဟင်"

သူမက မယူဘဲ ပန်းစည်းကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်နေသည်။

ကောင်လေးတစ်ယောက်က ကောင်မလေးတစ် ယောက်ကို ပန်းစည်းပေးတာဆိုတော့ သူမလည်း ဘာလဲ ညာလဲ ထင်မှာပေါ့။

တကယ်လည်း သူ့ရင်ထဲမှာ ဘာဘာညာညာ ဖြစ် နေခဲ့တာလေ။

"ယူလေ"

"ဘာဖြစ်လို့ ပေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ဘူးလေ။ တမင် လက်ဆောင်ပေးတာလေ နင့်ကို ပျော်စေချင်လို့။ ငါပေးတဲ့ လက်ဆောင်က သိပ် တော့ အဖိုးမတန်ဘူးပေါ့ဟာ၊ ဒါပေမဲ့ နင့်ကို ခဏပဲဖြစ် ဖြစ် ပျော်ရွှင်စေမယ်ဆိုရင် ကျေနပ်ပါတယ်"

"နင်က ငါ့ကို ဘာလို့ပျော်စေချင်တာလဲ"

ဒီလိုမေးခွန်းမျိုးက ဖြေလို့မကောင်းပါ။ ရှောင်ရ သည်။ မဖြေတတ်ရင် စာမေးပွဲကျသွားနိုင်သည်။

"ပြောလေ၊ နင်က ငါ့ကို ဘာလို့ပျော်စေချင်တာလဲ"

"နင်က ငါ့သူငယ်ချင်းမို့လို့ပေါ့ဟာ။ ကဲ ... ယူမှာလား မယူဘူးလား၊ စေတနာနဲ့ ပေးတာကို လာရစ်နေတယ်"

ဒီတော့မှပဲ မမက လှမ်းယူတော်မူတော့သည်။

"လှလိုက်တဲ့ ပန်းစည်းလေး။ ကျေးဇူးပဲ ချစ်ဦးကို။ ဒီအခွေက ဘာလဲ"

"သီချင်းလေးတွေ သွင်းထားတာပါ"

"အေးပါ ... ကျေးဇူး"

"ကျေးဇူးတင်ရင် လက်ဖက်ရည်လိုက်တိုက်"

"အချိန်မရဘူးဟာ၊ နင် သောက်ချင်ရင် ငါ ကော်ဖီမစ် ဖျော်တိုက်မယ်လေ"





"အေးပါ ... ရတယ်၊ သောက်ရ ပြီးရော"

သူမ ဖျော်တိုက်တဲ့ ကော်ဖီမစ်တစ်ခွက်ဟာ သူ့ အတွက်တော့ ဘယ်လိုတန်ဖိုးကြီး ကော်ဖီတွေနဲ့မှ မလဲနိုင်ပါ။

"ကြာပန်းလေးတွေကို ပန်းစည်း စည်းထားတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

"အင်း ... နင်က ကြာပန်းကြိုက်တယ်ဆိုလို့လေ"

"ကြိုက်ပါတယ်၊ ကျေးဇူးလည်း တင်တယ်။ ဒါပေမဲ့ နောက်ကို ဒီလိုတွေ မပေးနဲ့"

"ဘာဖြစ်လို့လဲ"

"နင် ပိုက်ဆံကုန်လို့ပေါ့။ ဒီလို ပန်းစည်းမျိုးက သောင်းချီ တော့ ပေးရမှာပဲ။ နမြောစရာ ကောင်းတယ်။ ငါတို့ နင်တို့ဘဝတွေက စိတ်ကူးယဉ်ဖို့၊ ကြည်နူးဖို့အတွက် ပိုက်ဆံဖြုန်းသင့်တဲ့ အနေအထားတွေ မဟုတ်ဘူးလေ၊ ဒါပေမဲ့ ငါ ဒီပန်းစည်းလေးကို အရမ်းကြိုက်တယ်နော်၊ နောင်ကို မလုပ်ဖို့ ပြောတာ"

"နင်ကလည်းဟာ၊ ဘဝကို ပုံသေနည်းအတိုင်းကြီးပဲ သွား မယ်ဆိုရင် သိပ်ကို ပျင်းစရာကောင်းပါတယ်၊ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေတော့လည်း စိတ်သက်သာရာ ရရမှာပေါ့။ ပိုက်ဆံဆိုတာ သုံးဖို့ရှာတာလေဟာ။ ငါ ပိုက်ဆံကုန်ပေမယ့် နင်ပျော်တယ်ဆိုရင် ပေးရတဲ့ ငါလည်း စိတ်ချမ်းသာတယ်။ အဲဒီတော့ တန်ပါတယ်ဟ။ နေရာတကာ ပိုက်ဆံနဲ့တန်ဖိုး လိုက်ဖြတ်မနေနဲ့”

“အေးပါ ... အေးပါ။ နင် ကော်ဖီသောက်နေဦး။ ငါ ဒီညနေပေးရမယ့် ဝတ်စုံလေး လက်စသတ်လိုက်ဦးမယ်”

“အေးပါ ... လုပ် ... လုပ်”

နှစ်ယောက်စလုံးတော့ ရင်ထဲမှာ ကြည်နူးနေကြပါသည်။ သူမအင်္ကျီတွေကို စစ်ဆေးကာ လိုအပ်တဲ့နေရာတွေကို စိန်တွေ ကျောက်တွေ ထပ်ထည့်ကာ အလှဆင်နေသည်။

သူမအလုပ်ကို စိတ်ဝင်တစား လုပ်နေပုံလေးကို ကော်ဖီတစ်ခွက်နဲ့ထိုင်ပြီး ခံစားရတာ အရသာရှိလိုက်တာ။

သူမက ဝတ်စုံလေးကို အလှဆုံးဖြစ်အောင် ပြင်ဆင်နေသူ။ သူမ မျက်နှာပေါ်မှာ စေတနာတွေ တွေ့နေရသည်။

အလုပ်လုပ်တဲ့အခါ ပိုက်ဆံအတွက်လုပ်တယ် ဆိုပေမယ့် စေတနာလေးပါ ထည့်ပြီးလုပ်တော့ ပိုက်ဆံအပြင် စေတနာရဲ့ အကျိုးကျေးဇူးတွေကိုပါ ခံစားရတာပေါ့။





သူမက သူ့ကို တစ်ချက် တစ်ချက် လှမ်းပြုံးပြသည်။ သူကြည့်နေတာလည်း သိနေမှာပါပဲ။

သူ့ရင်ထဲ ရင်တွေခုန်နေလိုက်တာ။ သူမလည်း သူ့လို ရင်ခုန်နေရင် သိပ်ကောင်းမှာပဲ။

တစ်ခါတလေကျရင် ချစ်တယ်လို့ ဖွင့်မပြောရဘဲ သူမ အလိုလိုသိရင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။ တရားဝင်ဖွင့်ပြောလိုက်ရင် ငြင်းမှာစိုးလို့ပါ ကုဋေရှင် ချစ်ရသူလေးရယ်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ကုဋ္ဌေရှင်လည်း ရင်တွေခုန်နေပါသည်။ သူမဘဝ
ရင်ခုန်ချိန်မှ မရှိတာ။ မိသားစုအတွက် ကြိုးစားနေရတာ ကျောင်း
ပြီးကတည်းကပဲ။ ကျောင်းတက်တုန်းကလည်း အချစ်ရေး
စိတ်မဝင်စားခဲ့။ တော်တန်ရုံဆို မတူမတန်သလို မာနတံခွန်လွှင့်
ခဲ့မိတော့ သူမကိုဆို ချစ်ဖို့ထက် အမြင်တွေပဲ ကတ်နေကြမှာပဲ။

ခု ချစ်ဦးကိုက သူမကို ပထမဆုံး ပန်းစည်းလာ
ဆောင်ပေးတာ။ သူမ သိပ်ကြိုက်တဲ့ ကြာပန်းဖြူဖြူလေးတွေနဲ့
ပန်းစည်းလေး။ ကြာဖြူရနံ့ အငြိမ်းသင်းကလေးက သူမကို ရင်
တွေခုန်စေပါသည်။

ဒါပေမဲ့ သူမဟာ သံသယစိတ်ခံရှိသော မိန်းမ
တစ်ယောက်ပါ။ သူမကို အပျော်လာပြီး သွေးတိုးစမ်းမှာကြောင့်
၍ သူမကိုယ်သူမ ကာကွယ်ဖို့ အဆင်သင့် ပြင်ထားမိသည်





ဒါပေမဲ့ပေါ့လေ။ သူက ခင်လို့လာပေးတာဟု လှပစွာ ရှောင်
ထွက်သွားခဲ့ပါသည်။

သူ့အတွက် ဖန်ခွက်လေးထဲ ရေနွေးနဲ့ ကော်ဖီမစ်
ထုတ်လေး ဖောက်ထည့်ပေးရတာကို ကဗျာဆန်သလိုလို။ လက်
တွေ တုန်ချင်နေသလိုလိုနဲ့။ ရယ်တော့ ရယ်ရသား။

တကယ်တော့ အချစ်ဆိုတာ ဘာမဟုတ်တာလေး
တွေနဲ့ ရင်ခုန်တတ်တဲ့ အရာလား။

ပန်းစည်းဆို နှင်းဆီပန်းနဲ့ အခြားသောပန်းတွေကို
ပန်းစည်းပြုလုပ်ထားတာကိုသာ တွေ့ဖူးထားတာပါ။ ခုလိုသူမ
သိပ်ကြိုက်တဲ့ ကြာဖြူပန်းတွေကို ပန်းစည်း,စည်းထားတာ တစ်ခါ
မှ မတွေ့ဘူး။ လှလိုက်တဲ့ ပန်းစည်းလေး။

မိန်းမပျိုလေးပီပီ ပန်းစည်းပေးတော့ ရင်ခုန်ပါသည်။
ဘယ်လောက်ပဲ အသိတရားတွေ ပြည့်စုံနေပါစေ။ ဘယ်လောက်
ပဲ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါစေ။ ရင်ကတော့ ခုန်တာပဲလေ။

သူ သွင်းပေးတဲ့ သီချင်းတွေကလည်း အချစ်သီချင်း
တို့ချိုလေးတွေချည်းပဲ။ နားထောင်ရင်း ရင်တွေခုန်ပြန်တာပဲ။

ဘာပဲဖြစ်ဖြစ် သူ ဘာမှမပြောသွားတာကို ကျေးဇူး
တင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ခွင့်ရတာကိုလည်း ကျေနပ်ကာ စိတ်ကူးတော့ မယဉ်နိုင်သေးပါဘူးလေ။

အချစ်ဆိုတာ ဘဝမဟုတ်ဘူး။ ဘဝဆိုတာက ပိုက်ဆံ ရှိမှ ပြည့်စုံတာ။ အချစ်က ပိုက်ဆံမလိုဘူး။

ဒီတော့ အချစ်နဲ့ ဘဝဆိုတာ တစ်နည်းနည်းနဲ့ ပတ်သက်ရင် ပတ်သက်မယ်။ သဘောသဘာဝချင်းတော့ မတူဘူး။

အချစ်နဲ့ ဘဝဆိုတာ ပေါင်းစပ်လို့ ရချင်ရမယ် ရပ်တည်မှုတော့ မတူဘူး။

အချစ်က မိုက်ချင်သလိုမိုက်၊ ရူးချင်သလိုရူး ရပေမယ့် ဘဝကတော့ မိုက်ချင်သလိုမိုက် ရူးချင်သလို ရူး မရဘူး။

အချစ်က မိုက်ရူးရဲဆန်ရင် အချစ်ပျက်ရုံပဲရှိ ဘဝက မိုက်ရူးရဲဆန်လို့ ဘဝပျက်ရင်တော့ အဖတ်ဆည်လို့ရ မဟုတ်တော့။

ထို့ကြောင့် တိတ်တခိုးလေးပဲ ရင်ခုန်ချင်ပါ ချစ်ဦးကိုရဲ့ အခြေအနေကိုလည်း သူမ အမြင်အတွေ့ပဲ သူမတို့ အနေအထားနဲ့ ဘာမှမကွာတဲ့ သာမန်ကုမ္ပဏီဝန်ထမ်း





တစ်ယောက်။ သူမဘဝတစ်ခုလုံး ပုံအပ်ပြီး အားကိုးရမယ့် အနေအထားမျိုး မဟုတ်။

ဒီတော့ အချစ်ကို ကိုးကွယ်ပြီး မမိုက်ရဲပါဘူး။ တိတ်တခိုး ရင်ခုန်ရုံနဲ့ပဲ ကျေနပ်ပါတယ်။

အချစ်ထက် ဦးနှောက်ကို ဦးစားပေးရမယ့် ဘဝအနေအထား ဆိုတော့လည်း ...။

အသာသက်ပြင်းချလိုက်သည်။ သူမဆီမှာ လာချုပ်နေတဲ့ ကောင်မလေးကတောင် သူမကို စနေကြသေးသည်။

သူမကတော့ မသိချင်ယောင်ဆောင်ကာ ဥပေက္ခာပြုလိုက်သည်။ ဒီလိုပါပဲ၊ ရှေ့ဆက်ပြီး ဥပေက္ခာပြုစရာတွေ များနေဦးမှာပါပဲ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းဆက် တစ်ယောက် ရွှေစင်ကြယ်ကို သဘောကျမိပါသည်။ လုပ်ကြောမတတ် ဆွဲဆောင်မှုရှိတဲ့ ရွှေစင်ကြယ်ကို အိမ်ထောင်ဖက်အဖြစ်လည်း ရွေးချင်မိပါသည်။ ဒါပေမဲ့ ခဲမှန်ဖူးတော့ မိန်းမချောတွေကို ကြောက်တဲ့စိတ်ကလည်း လွှမ်းဆွဲနေပါသည်။

ပြီးတော့ ရွှေစင်ကြယ်က အပျိုလေး။ သူက တစ်ခုလပ်ဆိုတော့ ပြောရမှာ အားနာမိသလို ရွှေစင်ကြယ်မိခင် သဘောတူပါ့မလားဟုလည်း တွေးမိသည်။

အထူးကုဆရာဝန်ကြီးတစ်ယောက် ဖြစ်နေမှ သိက္ခာလည်း မကျချင်။ အရှက်လည်း မကွဲချင်တော့။

ရွှေစင်ကြယ်ကတော့ ရေလာမြောင်းပေးတွေ လုပ်နေပေမယ့် သူ့မိခင်ကြီး ကြည့်ရတာ သိပ်သဘောကျချင်ပုံမရ





ဘယ်မိခင်မှ ကိုယ့်သားသမီးကို တစ်ခုလပ် တစ်ယောက်နှင့် သဘောတူ ကြည်ဖြူချင်ပါ့မလဲလေ။

ဒေါက်တာမင်းဆက် တစ်ယောက် အစ်မဖြစ်သူကို အားကိုးဖို့ စဉ်းစားလိုက်သည်။

"မမ … ကျွန်တော် ကောင်မလေးတစ်ယောက်ကို သဘောကျနေလို့ နည်းနည်းအကဲခတ်ပေးပါ"

"ဟုတ်လား … ဘယ်သူလဲ။ မမ သိတဲ့သူလား"

"မမ မသိလောက်ဘူး ရွှေစင်ကြယ်တဲ့"

"ဩော် … ဘယ်ကလဲ"

"သူ့အမေက ကျွန်တော့် Patient လေ။ သူ့အမေကိုခွဲပေးရင်းနဲ့သိတာ"

"အင်း"

"မမနဲ့ မိတ်ဆက်ပေးဦးမယ်လေ"

"အေး … အေး။ မင်းတို့က ကြိုက်နေပြီလား"

"မကြိုက်သေးပါဘူး။ ကျွန်တော် ဘာမှမပြောရသေးဘူး။ ကောင်မလေးကတော့ သဘောကျပုံပဲ။ သူ့အမေကြီးကတော့ ကျွန်တော့်ကို တစ်ခုလပ်ဆိုပြီး သိပ်ကြည်ချင်ပုံမရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ ... အစိက ကောင်မလေးပါပဲ"

"ကျွန်တော် တစ်ခါလောက် ခေါ်လာပြီး မိတ်ဆက်ပေး မယ်။ ကျွန်တော်က အလုပ်တစ်ဖက်နဲ့ဆိုတော့ အချိန်မ ပေးနိုင်ဘူး၊ မမပဲ ကြည့်ပြီး အကဲခတ်ပေး။ ကျွန်တော်က တော့ တော်တော် သဘောကျတယ်"

"အေးပါ ... မင်းက တွေ့လာပြီဆိုတော့လည်း ပြီးရော ပေါ့။ မမက မင်းကို ကုဋေရှင်လေးနဲ့ သဘောတူနေတာ"

"ဗျာ"

"ဟုတ်တယ်၊ ကောင်မလေးအကြောင်းက အတွင်းသိ အစင်းသိ။ အရမ်းတော်တာ။ မမတို့ ကမ်းလှမ်းရင် ငြင်း မယ်မထင်ဘူး"

"ဒါပေမဲ့ မမရယ် ..."

"အေးပေါ့လေ ... ငါ့မောင်က အထူးကုဆရာဝန်ကြီးဆို တော့ ကောင်မလေး အနေအထားက ပွဲလည်မတင့်ဘူး ပေါ့။ ဒါပေမဲ့ အဖိုးတန်လေးပါကွယ်"

"မမ ... ရွှေစင်ကြယ်ကို အကဲခတ်ကြည့်ပါဦး"

"အေးပါ ... တစ်ရက်လောက် ခေါ်လာခဲ့လေ"





"ဟုတ်ကဲ့ မမ"

"ငါ့မောင် သဘောကျတာဆိုတော့ တော်တန်ရုံတော့ မဟုတ်လောက်ပါဘူး"

"နည်းနည်းတော့ ငယ်တယ် မမ"

"ကုဋေရှင်လောက်ပဲလား"

"ဟုတ်ကဲ့"

"အေးလေ ... အဆင်ပြေပြေလေးဆို ကောင်းပါတယ်လေ"

"ကျေးဇူးပဲ မမ။ သေချာ အကဲခတ်ပေးနော်၊ ကျွန်တော် ခဲထပ်မမှန်ချင်ဘူး"

"အေးပါကွယ်"

မောင်ဖြစ်သူရဲ့ စိတ်ဒဏ်ရာကို သိနေတော့ သူ စိတ်ချမ်းသာဖို့ပဲ ဦးစားပေးကာ ကိုယ့်ဆန္ဒကို မျိုချလိုက်ရသည်။ ရင်ထဲမှာတော့ ကုဋေရှင်ကိုပဲ ယောက်မတော်ချင်မိသည်။ ကုဋေ ရှင်ဟာ ဘယ်တော့မှ အထိနာအောင်ပစ်မဲ့ ခဲတစ်လုံး ဖြစ်လာမှာ မဟုတ်ပါ။

ပထမယောက်မတုန်းကလည်း ချောချောလှလှ နုနု ငယ်ငယ်လေး။ သူတို့ချင်း ချစ်ကြိုက်ပြီး ယူခဲ့ကြတယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အနေဝေးတော့ ဖောက်ပြန်သည်။ လင်ငယ်နောက် လိုက်သွားတော့ အရှက်တွေပြန်းပြန်းကွဲပြီး ကျန်ရစ်ခဲ့၏။

ခုလည်း ငယ်ငယ်ချောချောလေးတဲ့လား။ ငယ်တိုင်းချောတိုင်း ဖောက်ပြန်တယ်လို့ မဆိုလိုပါ။ ဒါပေမဲ့ ရုပ်ချောခြင်း၊ ပိုက်ဆံရှိခြင်းတွေဟာ ဖောက်ပြန်ချင်သူအဖို့ အကောင်းဆုံးလက်နက်တွေ ဖြစ်နေတတ်ပါသည်။

ငယ်ရွယ်ချောမောတိုင်း ဆိုးတာ မဟုတ်ပေမယ့် မောင်ဖြစ်သူနဲ့ တွေ့တဲ့သူတိုင်း ဆိုးနေရင် မခက်ပါလား။

ခဲကောင်းကောင်း အမှန်ခံထားရလို့ ဒဏ်ရာတွေလည်း နက်ခဲ့ပါသည်။ အကင်းသိပ်မသေချင်တဲ့ ဘဝဒဏ်ရာ ရခဲ့ဖူးတာကြောင့် လေးညို့သံကြားတိုင်းလည်း ကြောက်နေမိပါ၏။





"ရွှေစင် ရုပ်ရှင်ကြည့်ချင်တာ အဖော်မရှိလို့ လိုက်ပေးမလား ကိုကြီး"

တစ်ခုလပ် ဆိုပေမယ့် ရွှေစင်ကြယ်က ဒေါက်တာ ခင်းဆက်ကို သဘောကျသည်။ ကိုကြီးဟုတောင် ပြောင်းခေါ်ခွင့် တောင်းကာ မြှောင်းတွေ အတင်းဖောက်နေပါသည်။

"ရုပ်ရှင်ကြည့်ချိန် မရှိပါဘူးကွယ်။ ဆေးရုံဆေးခန်းတွေတောင် မနည်းအချိန်လုပြီး ပြေးနေရတာ"

"ကိုကြီးက လောဘတွေ ကြီးနေတာကိုး။ တစ်ချိန် လောက်ဖျက်လိုက်တော့ ဘာဖြစ်လို့လဲ။ အဲလောက် လုပ် မနေနဲ့ ကိုကြီးရေ။ ဘုန်းကြီးစာ ဖြစ်သွားမယ်"

"ကွယ် ... လောဘကြီးရအောင် ကိုကြီးက စီးပွားရေး လုပ်နေတာမှ မဟုတ်တာ။ ဆေးကုပေးနေတာ။ ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီလာတဲ့ လူနာတွေက အသက်နဲ့ရင်းပြီး ရောဂါဖြစ်နေကြတာ။ ကိုကြီးက မကြည့်ပေးဘဲ ပျက်ကွက်လို့ ဖြစ်ပါ့မလား။ ကိုယ်မကြည့်ပေးလို့ သူတို့ တစ်ခုခု ချွတ်ချော်သွားရင် ဘယ်လိုလုပ်မလဲ။ ဆေးကုနေတိုင်း ပိုက်ဆံလိုချင်လို့ မဟုတ်ပါဘူးကွယ်။ စေတနာတွေလည်း အပြည့်ပါပါတယ်။ ဆေးခန်းတွေ ပြေးလွှားထိုင်နေတာ ပိုက်ဆံလိုချင်လို့ထက် လူနာတွေကို သက်သာအောင် ကုပေးချင်တဲ့ စိတ်စေတနာကလည်း အများကြီး ပါပါတယ်ကွယ်"

"ဆောရီးနော် ... ကိုကြီး၊ ရွှေစင်ကလေ ကိုကြီးပင်ပန်းနေလို့ ပြောမိတာပါ"

"ကိုယ်တတ်တဲ့ပညာနဲ့ အကျိုးပြုရတာ ပီတိဖြစ်ပြီး မပင်ပန်းတော့ပါဘူး။ ကဲ ... ရွှေစင်၊ ဒီနေ့ အိမ်မှာ ထမင်းလိုက်စားမလား"

"ဘာလို့လဲ"

"ဘာမှ မဟုတ်ပါဘူး။ အိမ်ရောက်ဖူးအောင် လာလည်လေ။ အိမ်မှာ ကိုယ့်အစ်မနဲ့လည်း မိတ်ဆက်ပေးမယ်"

"ဘာလို့ မိတ်ဆက်ပေးမှာလဲ"





လိုချင်နေတဲ့စကား ကြားရဖို့ ရတဲ့အခွင့်အရေးကို သက်လွှတ်မခံပါ။

"ဩော် ... မိတ်ဆွေ တိုးတာပေါ့။ အစ်မကလည်း ရွှေစင်ကြယ် ဆိုတဲ့ နာမည်ကို ကိုယ်ပြောထားလို့ ရင်းနှီးနေပြီလေ။ တစ်ရက်လောက် ခေါ်ခဲ့ဦး ဆိုလို့ပါ။ ရွှေစင်မလိုက်ချင်ရင်လည်း ရပါတယ်၊ မဖြစ်မနေ မဟုတ်ပါဘူး"

"လိုက်မှာပေါ့။ ကိုကြီး အစ်မကို ရွှေစင့်အကြောင်း ဘာတွေပြောထားလို့လဲ"

"ဘာရယ် မဟုတ်ပါဘူး။ ရွှေစင်ကြယ်ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ ခင်နေတယ်လို့ ပြောထားတာပါ"

အထူးကုဆရာဝန်ကြီးရဲ့အိမ်က အရမ်းကြီးတော့ ဆည်ဝါမနေပါဘူး။ အနေပဲအေးတာလား မသိ။ ရပ်ကွက်ထဲမှာ ခြံနဲ့ဝင်းနဲ့ လုံးချင်းအိမ် ဆိုပေမယ့် သိပ်အကောင်းစားကြီးတော့ မဟုတ်ပါ။

ကောင်မလေးတစ်ယောက် တံခါးလာဖွင့်ပေးသည်။ အလုပ်သမားအကူ ပုံစံပါပဲ။

"ထိုင်ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းဆက် အပေါ်ထပ် တက်သွား၏။ ကောင်မလေးက အအေးနဲ့ အချိုပွဲ လာချပေးသည်။ ခဏနေတော့ သူ့အစ်မအပျိုကြီး ထွက်လာသည်။ ပါးမှာ သနပ်ခါးမခြောက်သေး။ ခုမှ ရေချိုးပြီးစ ထင်ပါရဲ့။ တီရှပ်ကို ပါတိတ်လုံချည်နဲ့ တွဲဝတ်ထားသည်။ ဆံပင်အတိုကို ကောက်ထားပြီး ဘီးကုပ်,ကုပ်ထားသည်။

ခပ်ရိုးရိုးပါပဲ။

သူမကို လှမ်းပြုံးပြကာ ...

"ဆောရီး ညီမရေ။ သနပ်ခါး လိမ်းလက်စ ဖြစ်နေလို့"

သူမအပြောက ရွှေစင် ရောက်နေမှန်း သိပေမယ့် သူမ ချက်ချင်းထွက်မလာဖြစ်တာကို ရှင်းပြနေသလိုလို။

ဒေါက်တာမင်းဆက် ပြန်ဆင်းလာသည်။

"အခုပဲ ဆေးရုံက ဖုန်းဆက်လို့။ အရေးပေါ်လူနာ ရောက်လာလို့ ပြေးလိုက်ဦးမယ်။ ရွှေစင် ပြန်လိုက်မလား။ မမနဲ့ နေခဲ့ဦးမလား"

ရုတ်တရက် ဆုံးဖြတ်ရ ခက်သွားပေမယ့် သူစိမ်းသက်သက်နေခဲ့ရမှာ တစ်မျိုးဖြစ်နေတာမို့ ...





"လိုက်ခဲ့လိုက်မယ်။ ရွှေစင်လည်း သွားစရာရှိသေးလို့"

"မောင်လေးက အဲလိုပဲ ရွှေစင်ကြယ်ရေ။ သူ့မှာ ကိုယ်ပိုင်အချိန်က မရှိသလောက်ရယ်"

"ဟုတ်ကဲ့ မမ"

သူမတို့ စကားပြောနေတုန်း ဒေါက်တာမင်းဆက် ကားပေါ်တက်ကာ စက်နှိုးနေပြီ။ ရွှေစင့်မှာ အပြေးအလွှားကြားထဲကနေ အပျိုကြီးနားမှာ တဖျပ်ဖျပ်လက်နေတဲ့ စိန်နားကပ်ကိုတော့ ခိုးရှိုးလိုက်သေးသည်။

အပျိုကြီးကလည်း ရွှေစင်ကြယ်ကို အကဲတခတ်ခတ်။ ဪ ... လူတွေ။ လူတွေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မမ"

"ကောင်မလေးက ချောချောလှလှလေးပါ။ ဒါပေမဲ့ ရုပ်ကလေးကြည့်ပြီး ဆုံးဖြတ်လို့မှ မရတာလေ။ မမစဉ်းစားထားတာရှိတယ်။ သူ့ကို မမက တစ်ရက် အေးအေးဆေးဆေး ထမင်းဖိတ်ကျွေးပြီး စကားအေးဆေးပြောကြည့်မလားလို့"

"ဟုတ်ကဲ့ မမ။ ကျွန်တော်ကတော့ မမ သိတဲ့အတိုင်းပဲ သိပ်အချိန်မပေးနိုင်ဘူးနော်"

"အေး ... ကောင်မလေးကို ဖိတ်ကြည့်ဦး"

"ဟုတ်ကဲ့ မမ"

သူတို့မောင်နှမ တိုင်ပင်ပြီး ဒေါက်တာမင်းဆက်က ရွှေစင်ကြယ်ကို ထမင်းစား ဖိတ်လိုက်သည်။





ရွှေစင်ကြယ်ကလည်း ရိပ်မိပါသည်။ သူမကို ဒေါက်တာမင်းဆက်တို့ မောင်နှမ လေ့လာနေတာကို။

"ကိုကြီး ... ကိုကြီးမမက ဘာကြိုက်တတ်လဲဟင်။ တကူးတကကြီး ထမင်းဖိတ်ကျွေးတာဆိုတော့ အားနာလို့ လက်ဆောင်တစ်ခုခု ဝယ်လာချင်လို့"

"ဟာ ... ရပါတယ်။ ဘာမှဝယ်မလာပါနဲ့"

"ဝယ်လာချင်လို့ပါ ကိုကြီးရယ်။ ရွှေစင် ရမ်းပြီးဝယ်လာရင် မမကြီး ကြိုက်ချင်မှ ကြိုက်မှာလေ။ အဲဒါကြောင့် ကြိုက်တတ်တာလေး ဝယ်လာချင်လို့"

"ဟား ဟား ... မမ ဘာကြိုက်တတ်မှန်း ကိုယ် မသိဘူးကွ။ ကိုယ် တကယ်ပြောတာ။ ရွှေစင် မေးမှပဲ စဉ်းစားမိတယ်။ မမကသာ ကိုယ့်အတွက် အစစအရာရာ ဂရုစိုက်ပေးတာ။ ကိုယ်က မမအကြိုက်ကိုတောင် မသိဘူး"

"ဖြစ်ရမယ် ကိုကြီးကတော့"

"ဘာမှ မလိုပါဘူးကွာ။ ဝယ်မနေနဲ့"

"မလိုမှန်းတော့ သိတာပေါ့ ကိုကြီးရယ်၊ ဒါပေမဲ့ လက်ဆောင်ပေးတယ်ဆိုတာ ချစ်ခင်နှစ်သက်မှု၊ အလေးအနက်ထားမှုအတွက် ပေးတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ကြိုက်တာသာ ပေးလိုက်တော့၊ ဟုတ်ပြီလား"

ရွှေစင်လည်း ချိတ်လုံချည် အကောင်းစားတစ်ထည် ဝယ်ပြီး သစ်သီးခြင်းတစ်ခြင်း စီစဉ်လိုက်၏။ ငါးသိန်းနီးပါ မြောက်သွားသည်။

ဘယ်လောက်ပဲ ပိုက်ဆံရှိရှိ တန်ဖိုးရှိတဲ့ လ ဆောင် ရရင်တော့ ဝမ်းသာတဲ့ သူချည်းပဲ။ ပြီးတော့ သူ ချစ်ခင်နှစ်သက် လက်ခံအောင် ကြိုးစားရမယ့်ပွဲ ဆိုတော့ ဒီလော တော့။ တော့ ရင်းရမည်။

ရွှေစင့်လစာတွေက ရွှေစင့်ဘာသာ သုံးရတာ သည်။ တော့ ပြဿနာမရှိ။

ရွှေစင်ပေးတဲ့ လက်ဆောင်တွေကို ကြည့်ပြီး အ ကြီးက ငြင်းသည်။

"ဟယ် ... သစ်သီးခြင်းပဲ လက်ခံမယ်ကွယ်၊ လုံချည် တော့ ပြန်ယူသွားပါ။ ညီမဘာသာ ဝတ်ပါကွယ်။ မ ဘယ်မှ သိပ်မသွားဖြစ်ပါဘူး။ ပြီးတော့ ငါ့ညီမက လူ ဆိုတော့ ညီမပဲ ဝတ်ပါ"



"မဟုတ်တာ မမကြီးရယ်။ ရွှေစင်က မမကြီးအတွက် သေချာကို လိုက်ဝယ်ပြီး ပေးတာပါ။ တန်ဖိုးကို မသတ်မှတ်ပါနဲ့။ ရွှေစင့် စေတနာကိုပဲ လက်ခံပေးပါနော်"

"စေတနာကို အသိအမှတ်ပြုပါတယ်ကွယ်၊ သစ်သီးခြင်း လောက်ဆို လုံလောက်ပါပြီ။ လုံချည်ကိုတော့ လုံးဝမယူဘူး ရွှေစင်"

မမကြီး ခပ်တည်တည်ငြင်းတော့ ရွှေစင် ထပ်မပြော

ထမင်းပွဲကြီးက ဟင်းပေါင်းစုံဖြင့် ဟီးဟီးထနေ

"မမကြီးရယ် ... ရွှေစင်တစ်ယောက်စာတည်းကို ဒီလောက် တောင် ချက်ထားတယ်။ မမကြီး ကိုယ်တိုင် ချက်တာလား ဟင်။ မမကြီးတော့ ပင်ပန်းနေမှာပဲ"

ရွှေစင်က ပါးစပ်ကလေးက ချွဲတတ်ပါသည်။ စ်ပါးသူ အလိုကျအောင် ချိုပြတတ်သည်။ ဒီအပြောလေးတွေ ပဲ ပုရိသဆိုသော ရင့်မကြီးတွေကို အညှာခွေနေတာ။ ဒါပေမဲ့ စင့် အမူအရာတွေကို မိန်းမချင်းကျတော့ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေအထာကို ယောက်ျားချင်း ပိုနပ်သည် မိန်းမချင်လည်း အထာနပ်ပါ၏။

"ရွှေစင့်ကို စားစေချင်လို့ပေါ့ကွယ်။ ပြီးတော့ ရှေ့ဆိုင်က ကလေးတွေကိုလည်း ကျွေးချင်တာနဲ့ တစ်ခါတည်းချ လိုက်တာ"

"မမကြီး ဆိုင်ဖွင့်ထားတာလား"

"မဟုတ်ပါဘူး။ ဒီရပ်ကွက်ထဲက ဒီဇိုင်နာမလေးတ ယောက်ကို ဆိုင်ခန်းပေးဖွင့်ထားတာလေ"

"အဝတ်အစား ဒီဇိုင်းနာလား"

"ဟုတ်တယ်၊ ပုံအရမ်းကျတာ၊ သူ့ကိုယ်ပိုင် အမှတ်တံဆိ တပ်ပြီးလည်း ရောင်းတယ်လေ"

"ဒါဆို အတော်ပဲ၊ ပွဲတက်တစ်စုံလောက် လာချုပ်ကြည့် ရမယ်။ အဆင်ပြေရင် အမြဲလာချုပ်မယ်"

"ပုံကတော့ တကယ်ကောင်းတာ။ fitting လည်းကျတယ်"

"မမကြီး ညွှန်းလွန်းလို့ ပိတ်စဝယ်ပြီး လာအပ်ကြည့်ရမယ်"

"အပ်ကြည့် ... ရွှေစင်ကြယ် ကြိုက်သွားမှာပါ။ ရွှေ ကြယ် အပ်သွားချင်ရင်လည်း ရတယ်။ သူ့ဆီမှာ ပိတ်





တွေလည်းရှိတယ်၊ အရမ်းအကောင်းကြီးတွေတော့ မဟုတ် ဘူး။ ပိုးတွေ ဇာတွေ ရှိတော့ ရှိတယ်"

"ဟုတ်"

ရွှေစင်ကြယ် ကိုက်ပြီးသဘောတွေကျနေ၏။ မမကြီး ဆီ လာစရာ အကွက်တော့ တွေ့ပြီ။

ဒါပေမဲ့ ရွှေစင်ကြယ် တစ်ယောက် ကုဋေရှင့်ကို တွေ့လိုက်ချိန်မှာပဲ ဘယ်လိုရေစက်ကြောင့်မှန်းမသိ။ ဒေါသတွေ ထွက်လာသည်။

အလုပ်သမားတွေ စက်တွေနှင့် သင်း ကြီးပွားနေ တာကိုလည်း မရှုစိမ့်။

အထူးသဖြင့် သင်းကို မမကြီးက အရေးစိုက်လွန်း တာကို ပိုလို့တောင် မကျေနပ်။

နဂိုတည်းက မျက်မုန်းကျိုးပါတယ်ဆိုမှ သင်းနဲ့ပဲ ဆုံစက်ဆုံနိုင်လွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ရွှေစင်ကြယ်ကို လုံးဝသဘောမကျဘူး ငါ့မောင်ရေ့ ဒါက မမ သဘောထားပါ။ ငါ့မောင် ဆုံးဖြတ်တဲ့နေရာမှာ မမသဘောအတိုင်း ဆုံးဖြတ်ရမယ်လို့တော့ မဆိုလိုဘူး"

"မမက ဘာလို့ သဘောမကျတာလဲ"

"သူနဲ့ ကုဋ္ဌေရှင်က သိနေကြတယ်။ တွေ့တော့ နှစ်ယောက် သား ကောင်းကောင်းမွန်မွန် ခေါ်ပြောဆက်ဆံနေကြတာ ပြီးမှ ရွှေစင်ကြယ်က မမကို ပြောသွားတာ။ ကုဋ္ဌေရှင် မကောင်းကြောင်းတွေပေါ့ ...

ကုဋ္ဌေရှင့်အဖေ ထောင်ကျတဲ့အကြောင်းကအစ မ မသိဘူးထင်ပြီး ပြောသွားတာ။ ဖြစ်နိုင်ရင် ခြံထဲမှာမထား ပါနဲ့တဲ့။ ပြီးတော့ ကုဋ္ဌေရှင် ဆိုတာ သူ့ဘာသာပြောင်း ထားတာတဲ့ ...





ကုဋ္ဌေရှင် နာမည်အရင်းက မသိန်းရှင်တဲ့။ အရင် ရပ်ကွက်မှာ သွားစုံစမ်းကြည့်ပါဆိုပြီး လိပ်စာတောင်ပေး သွားသေးတယ်။ တကယ်တော့ ဒါတွေက မမ သိပြီးသား တွေပါ။ သူတို့ အလုပ်လုပ်တဲ့ ကုမ္ပဏီမှာလည်း အလုပ် လုပ်ဖူးတယ်တဲ့။ အစမ်းခန့်နဲ့တင် ပြုတ်သွားတာတဲ့"

"ဩော် ... သူက မသိဘူးထင်လို့ စိုးရိမ်ပြီး သတိပေးတဲ့ သဘောပြောတယ် ထင်ပါတယ် မမရယ်"

"အေးကွယ် ... ဒါပေမဲ့ သူများမကောင်းကြောင်း ကွယ် ရာမှာ ပြောတာကို မကြိုက်ဘူး။ လူတစ်ယောက်အကြောင်း ဂဃနဏမသိဘဲနဲ့ စွတ်ပြီး အထင်သေးနေတာမျိုးကလည်း မကောင်းဘူး။ ဒါပေမဲ့ မင်း ကြိုက်သလိုသာ ဆုံးဖြတ် ပါ ...

ပြီးတော့ ကောင်မလေးက လည်လွန်းတယ်။ ဟန် ဆောင်ကောင်းတယ်။ ပထမတစ်ယောက်နဲ့ ခံရပြီးပြီ။ နောက်တစ်ယောက်အတွက် ထပ်ပြီး စိတ်မဆင်းရဲစေချင် တော့ဘူး။ သေချာတော့ လေ့လာပါ မောင်လေး"

"ဟုတ်ကဲ့ပါ မမရာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းဆက် တစ်ယောက် အာရုံတွေနှောက်သွားသည်။ မမရဲ့စေတနာကိုတော့ သံသယဝင်စရာ မရှိပါ။ ရွှေစင်ကြယ်ကို ကြည့်ရတာတော့ ဖြူစင်ပုံပါပဲ။ မိန်းမတွေကို အကဲတော့ မခတ်တတ်ပါဘူးလေ။

ဒါပေမဲ့ မမပြောသလို ကုဋေရှင် ဆိုရင်တော့ စိတ်ချရတဲ့ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်မှာသေချာပါသည်။ ဒါပေမဲ့ သူ ကုဋေရှင်ကို ရင်မခုန်ပါ။

ဟား ... အံ့စားလိုက်တာ။ ရှိစေတော့။

ကုဋေရှင်ဆိုတာ ခေါင်းထဲကိုမထည့်။ ကြိုက်ကို မကြိုက်တာ။ ရွှေစင်ကြယ်ကိုပဲ နည်းနည်းအကဲခတ်ကြည့်ရမယ်။

စဉ်းစားနေတုန်းမှာပဲ ရွှေစင်ကြယ် ဖုန်းဆက်လာသည်။

"ဟဲလို"

"ကိုကြီး ... ကိုကြီးကို မမကြီး ဘာပြောသေးလဲ"

"ဘာကိုလဲ"

"ဩော် ... ကိုကြီးတို့အိမ်ရှေ့မှာ ဆိုင်ဖွင့်ထားတဲ့ မိန်းမ အကြောင်းလေ"





"အင်း"

"ရွှေစင်ကတော့ သဘောမကျဘူး။ ကိုကြီး သူ့ကိုမထားတာ ကောင်းမယ်။ သူ့အဖေက ထောင်ထွက်၊ အစိုးရပိုင်ငွေ အလွဲသုံးစားမှုတဲ့"

"ကိုယ်တို့ သိပါတယ်။ သူ့အဖေတောင် ထောင်ကလွတ်လာပြီး ဆုံးသွားပြီ။ ကောင်မလေးက တော်ရှာပါတယ်။ ရိုးသားတယ်၊ ကြိုးစားတယ်၊ မိသားစုကို သူပဲရှာကျွေးနေတာလေ။ ရွှေစင်တို့က အပေါ်ယံလောက်ပဲသိလို့ နေမှာပါ။ ကိုယ်တို့က သူတို့မိသားစုနဲ့ ရင်းနှီးတယ်။ ရွှေစင် စေတနာနဲ့ အသိပေးတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကောင်မလေးက အများထင်သလို မဟုတ်ပါဘူး။ မိန်းမကောင်းလေးပါ"

တစ်ဖက်က ရွှေစင်ကြယ် အံကြိတ်ပစ်လိုက်သည်။ ဒေါသတွေလည်း ထွက်လိုက်တာ။

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုကြီးရယ်။ အမည်းစက်ရှိတဲ့သူတွေဆိုတော့ တတ်နိုင်ရင် မပတ်သက်တာ ကောင်းပါတယ်"

"ဩော် ... ဘာမှ မဖြစ်ပါဘူးကွယ်။ မမကဆို ကုဋေရှင်ကို အရမ်းသဘောကျတာ။ ခြံထဲမှာ ဆိုင်ပေးဖွင့်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



သာ ကြည့်တော့။ ရွှေစင် ဒီလောက် သဘောမကျ ဖြစ်နေတာ ရွှေစင် သိထားတာ တစ်ခုခုရှိလို့လား။ အဲလိုဆိုလည်း ပွင့်ပွင့်လင်းလင်း ပြောလေ”

“သူများအကြောင်း တည့်တည့်ကြီးတော့ မပြောချင်ပါဘူး။ ထားလိုက်ပါတော့”

ပြောစရာရှိ၍ လျှော့ချလိုက်သည်။ ရှိပဲရှိနေသလိုလို။ သူမကပဲ မပြောချင်သလိုလို လုပ်ပစ်လိုက်သည်။ ရင်ထဲမှာတော့ မကျေနပ်။ ကုဋေရှင် ဆိုသော တစ်ယောက်ကို ဘယ်ဘဝရေစက်ကြောင့် မုန်းမိမုန်းမသိ။ ဘာပြဿနာမှ မရှိဘဲ မုန်းတာ။

ဒေါက်တာမင်းဆက် တစ်ယောက်လည်း စဉ်းစားနေပါသည်။

❦ ၀ ❦





ဒေါက်တာမင်းဆက် သူ့တပည့် လက်ထောက်ဆရာဝန်လေးကတစ်ဆင့် ရွှေစင်ကြယ် အကြောင်း တီးခေါက်ကြည့်မိသည်။ တီးခေါက်တာထက် ရွှေစင်ကြယ့်အကြောင်း စုံစမ်းခိုင်းတာပါ။

သိပ်မခက်စုံစမ်းလိုက်ရပါ။ ရွှေစင်ကြယ်က ပုရိသတို့၏ အသည်းကျော်တဲ့။ ယောက်ျားလေးတွေ ဝိုင်းဝိုင်းလည်နေသလောက် ဘယ်သူ့ကိုမှ မငြင်းသလို ဘယ်သူ့ကိုမှ အဖြေမပေးဘဲ ကြိုးရှည်ရှည်နဲ့ လှန်ထားတတ်သတဲ့။

ခုထိ ရည်းစားရယ်လို့ မထားပေမယ့် သူမကိုကြိုက်တဲ့ ယောက်ျားတိုင်းနဲ့ ကြုံရင် ကြုံသလို တွဲသွားတွဲလာ လုပ်တတ်သတဲ့။

မိဘက စီးပွားရေးအသင့်အတင့်ရှိကာ ဝတ်နိုင်စားနိုင်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်း အရမ်းကြိုက်သတဲ့။ ငွေကို ရေလိုသုံးတတ်သတဲ့။

ကြားရတဲ့ သတင်းအရဆို သူ့ရဲ့ပထမအိမ်ထောင်ဖက်နဲ့ နင်လား ငါလားပါပဲ။ ဒါပေမဲ့ သူ့မှာ သံယောဇဉ်အမျှင်တန်းချင်နေသေး၏။

ထို့ကြောင့် စမ်းသပ်ချက်တစ်ခု ထပ်ပြီးစမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ ထိုစမ်းသပ်ချက်ကို သူတစ်ယောက်ပဲသိအောင် လျှို့ဝှက်ထားသည်။ သူ ရွှေစင်ကြယ်နဲ့ ကုဋေရှင်ကိုရိုးသားမှု ရှိမရှိ စမ်းသပ်မှာပါ။ သူ့မှာ လူနာတွေ ဆေးရုံဆေးခန်းတွေနဲ့ပဲ နပန်းလုံးနရတာ။

တစ်ခါတလေတော့လည်း ခုလိုကိစ္စလေးတွေက သူ့ ကို တစ်နည်းအားဖြင့် အမောပြေစေပါသည်။

သူ ရွှေစင်ကြယ်နဲ့ ကုဋေရှင်ကို နှင်းဆီပင်တစ်အိုးစီ လက်ဆောင်ပေးလိုက်သည်။ ကုဋေရှင်က နှင်းဆီပန်း ကြိုက်မကြိုက် သူ မသိ။ ရွှေစင်ကြယ်က နှင်းဆီပန်း ကြိုက်တယ်ဆိုလို့ နှင်းဆီပင် လက်ဆောင်ပေးတာပါ။

ရွှေစင်ကြယ်က နှင်းဆီဆို အနီရဲရဲမှ ကြိုက်သတဲ့။





သူ အထူးစီစဉ်ထားတဲ့ နှင်းဆီပင်လေး နှစ်ပင်။ တစ်ပင်ကို ရွှေစင်ကြယ်ကို လက်ဆောင်ပေးပြီး တစ်ပင်ကိုတော့ အိမ်ကိုသယ်လာခဲ့သည်။

ရွှေစင်ကြယ်က ...

"ဟား ... ကျေးဇူး ... ကျေးဇူး ... ရွှေစင် နှင်းဆီနီနီ ကြိုက်တာ ကိုကြီး ဘယ်လိုသိ"

"ဒီလိုပဲပေါ့"

"စုံစမ်းထားတယ်ပေါ့"

"လက်ဆောင်ပေးတာ ကြိုက်တတ်တာလေးပေးတော့ ပို အဆင်ပြေမလားလို့"

"ကျေနပ်တယ် ... လက်ဆောင်ကို သိပ်သိပ်ကြိုက်"

"အိုခေ ... ဒါဆို ကိုယ်ပေးတဲ့လက်ဆောင်လေးကို ရှင်အောင် စိုက်ရမယ်နော်"

"စိုက်မှာပေါ့ ကိုကြီးရဲ့"

"ကိုယ်ပေးတဲ့လက်ဆောင်လေးကို ရှင်သန်ဝေဆာလာအောင် ရွှေစင်က ပြုစုပျိုးထောင် ဂရုစိုက်ပေး၊ ဘယ်လောက် အဓိပ္ပာယ်ရှိတဲ့ လက်ဆောင်လေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက စိတ်ကူးယဉ်တတ်သားပဲနော်"

"နှလုံးသားနဲ့ လူလေကွာ"

"တစ်နေ့ တစ်နေ့ ဓားကိုင်ပြီး နှလုံးသားတွေကို ခွဲနေတာ မဟုတ်ဘူးလား"

"ရှင်သန်အောင် ကုစားပေးတာပါကွာ၊ ကိုယ်က မကောင်းတဲ့ ဝေဒနာဆိုးတွေကို ပပျောက်အောင် ကုစားပေးတတ်တယ်နော်"

"ဟင်း"

ရွှေစင်ကြယ် မျက်စောင်းက ရင်ဘတ်အဟောင်းကို လာမှန်သည်။ ဟုတ်ပါတယ်။ တစ်ခုလပ်တစ်ယောက်ရဲ့ ရင်ဘတ်ထဲက နှလုံးသားက ဘယ်လိုလုပ် သစ်နိုင်ပါ့မလဲလေ။ ရင်ခွင်အဟောင်းတစ်ခုဟာ တစ်စုံတစ်ယောက်အတွက် အသစ်ဖြစ်ပေမယ့် နောက်လူတိုင်းအတွက်တော့ အဟောင်းစင်စစ်ဖြစ်နေခဲ့ပေါ့။

❦ ○ ❦





နောက်နှင်းဆီတစ်ပင်ကိုတော့ ကုဋေရှင်ကို ကိုယ်တိုင်မပေးဘဲ မမကတစ်ဆင့် ပေးခိုင်းလိုက်သည်။

"ကျွန်တော်ပေးတယ်လို့ ပြောပေးပါ မမ၊ ကျွန်တော် သူတို့ကို စမ်းသပ်ကြည့်တာ"

"ဘယ်လို စမ်းသပ်တာလဲ"

"ဒါတော့ လျှို့ဝှက်ချက်ပေါ့"

အဲလိုနဲ့ ကုဋေရှင်ကိုလည်း နှင်းဆီပင်လက်ဆောင်ပေးဖြစ်တယ်။ သူက နှင်းဆီပင်ပေးတယ်ဆိုတော့ ကုဋေရှင်က အံ့သြနေသတဲ့။ သူမ နှင်းဆီကြိုက်မကြိုက် သူ မသိပါ။

သူသိတာက သူပေးတဲ့ နှင်းဆီပင်တွေက အမြစ်ဖြတ်ထားသော နှင်းဆီပင်တွေ။ အောက်ခြေပင်စည်တစ်လျှောက် အမြစ်မထွက်နိုင်အောင်လည်း ကော်အကြည်လေးတွေ သုတ်လိမ်းထားသေးသည်။ ဘယ်လိုမှကို မရှင်နိုင်အောင် လုပ်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



လေးငါးရက်နေတော့ ကုဋေရှင်က မမဆီကို လာပြောသတဲ့။

"ဒေါက်တာပေးတဲ့ နှင်းဆီပင်လေး သေသွားတယ် မေရယ်၊ ကုဋေရှင်လည်း သေချာဂရုစိုက်ပြီးစိုက်ပါတယ် ဒါပေမဲ့ မရှင်ဘူး"

သူ ရွှေစင်ကြယ်နဲ့တွေ့တော့ မေးလိုက်သည်။

"ရွှေစင် ကိုယ်ပေးထားတဲ့ နှင်းဆီပင်လေး အခြေအနေ ဘယ်လိုလဲ"

"ရှင်တာပေါ့ ကိုကြီးရဲ့၊ ခုဆို အဖူးလေးက ပွင့်တောင်ပွင့်နေပြီ"

"ဟုတ်လား"

"ကိုကြီးပေးတဲ့လက်ဆောင်ကို ရွှေစင်က ရှင်အောင်စိုက်နေ အမိပွာယ်ရှိမှာပေါ့ မဟုတ်ဘူးလား၊ စိတ်ချ အဖူးတွေ အပွင့်တွေ ဝေဆာနေစေရမယ်"

ဒေါက်တာမင်းဆက် ပြုံးလိုက်မိသည်။ တော်တော်မလွယ်တဲ့ မိန်းကလေးပါလား။ ဒါပေမဲ့ သူ့ရင်ထဲမှာ အလိုလိုခွင့်လွှတ်နေမိပြန်သည်။ သူမလေးဟာ သူ့ကို သဘောကျလို့သာ သဘောကျအောင် ပြောဆိုနေထိုင်နေတာပဲဟု အလိုလို နားလည်ခွင့်လွှတ်ပေးမိပြန်သည်။





ဒီမိန်းကလေးမှာ ပြစ်ချက်တွေရှိမှန်းသိသိနဲ့ ခွင့်လွှတ်နေမိတာပါ။ ချစ်တော့ အပြစ်မမြင်တော့တာ။

"ရွှေစင် ကိုယ့်ကို လက်ထပ်နိုင်မလား"

"ရှင်"

"ကိုယ်က တစ်ခုလပ်တစ်ယောက်ပါ ရွှေစင်၊ ကိုယ် နိုင်ငံခြားမှာ ပညာတော်သင်သွားနေတုန်း ကိုယ့်အမျိုးသမီးက နောက်အိမ်ထောင်ပြုသွားတာပါ၊ ကိုယ်တို့နှစ်ယောက်ကြား ဘာပြဿနာမှ မရှိဘဲ အနေဝေးလို့ ဖြစ်သွားတာပေါ့၊ သေချာတာတစ်ခုက ကိုယ့်ဘက်က ဘာအပြစ်မှမရှိခဲ့ဘူး၊ ရွှေစင် စုံစမ်းကြည့်လို့လည်းရပါတယ်"

ရုတ်တရက်ကြီး လက်ထပ်ခွင့်တောင်းလာတော့ ရွှေစင်လည်း ဘာပြန်ပြောရမှန်းမသိ။ အိမ်ထောင်ဖက်ကို ခြောက်ပြစ်ကင်းသဲလဲစင်သာ လိုချင်တာပါ။ လူပျိုမဟုတ်ဘဲ တစ်ခုလပ်ဖြစ်နေတော့ စိတ်ထဲ နှင်တင်တင်ရယ်။

ဒါပေမဲ့ ရာထူးဂုဏ်ဒြပ်တွေက မက်လောက်စရာ။ ရာထူးကဆရာဝန်ကြီးရဲ့ကတော်။

www.burmeseclassic.com



သူမနား ချဉ်းကပ်လာသူတွေထဲမှာ ဒီအထူးကုဆရာ
ဝန်ကြီးလောက် ဂဏန်းမြင့်သူမရှိသေး။ ပြီးတော့ မိန်းမတစ်ယောက်
ဟာ အသက်အစိတ်ကျော်လာပြီဆိုရင် အလှတွေကျဆုံးလာတော့
မည်။

ဒါပေမဲ့ ...

သူမမိဘတွေက သဘောကျပါ့မလား။

"ရွှေစင် မိဘတွေကို တိုင်ပင်လိုက်ပါဦးမယ်"

❦ ○ ❦





ရွှေစင်တို့ဘက်က ဒေါက်တာမင်းဆက်အကြောင်း
ကိုက်စုံစမ်းကြသည်။ ထိုသတင်းက ရွှေစင်တို့ကုမ္ပဏီမှာလည်း
တိုးတိုးတိတ်တိတ် အတင်းစကားတွေ ပြောလာကြသည်။ ရွှေစင့်
ကို မလိုသူတွေက ရွှေစင်တစ်ယောက် တစ်ခုလပ်နဲ့ ယူတော့မယ်
ဟု ဝမ်းသာအားရ သတင်းလွှင့်ကြတာကိုး။

ချစ်ဦးကိုတို့လည်း သိသွားတာပေါ့။ တစ်ခုလပ်
အထူးကုဆရာဝန်ကြီးဆိုသော ဂုဏ်ပုဒ်ဟာ လှောင်စရာ ဟားစရာ
ဖြစ်နေခဲ့ပါသည်။ ချစ်ဦးကိုက ပြုံးလိုက်မိသည်။

"မရွှေစင်ရဲ့အိမ်ထောင်ဖက်က တစ်ခုလပ်တဲ့လား"

ဟု တရားလည်းကျမိပါသည်။ ဘာကြောင့်လဲ။
ရွှေစင်ကြယ်ရဲ့ ပုံးတွေကြောင့်ပဲပေါ့။ ဘဝမှာ အိမ်ထောင်ဖက်ရဲ့
ထေမအိမ်ထောင်ဖြစ်ခွင့်မရတာဟာ မိမိပြုခဲ့ဖူးသော အကျိုးဆက်
တွေကြောင့်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးကိုတစ်ယောက် သူချစ်သော သူမအဲဒီ တနင်္ဂနွေ
ရုံးပိတ်ရက်မှာ သွားဖြစ်ပြန်ပါသည်။ ဘာရယ်မဟုတ်။ သူမအတွက်
စားစရာ သစ်သီးလေးနည်းနည်းဝယ်ပြီး သွားပို့တာပါ။ သူ
ပိုကြေးပန်းကြေး အများကြီးမှ မသုံးနိုင်ဟာလေ။

အခုချိန်မှာ သူမက အလုပ်အကိုင် မိုကောင်းနေ
သည်။ သူက သာမန်လခစား ကုမ္ပဏီဝန်ထမ်း။ သူမကို ချစ်ရေး
ဆိုဖို့ မရဲဝံ့သောအခြေအနေပါ။

ခုချိန်မှာ သူသာ သူမကို ချစ်ခွင့်တောင်းမယ်ဆိုရင်
သူမကို မက်သလိုဖြစ်မှာ။ မိန်းမထဘီနားကို ခိုချင်သူအဖြစ်
ထင်ခံရနိုင်သည်။

ထို့ကြောင့် မပြောတော့ဘဲ မျိုချထားလိုက်သည်။
သူမအတွက် သူလုပ်ပေးနိုင်တာက facebookကနေ ရယ်စရာလေး
တွေ ပို့ပေးတာမျိုးနဲ့ ဟာသဂျာနယ်နဲ့ ကာတွန်းစာအုပ်လေးတွေ
လက်ဆောင်ပေးတာမျိုးပေါ့။ သူက သူမကို ရယ်မောပျော်ရွှင်
စေချင်တယ်လေ။ ထို့ကြောင့် သူတတ်နိုင်သလောက် သူမကို
ပျော်အောင်ထားတာပါ။

ထိုနေ့ကလည်း သူမဆီသွားပြီး စားစရာ အသီးလေး
တွေ သွားပို့တာပါ။ တဖြည်းဖြည်းနဲ့ သူမကြိုက်တတ်တာလေး





တွေလည်း သိလာပါပြီ။ သူမက ဖရဲသီးကြိုက်သတဲ့။ ထို့ကြောင့်
သူသွားတိုင်း ဖရဲသီးစိတ်လေးတွေ ဝယ်သွားလေ့ရှိသည်။

ကုဋ္ဌေ ရှင့်ကို ကြည့်ရတာ တကယ်အေးချမ်းသည်။
သူမ ကြိုက်တတ်တာတွေက ဘာပကာသနမှမပါ။

"နင်က တကယ်အရိုးခံပဲနော်"

"ထင်လို့ပါဟာ၊ ငါက အရင်က အရမ်းဆိုးတာ၊ ကြွား
တတ်တာလည်း နှစ်ယောက်မရှိဘူး၊ အခုတော့ လောကဓံက
သင်ပေးလို့ နေတတ်သွားပြီပေါ့ဟာ"

"ဘာပဲဖြစ်ဖြစ် အဆိုးထဲက အကောင်းပဲပေါ့"

"အဟင်း ... နေတတ်တော့လည်း ကျေနပ်စရာပေါ့လေ၊
ဒါပေမဲ့ နေချင်သလိုနေခွင့်ရတဲ့ဘဝတော့ မဟုတ် ဘူးပေါ့
လေ၊ တစ်ခါတလေကျတော့လည်း သူဌေးကြီးတွေကမွေးတဲ့
ရွှေပေါ်မြတင် သူဌေးသမီးဖြစ်ချင်လိုက်တာ၊ ဟား ဟား...
ပင်ပန်းလို့ စိတ်ကူးယဉ်ကြည့်တာပါဟာ"

"ဘာပဲဖြစ်ဖြစ်ဟာ ခုလည်း နင် အဆင်ပြေနေတာပဲ"

"ဟုတ်ပါတယ်၊ ခုတော့ ဘဝက တော်တော်လေးနေသာ
ထိုင်သာရှိသွားပါပြီလေ"

"အဲဒါ အရှုံးထဲကအမြတ်၊ အဆိုးထဲက အကောင်းပေါ့ဟာ"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် ချစ်ဦးကို ကုဋေရှင်ထံ လာလည်တုန်း ဒေါက်တာမင်းဆက်နဲ့ ရွှေစင်ကြယ်တို့ကားကလည်း ခြံထဲအဝင် ချစ်ဦးကိုက ရွှေစင်ကြယ်ကို တွေ့သွားသည်။

ရွှေစင်ကြယ်ကလည်း ချစ်ဦးကိုကိုတွေ့ကာ အံ့ဩသွားသည်။

ချစ်ဦးကိုက ကုဋေရှင်ကို မေးလိုက်သည်။

"ဟိုဟာ မရွှေစင်မို့လား"

"ဟုတ်တယ်လေ"

"ဩော် ... သူ့ဘေးက"

"ဒီခြံပိုင်ရှင်လေ ဒေါက်တာမင်းဆက်တဲ့"

"ဒီလိုလား သူနဲ့ယူမယ်ဘဲပေါ့"

"ဟုတ်လား ... ဒေါက်တာက မရွှေစင်နဲ့လား"





"ဟုတ်တယ် အဲ့ဘဲက တစ်ခုလပ်မို့လား"

"အင်း ... ဒေါက်တာ့အပြစ် မဟုတ်ပါဘူး၊ သူ့မိန်းမက သူ ပြည်ပရောက်နေတုန်း နောက်အိမ်ထောင်ပြုသွားတာ"

"ဟား ဟား ... အခြေသတင်းကြီးတဲ့ ရွှေမင်းသမီး ဒီလို ဇာတ်သိမ်းမယ်တောင်မထင်ဘူး"

"နင်ကလည်းဟယ် အချင်းချင်းတွေ အဲလိုမပြောပါနဲ့၊ ဒေါက်တာက တစ်ခုလပ်သာဆိုတာ သဘောမနောကောင်းပါတယ်၊ ဒေါက်တာတို့မောင်နှမနှစ်ယောက်တည်းရှိတာ၊ မမကလည်း သဘောထားပြည့်မှပြည့်၊ ပြီးတော့ အထူးကုဆိုတော့ ဒေါက်တာ့ဝင်ငွေကလည်း ရှယ်နော်၊ မရွှေစင် ကံကောင်းမှာပါ၊ ပြီး ဒေါက်တာလည်း မရွှေစင်လို အလှပဂေးနဲ့ရတာ ကံကောင်းတာပဲ"

"အေး ... ကံမကောင်းမှာက နင်"

"ဟင် ... ဘာဆိုင်လို့လဲ"

"နင်မသိဘူးလား၊ နင့်ကို မရွှေစင်က အမြဲဒုက္ခပေးနေတာ"

"ဘယ်လို"

"နင့်ကို ရုံးက အစမ်းခန့်နဲ့ ထုတ်ပစ်တာ သူ့စနက်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဟုတ်တယ်၊ သူက နင့်နောက်ကြောင်းကို လိုက်စုံစမ်းပြီး ရုံးမှာ ချွန်တွန်းလုပ်လို့ နင့်ကို ဖြုတ်လိုက်တာ"

"ဘာ"

"ဟင်း"

"နင် သိတယ်ပေါ့"

"အင်း"

"ငါ့ကို ဘာလို့မပြောတာလဲ"

"ငါက ဘယ်လိုပြောရက်မလဲဟာ"

"ဘာလဲ ... ငါ့အဖေကိစ္စကြောင့်လား"

"ဆိုပါတော့"

"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"

"ဒီလိုပဲ အပြစ်ရှာတာပေါ့ဟာ"

"ငါသိပြီ၊ တစ်ခါ သူနဲ့ငါ ပလာဇာမှာတိုးသေးတယ်၊ သူ့ အသိဆိုင်မှာ ငါက အကျီသွားပြတာ၊ မယူလိုက်ဘူး"

"သေချာတယ် သူ့စနက်ပဲ"

"နင်က ဘာလို့ ခုမှ ငါ့ကို ဒါတွေ လာပြောတာလဲ"





"ပြောဖို့စိတ်ကူးမရှိပါဘူး၊ အခု သူ့ကိုတွေ့လို့ နင့်ကို သတိပေးချင်လို့ ပြောဖြစ်သွားတာ၊ သူနဲ့ ဒီခြံပိုင်ရှင် ယူဖြစ်ကြရင် နင့်အတွက် မကောင်းဘူး၊ သူ နင့်ကို တစ်နည်းနည်းနဲ့ ဒုက္ခပေးနိုင်တယ်"

"ငါက ဒီခြံမှာ မမ အတင်းခေါ်လို့ လာလုပ်ဖြစ်တာပါ၊ ငါ့ဘာသာလည်း အခန်းငှားပြီးလုပ်လို့ပါရတယ်၊ ဒါပေမဲ့ မမရဲ့ ကူညီပေးမှုတွေကြောင့် ငါ ပိုအဆင်ပြေအောင်မြင်လာတာ၊ မရွှေစင်က မထင်ရဘူးနော်၊ ရုပ်ကလေးနဲ့မှ မလိုက်၊ အေးလေ ... သူ့အကြောင်းသိထားတော့ သူ ဘာတွေဒုက္ခပေးဦးမလဲ စောင့်ကြည့်ရဦးမှာပေါ့ ... ဟင်း ဟင်း"

"သူက သိပ်ကြောက်စရာကောင်းတယ်၊ ရုပ်ကလေးလှ သလောက် အတွင်းစိတ်ပုပ်တယ်၊ အညိုရောင်ဆောင်တဲ့ နှင်းဆီအနီတစ်ပွင့်ပဲ"

"ဘာ ... အညိုရောင်ဆောင်တဲ့နှင်းဆီ ဟုတ်လား"

"နှင်းဆီနီတွေကို သေချာကြည့်လေဟာ၊ နီလွန်းလို့ ညိုသလို တောင်ဖြစ်တယ်၊ နှင်းဆီရဲ့မာယာတွေပေါ့ဟာ၊ နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



အရောင်စုံရှိတဲ့အထဲမှာ အဲဒီနှင်းဆီအနီရဲရဲတွေက အလှဆုံး အခက်ထန်ဆုံး မာယာအများဆုံးပဲ၊ မရွှေစင်က နှင်းဆီနီလို မိန်းမမျိုးဟ၊ သူနဲ့သွားပတ်သက်မိရင် မာယာတွေ ထုတ်သုံးပြီး ဖျားယောင်းပြီးမှ ဒုက္ခပေးတတ်တာ၊ အနည်းဆုံးတော့ သူ့ကြောင့် တစ်ဖက်သားမှာ တစ်နည်းတော့ ထိခိုက်နစ်နာစေချင်တဲ့ မိန်းမမျိုး"

"နင်က သူ့ကို ဘာလို့ဒီလောက်ထိ နားလည်နေတာလဲဟင်"

"အဟင်း ... ငါက သူနဲ့ပတ်သက်မိတယ်ထင်လို့လား၊ ငါက သူနဲ့မပတ်သက်ဘူး၊ ငါက သူ့ကို ဘောင်အပြင်ဘက်က ကြည့်လို့မြင်ရတာ၊ သူက ဘောင်ထဲမှာပဲ သမားရိုးကျ မာယာတွေသုံးနေတော့ မြင်နေရတာပေါ့ဟာ၊ ဘာပဲဖြစ်ဖြစ် နင် သတိတော့ထား၊ အဲဒီမိန်းမက ပညာသည်အဆင့်"

❦ ○ ❦





ရွှေစင်ကြယ်စိတ်ထဲမှာ ကုဋ္ဌေရှင်ကို ဘယ်လိုမှ မနှစ်မြို့။ အထူးသဖြင့် ဒေါက်တာမင်းဆက်တို့မောင်နှမနဲ့အဆင်ပြေနေတာရယ်၊ ခြံထဲမှာ အဆင်ပြေပြေ အလုပ်လာလုပ်တာရယ်ကို ဘယ်လိုမှ သဘောမကျတာ။ ဒါပေမဲ့ ကုဋ္ဌေရှင်ကို မောင်းထုတ်နိုင်းပြန်ရင်လည်း သူမပဲ မကောင်းရာကျဦးမည်။ သူမ အရူကို လူမြင်မှာစိုးသည်။ အထူးသဖြင့် ဒေါက်တာမင်းဆက် သူမကို အထင်မလွဲစေချင်ပါ။ အမြင်မစောင်းစေချင်ပါ။

သူမက သူမကို အကောင်းဆုံး အတော်ဆုံး အလှဆုံး စသဖြင့် အကောင်းတွေရှိသမျှ စုပြီး ထင်စေချင်သူလေ။

သူမအပေါ် မကောင်းမြင်မှာ သေမလောက်ကြောက်သည်။ အထူးသဖြင့် ဒေါက်တာမင်းဆက်ပေါ့။ သူမကို အထင်လွဲနေသူတစ်ယောက်ရှိပါသည်။ အထင်လွဲတယ်ဆိုတာထက် သူမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိသွားတာလို့ ပြောလို့ရသည်။ ချစ်ဦးကိုပေါ့။ ချစ်ဦးကိုက သူမ ကုဋေရှင်အပေါ် ချောက်ချထားတာကို သိနေသည်။ ချစ်ဦးကိုသိတာ ပြဿနာမရှိ။ ဒေါက်တာမင်းဆက်တော့ သိလို့မဖြစ်ပါ။ အထူးသဖြင့် သူမရဲ့အိမ်ထောင်ဖက်ဖြစ်ရမယ့်သူက သူမကို စင်းလုံးချောအပြစ်ကင်းသူအဖြစ်ပဲ မြင်စေချင်သည်လေ။

ဒီတော့ သူမဘက်က တစ်ခုပဲ တောင်းဆိုစရာရှိတော့သည်။

"ဘာ ... ဘယ်လို ရွှေစင်ရေလး"

"ကွန်ဒိုနဲ့နေချင်တယ်လို့၊ ရွှေစင်နဲ့ ကိုကြီး နှစ်ယောက် ကမ္ဘာလေးကို လှလှပပကလေး တည်ဆောက်ချင်လို့ပါ ကိုကြီးရယ်၊ ရွှေစင့်နာမည်နဲ့ ကွန်ဒိုတစ်ခန်းဝယ်ပေးပါနော်"

"ဝယ်ပေးတာက ဝယ်ပေးလို့ရပါတယ်၊ ကိစ္စမရှိဘူး၊ ဒါပေမဲ့ ခွဲနေဖို့တော့ မဖြစ်နိုင်ဘူး၊ ကိုယ်တို့မှာ မောင်နှမနှစ်ယောက်တည်းရှိတာ၊ မမကို တစ်ယောက်တည်းထားခဲ့ဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"ရွှေစင်ကတော့ ခွဲနေချင်တယ် ကိုကြီး"





"ဆောရီးကွယ် ... တခြားကိစ္စပေါင်းဆိုရင်တောင် တတ်နိုင်သလောက် လုပ်ပေးမှာပါ၊ မမကို တစ်ယောက်တည်းထားခဲ့ဖို့တော့ မဖြစ်နိုင်ဘူး"

"မမကြီးကို ပြောရခက်လို့လား"

"မဟုတ်ဘူး၊ မမခွင့်ပြုရင်တောင် ကိုယ်က မမကို တစ်ယောက်တည်းမထားခဲ့နိုင်ဘူး"

"မမကြီးနဲ့ ရွှေစင် ဘယ်သူ့ကို ပိုအလေးထားလဲ ကိုကြီး"

"ကဏ္ဍမတူတဲ့ကိစ္စတွေကို နှိုင်းယှဉ်ကြည့်လို့လည်း အဖြေမထွက်နိုင်ဘူး"

ပြောမရသဖြင့် ရွှေစင်က မကျေနပ်။ ရွှေစင်က မကျေနပ်သလို ဒေါက်တာမင်းဆက်ဘက်ကလည်း စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။

"ကိုကြီး"

"ပြောလေ ရွှေစင်"

"ကိုကြီးဘက်က ရွှေစင့်ကို မဖြစ်မနေ လက်ထပ်ချင်တာမျိုး မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ချင်ပါတယ်၊ အခု ကိုယ်တို့လက်ရှိနေတဲ့အိမ်မှာပဲ လိုက်နေမယ်ဆိုရင် အားလုံး အဆင်ပြေပျော်ရွှင်ရမှာပါ"

"ကိုကြီးဘက်က လုံးဝ မလိုက်လျောနိုင်ဘူးပေါ့"

"မမတစ်ယောက်တည်း ထားခဲ့ဖို့မဖြစ်နိုင်ဘူးလေကွာ"

"ဒါဆို ရွှေစင် ပြန်စဉ်းစားရမှာပေါ့"

"ရွှေစင့်ဘက်က မမကို ဘာတွေသဘောမကျစရာရှိလဲ ဒါမှမဟုတ် အခု ကိုယ်တို့နေတဲ့အိမ်ကို သဘောမကျတာလား၊ ကွန်ဒိုဝယ်ပြီး မမကို အတူခေါ်နေမလား"

"ဒါဆို အခုအိမ်နဲ့ခြံကို ဘယ်လိုလုပ်မလဲ"

"မမသဘောပေါ့၊ မမဆန္ဒရှိသလိုပေါ့၊ ဒါပေမဲ့ မမက ခြံနဲ့ဝင်းနဲ့ နေရတာကနေ ကွန်ဒိုမှာ လိုက်နေပါဆိုရင်လည်း ခေါ်လို့ရပါ့မလား မသိဘူး"

"မမကြီးနဲ့ အခုခြံမှာ လိုက်နေစေချင်ရင် ကိုကြီး တစ်ခု တော့ လုပ်ပေးပါ"

"ပြော"





"အဓိက အဆင်မပြေတာက ကုဋေရှင်ကို မတွေ့ချင် မမြင်ချင်တာပဲ ကိုကြီး၊ သူ့ကို ခြံထဲမှာ မထားတော့ဘူးဆိုရင် ရွှေစင် လိုက်နေမယ်"

"ကုဋေရှင်ကို"

"ဟုတ်တယ်၊ ဘာမှ ဆက်မမေးပါနဲ့၊ ရွှေစင် မဖြေချင်ဘူး၊ ရွှေစင် သူနဲ့ တစ်ခြံတည်းမနေချင်ဘူး၊ ရွှေစင်နဲ့မမကြီးကို မနှိုင်းနဲ့ဆို မနှိုင်းပါဘူး၊ ဒါပေမဲ့ ရွှေစင့်ကို ကုဋေရှင်ခေါ် မသိန်းရှင်ထက်တော့ ဦးစားပေးမယ်မို့လား၊ ဆောရီး ... ကိုကြီး ဘာမှမမေးပါနဲ့ Please"

"ကောင်းပြီ ကိုယ် စဉ်းစားလိုက်ဦးမယ်"

"စဉ်းစားဦးမယ်"

"ဟုတ်တယ်"

"ဩော် ... ဩော်"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မောင် မျက်နှာမကောင်းပါလား၊ ဘာဖြစ်နေလဲ၊ ဆေး ဆေးခန်းမှာ အဆင်မပြေဘူးလား"

"ပြေပါတယ်"

"ဒါဆို ရွှေစင်နဲ့ အဆင်မပြေတာလား"

"ဟင်း"

"သူက ဘာပြောလို့လဲ၊ မယူနိုင်တာလား၊ လုပ်မပေးနိုင်တာမျိုးကို တောင်းဆိုတာလား"

"သူက ကုဋေရှင်ကို သဘောမကျတာ"

"ကောင်မလေးကို နှင်ထုတ်ခိုင်းတာပေါ့"

"အဲသဘောဖြစ်နေတယ်"

"သူတို့နှစ်ယောက်ကြား ဘာကိစ္စတွေရှိနေလို့လဲ"

"မမေးပါနဲ့တဲ့"





"မမေးလို့တော့ မရဘူးလေ၊ အကျိုးအကြောင်းသိမှ ဆုံးဖြတ်လို့ရမှာပေါ့၊ ပြီးတော့ ကုဋေရှင်ကို မမခေါ်ထားတာလေ၊ ဘာအကြောင်းပြချက်မှ မရှိဘဲ ပြန်နှင်ထုတ်ဖို့ကျတော့ အဆင်မပြေဘူး"

"သူက မမေးပါနဲ့တဲ့"

"ဒါဆို သူ့ကို မယူဘဲ နေနိုင်လား"

"မိန်းမတော့ မရှားပါဘူး၊ ခုလို စိတ်အနှောင့်အယှက်ဖြစ်ရတာမကောင်းဘူး"

"မမ မေးမြန်းကြည့်ပါဦးမယ်"

မမက ချက်ချင်း ဖုန်းထဆက်သည်။

"ဟဲလို မမကြီး"

"မမ တစ်ခုလောက်မေးချင်တယ်၊ ရွှေစင်က ကုဋေရှင်ကို ဘာကို မနှစ်မြို့တာလဲ"

"ရှင်"

"ရွှေစင့်ဆီက အကျိုးအကြောင်းသိရမှ မောင်လေးလည်း ဆုံးဖြတ်လို့ရမှာပေါ့ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင့်ဆန္ဒနဲ့ အဲဒီ ကုဋေရှင် ဘာအကြောင်းမှ မရှိဘူး ဆိုရင်တောင် ရွှေစင့်ဆန္ဒကို မလိုက်လျောနိုင်ဘူးလား ရွှေစင့်ကို ဦးစားမပေးနိုင်ဘူးလား"

"ဆရာဝန်ကြီးကတော် ဖြစ်လာမယ့် မိန်းမတစ်ယောက် အနေနဲ့ အကျိုးအကြောင်းမဲ့ ကလေးဆန်လို့တော့ မဖြစ်ဘူး လေ ရွှေစင်ကြယ်၊ မမတို့က ဂုဏ်နဲ့ သိက္ခာနဲ့ နေတာလေ သူ့ကို မမခေါ်ထားတာ၊ ငှားထားတာတောင် မဟုတ်ဘူး အလကားပေးနေတာ၊ ဘာအကြောင်းပြချက်မှမရှိဘဲတော့ နှင်မထုတ်နိုင်ဘူး၊ အဲဒါ ရွှေစင်ကြယ်ကို ဦးစားပေးတာ မပေးတာနဲ့ မဆိုင်ဘူး၊ ရွှေစင်က မောင်လေးနဲ့ လက်ထပ်မှာ ကုဋေရှင်က မမခေါ်ထားတာ၊ တစ်ကန့်စီပဲလေ"

တစ်ဖက်က ရွှေစင်ကြယ် အံကြိတ်ထားသည်။ ဘယ်လိုလုပ်ရမလဲ။ ဆရာဝန်နဲ့ယူတော့မယ်ဆိုပြီး သတင်းတွေထွက်နေပြီ။ အသက်ကြီးကြီးတစ်ခုလပ်ကြီးဖြစ်ပြီးတော့ သူမလို မိန်းမမျိုးရတာတောင် အလိုမလိုက်ဘူးတဲ့လား။

တကယ်တော့ ရွှေစင်ကြယ် တွက်ကိန်းမှားတာပါ။ သူမဟာ ဒုတိယမြောက်အိမ်ထောင်ဖက်ပါ။ တစ်ကန့်လျော့နေတဲ့



အနေအထားပါ။ ပထမအိမ်ထောင်ဦးလောက်တော့ အရှူးအမူးဖြစ်မှာမဟုတ်။ ဒေါက်တာမင်းဆက်ဟာ ဖောက်ပြန်တတ်တဲ့ ယောက်ျားမျိုးလည်းမဟုတ်။ တည်ကြည်သော ယောက်ျားကောင်းတစ်ယောက်။

ဒါကို ရွှေစင်ကြယ် တရေးရေး သဘောပေါက်လာတာ လန့်သွားသည်။ ဒီယောက်ျားဟာ သူမကို လူနာတွေလောက်တောင် အချိန်ပေးမှာမဟုတ်။

နောက်ဆုတ်ဖို့အတွက် စကားတင်းဆိုးခဲ့ရမှာကို ဆွေးမိပြီးတွန့်။ ရှေ့ဆက်ဖို့လည်း လုံးဝကို မလှမ်းရဲတော့ ဘာလုပ်ရမလဲ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းဆက်တစ်ယောက် တော်တော်
ဦးနှောက်စားနေသည်။

ရွှေစင်က ဘာဖြစ်လို့ ကုဋေရှင်အပေါ် ဒီလော
ခါးသည်းနေသလဲ။

သူမက မပြောတော့လည်း ခက်သား။ ကုဋေရှင်
မေးဖို့ကျတော့လည်း အဆင်မပြေပါ။

သူမရှိနေလို့ သူနဲ့ ရွှေစင်ကြယ်တို့ အဆင်မပြေ
ဆိုတာ ဘယ်လိုပြောရမလဲ။ သူမတို့မှာ ပြဿနာ ဂဃနဏရှိ
တယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဘာမှ မရှိဘဲ ရမ်းပြီး ပြောလို့
မရတာ။

ခက်နေတာက ရွှေစင်ကြယ်။ သူမဘက်က သူ့
ယုတ္တိရှိတဲ့ အကျိုးအကြောင်းတစ်ခုခုတော့ ပြောသင့်သည်။





ရွှေစင့်ဘက်ကလည်း ဆင်ကြံကြံနေပါသည်။ အဓိက
ကုဋေရှင်ကို ထိုခြံထဲက မရအရ ထုတ်ဖို့ပါ။ ဒေါက်တာမင်းဆက်
ကို လက်ထပ်ချင်တာထက် ကုဋေရှင့်ကို ထိုခြံထဲက မောင်းထုတ်
ချင်တာ ဘယ်ဘဝရေစက်လည်းမသိပါ။ ဘာလို့ ဒီမိန်းမကို
အူးခါးစွာမုန်းမိမှန်းမသိပါ။

ဒေါက်တာမင်းဆက် သူမဆီလာတဲ့နေ့မှာတော့ သူမ
ဇာတ်လမ်းဆင်ထားတဲ့ အကြောင်းအရာတစ်ခုကို နောက်ဆုံးလက်
နက်အဖြစ် ထုတ်သုံးလိုက်ပါတော့၏။

ဒေါက်တာမင်းဆက်အနေနဲ့လည်း ရွှေစင်ကြယ်ကို
သဘောကျကာ ဒီရုပ်ကလေးနဲ့ မတော်မတရားစိတ် ရှိလိမ့်မယ်လို့
ထင်တာကြောင့် သူမဆီ လာခဲ့တာပါ။

"ရွှေစင် အကျိုးအကြောင်း တစ်ခုခု မပြောနိုင်ဘူးလား၊
ကိုယ် ကျေနပ်လောက်မယ့်၊ ကုဋေရှင်ကို နှင်ထုတ်သင့်
လောက်တဲ့ အကြောင်းတရားက ဘာလဲ"

"ရွှေစင် ပြောမှဖြစ်မယ်ဆိုရင်လည်း ပြောပါ့မယ် ကိုကြီး၊
တကယ်တော့ ရွှေစင် ဗေဒင်ကွက်ထားလို့ပါ၊ ရွှေစင်
လက်ထပ်မယ့်အိမ်မှာ မိန်းမနှစ်ယောက်ရှိတယ်၊ ရွှေစင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရောက်သွားပြီး သုံးယောက်ဖြစ်သွားရင် ခိုက်မယ်ဆိုတဲ့ ပါ ကိုကြီး"

"ဟာကွာ ... ဘာများလဲလို့၊ ဗေဒင်ကို အဲဒီလောက်မယုံ ပါနဲ့ ရွှေစင်ရယ်"

"အဲဒီဗေဒင်က အရမ်းမှန်တာ ကိုကြီးရဲ့"

"မှန်ပါစေဦးကွာ၊ ခိုက်တော့ရော ဘာတွေခိုက်မှာမို့လို့လဲ"

"သုံးယောက်ထဲကတစ်ယောက် အသေဆိုးနဲ့သေမယ်ဆိုပြီး ဟောထားတာ ကိုကြီးရဲ့"

"ဟ တော်တော်ဆိုးဝါးတာပဲ"

"အဲဒါကြောင့် ရွှေစင် ကြောက်တာ"

"မဟုတ်ပါဘူး၊ အဲဒီဗေဒင်ဆရာကိုပြောတာ၊ ကိုယ်တော့ အယုံအကြည် လုံးဝမရှိဘူး၊ ကိုယ်က လက်တွေ့ကျတဲ့ ခွဲစိတ်ဆရာဝန် တစ်ယောက်၊ သူပြောသလို ဖြစ်မဖြစ် လောင်းတောင်လောင်းကြည့်ချင်သေးတယ်၊ ဒီကိစ္စဆိုရင် တော့ မေ့လိုက် ရွှေစင်၊ ကိုကြီးတို့လက်ထပ်ကြစို့"

"ရွှေစင်ကတော့ ကုဋေရှင်ကို မရှိစေချင်ဘူး ကိုကြီးရယ် ရွှေစင် အယူသည်းတယ်ပဲပြောပြောပါ၊ ယတြာချေတဲ့





အနေနဲ့ ရွှေစင် ကိုကြီးတို့အိမ်မရောက်ခင် သူ့ကို ဖယ်ပေး ပါ၊ ရွှေစင် ကြောက်လို့ပါ"

"ကောင်းပြီ မမနဲ့ တိုင်ပင်ပြီး ကိုယ် အကောင်းဆုံးစဉ်းစား လိုက်ဦးမယ်၊ ရွှေစင့်ဘက်မှာ ဒီလို အကျိုးအကြောင်းရှိ နေရင် မမကိုလည်း ပြောလို့ရမှာပါ"

ဒေါက်တာမင်းဆက်က သူမကို ကလေးတစ်ယောက်လို ချစ်စနိုးနဲ့ ကြည့်နေသည်။ အဲဒါ ရွှေစင်ကြယ်ရဲ့ မာယာတစ်ခိုတ်တစ်ခုသာပါပဲ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



“အဓိပ္ပာယ်မရှိလိုက်တာကွယ်၊ မင်းက ယုံလို့လား”

“ဗေဒင်တော့ မယုံပါဘူး၊ ကိုယ်မယုံပေမယ့် သူက ယုံတယ်လေ မမရယ်”

“ဟင်း”

ဒေါက်တာမင်းဆက်တစ်ယောက်ကတော့ ရွှေစင်ကြယ် ခင်းလိုက်တဲ့ မာယာထောင်ချောက်မှာ မိသွားကာ ရွှေစင်ကြယ့်ကို ယုံကြည်သွား၏။

ဒါပေမဲ့ အပျိုကြီးကတော့ မိန်းမတစ်ယောက်ရဲ့ မာယာအခင်းအကျင်းကို သိနေသည်။

“ကောင်းပြီ မမတစ်ယောက်တည်း ပြောရခက်တယ်၊ မမရယ်၊ သူတို့နှစ်ယောက်ရယ် မျက်နှာချင်းဆိုင်ပြီး အကျိုးအကြောင်းရှင်းပြလိုက်မယ်”





“ဟင်း … ကောင်းပါ့မလား မမရယ်၊ မမပဲ ကုဋေရှင်ကို ပြောလိုက်ပါ၊ ရွှေစင့်ကို ခေါ်ပြောတော့ တစ်မျိုးဖြစ်နေမှာပေါ့”

“မင်းကောင်မလေးကို အားနာနေတာလား”

“တကယ်ဆို ကုဋေရှင်ကို မမခေါ်ထားတာလေ၊ သူသာ မရှိရင် ဒီပြဿနာတွေ တက်မှာမဟုတ်ဘူး”

“မင်းက မမကို အပြစ်တင်နေတာလား”

“မဟုတ်ပါဘူး၊ ကျွန်တော်လည်း စိတ်တွေရှုပ်လွန်းလို့ပါ”

“အေး … အဲဒါ မင်းကောင်မလေးပေးတဲ့ ဒုက္ခပဲ”

“မမက ရွှေစင်ကြယ်ကို သဘောမကျဘူးလား”

“ပွင့်ပွင့်လင်းလင်းပြောရရင် သဘောမကျဘူး၊ ရုပ်ကလေးချောတာပဲရှိတာ၊ သဘောထားနူးညံ့ပုံမရဘူး”

“မမကလည်းဗျာ”

“ထားပါ၊ ငါ ကုဋေရှင်ကို ပြောရတော့မှာပေါ့၊ သနားစရာအေးလေ … အရင်ကထက်စာရင်တော့ သူလည်း အဆင်ပြေနေပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးက ကုဋ္ဌေရှင်ကို ပြောတော့ ကုဋ္ဌေရှင်က လည်း သဘောပေါက်ပါသည်။ ဘာဗေဒင်မှ တွက်တာမဟုတ်။ ဒါဟာ ရွှေစင်ကြယ်ရဲ့ ယုတ်မာမှုသက်သက်ဆိုတာ သိပါသည်။

ဒါပေမဲ့ သူမ ဘာမှ မပြောဘဲ အလိုက်တသိပဲ အခန်းလိုက်ငှားပါသည်။ သူမလည်း ပြေလည်နေပြီမို့ အခန်းငှား နိုင်ပါသည်။ အခန်းငှားပြီး ဆိုင်ပြောင်းတော့ ချစ်ဦးကိုက လာ ကူညီသည်။

အပျိုကြီးလည်း ချစ်ဦးကိုကို မျက်မှန်းတန်းမိသွား ပါ၏။

"သူလေးက"

"ကျွန်တော်က ကုဋ္ဌေ့သူငယ်ချင်းပါ"

"သြော် ..."

လူငယ်တွေ အရိပ်အခြေကို ကြည့်ကာ တစ်မျိုးပဲ ဟု တွေးနေမိသည်။

ချစ်ဦးကိုက မကျေနပ်။ ရွှေစင်ကြယ်အကြောင်းတွေ အပျိုကြီးကို ပြောလိုက်ပါလားဟု မချင့်မရဲ။





ကုဋ္ဌေရှင် ခေါင်းငုံ့သည်းခံတတ်တာကို သဘော ကျေ။

"ထားလိုက်ပါ ချစ်ဦးကိုရယ်၊ သူ ဘယ်လောက်ဒုက္ခပေးပေး ငါမှ ဒုက္ခမရောက်တာ၊ ငါ့ဟာငါ အေးဆေးပဲ"

"နင် သည်းခံနေသမျှ ဒီမိန်းမ ပန်းပန်နေမှာပေါ့"

"ပန်ပါစေ၊ ငါကတော့ ဘယ်လိုမှ မနေဘူး၊ သူကတော့ သူနိုင်တယ်ထင်ရင်ထင်မှာပေါ့၊ ငါ့ဘက်ကတော့ ဘာမှ မရှုံးပါဘူး၊ မမတို့ခြံထဲမှာ မလုပ်ရလည်း အပြင်မှာလုပ်လို့ ရတာပဲ၊ ဆိုင်ခန်းငှားခလည်း ငါ့အတွက်မပြောပလောက် တော့ပါဘူးဟာ၊ အေးဆေး အေးဆေး"

"နင် ဘာလို့ ဒီလောက်သည်းခံနေတာလဲ"

"သူ့စေတနာ သူ့အကျိုးပေးမှာပါ ချစ်ဦးကိုရယ်၊ နေက အမြဲမသာပါဘူး၊ မိုးချုပ်တာနဲ့ နေဝင်သွားမှာပါ၊ သူ မသာကာ သာနိုင်ရင် ဆယ့်နှစ်နာရီပေါ့၊ ဒါပေမဲ့ ငါကတော့ နေထွက်တာလည်း စောင့်မကြည့်ဘူး၊ နေဝင်ချိန်လည်း ငါမသိဘူး၊ ငါ့ဘဝနဲ့ငါ အေးချမ်းအောင်ပဲနေတော့မယ်"

"နင် ဘာလို့ သိပ်ကိုဖြူစင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်တယ်ဆိုတာထက် ငါ့ဘာသာငါ သီးသန့်လေးနေလိုက်တာပါ၊ ငါ သူပေးတဲ့ဒုက္ခတွေကို လက်မခံတာ သူ့အပူတွေ သူပဲ ပိုက်ထွေးထားပါစေ၊ အခု သူ့လုပ်ရပ်တွေက သူ့ Imageကို ထိတယ်၊ သူနဲ့ မမတို့ဆက်ဆံရေး အဆင်ပြေမယ်မထင်ဘူး၊ ဒေါက်တာကလည်း တစ်ချိန်လုံး ဆေးရုံဆေးခန်းပြေးနေရတာ၊ သူနဲ့မမ ဘယ်လိုစခန်းသွားမလဲ ပြီးတော့ ဒေါက်တာက သူ့အစ်မကို သိပ်ချစ်တော့ မယားဘက်ပါမယ့်ယောကျ်ားလည်းမဟုတ်ဘူး၊ သူ စိတ်ဆင်းရဲရမှာ၊ သူ့စိတ်ခံတ်နဲ့ ဒေါက်တာတို့မောင်နှမကို အဆင်ပြေအောင် ပေါင်းနိုင်မှာမဟုတ်ဘူး၊ သူက ပူနေတာလေ၊ ဒေါက်တာတို့က အေးဆေးသမားတွေ၊ ဒေါက်တာတို့က အေးလေ သူက ပူလေနဲ့ ဆန့်ကျင်ဘက်တိုက်ပွဲတွေ ဖြစ်ကြမှာ သေချာတယ်၊ ဟား ဟား ... ငါကတော့ သူတို့ မြန်မြန်လက်ထပ်ဖြစ်ပါစေ ဆုတောင်းတယ်၊ ဒေါက်တာ့ကိုတော့ သနားပါတယ်၊ သူ့ကိုမုန်းလို့ သူတို့လက်ထပ်ပြီး မသာယာတဲ့ပုံစံကို ငါ မြင်ချင်တာ၊ အဲဒါကြောင့် ငါ မြန်မြန်ပြောင်းပေးလိုက်တာ"





"ဟင်"

"သူ့ကို ဘယ်သူမှ ဒုက္ခမပေးပါဘူး၊ သူ့အပူလုံးကပဲ သူ့ကို ပြန်ဟပ်မှာ"

"နှင်တို့မိန်းမတွေက သိပ်ဉာဏ်ပြေးကြတာပဲ လိုက်မမီဘူး"

"ဟင်း ဟင်း ... တစ်ခါတလေ သူဆင်တဲ့ထောင်ချောက်ထဲ သူ့ကို ပြန်ထည့်ရတာ ကိုယ့်အပြစ်လွတ်ပါတယ်နော်၊ သူ့ကျည်ဆံနဲ့သူ ပြန်ထိအောင်ပစ်ရတာ အရသာရှိတယ်ဟ၊ ငါက မမကို နှစ်သိမ့်လိုက်တယ်၊ သူနဲ့ ဒေါက်တာမင်းဆက်ကို ကြည်ဖြူပေးလိုက်ပါလို့၊ မချွေစင်ကြယ်က စိတ်သဘောထားပြည့်ဝဖြူစင်ပါတယ်လို့ ... ဟား ဟား"

ချစ်ဦးကိုက ပါးစပ်အဟောင်းသားနဲ့ ကုဋေရှင်ကို ကြည့်နေသည်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ...

ချစ်ဦးကိုဆီကို အပျိုကြီးရောက်လာခဲ့ပါသည်။ ကုဋေရှင်က မမလို့ခေါ်လို့သာ လိုက်ခေါ်ရတာ။ တကယ်တမ်းက အစ်မအရွယ်ထက် အဒေါ်အရွယ်ဆိုရင် ပိုမှန်ပါလိမ့်မည်။

"မမ မေးစရာရှိလို့ မောင်ချစ်ဦးကို"

"ဟုတ်ကဲ့"

"မင်းက ကုဋေရှင် သူငယ်ချင်းဆိုတော့ ကုဋေရှင်နဲ့ပတ်သက်ပြီး တော်တော်များများလည်း သိမယ်ထင်တယ်"

"ဟုတ် နည်းနည်းပါးပါးတော့ သိပါတယ်"

"အင်း ... မင်း ရွှေစင်ကြယ်နဲ့ ကုမ္ပဏီတစ်ခုတည်းဆိုတော့ ရွှေစင်ကြယ်နဲ့လည်း သိမှာပေါ့"

"ဗျာ"





"မင်းနဲ့ ရွှေစင်ကြယ် ကုမ္ပဏီတစ်ခုတည်းဆိုတာ တို့သိပြီးပြီ"

"ဟုတ်ကဲ့"

"မမသိချင်တာက ရွှေစင်ကြယ်နဲ့ကုဋေရှင်တို့ ဘယ်လိုတွေ ပတ်သက်စပ်ဆက်မှုရှိမလဲဆိုတာ မင်းပြောပြနိုင်မလားလို့ပါ၊ သူတို့နှစ်ယောက် ပတ်သက်မှုကို မင်း သိလိမ့်မယ်ထင်တယ်၊ ပြီးတော့ မင်း ကုဋေရှင့်အပေါ် သူငယ်ချင်းထက် ပိုမယ်ထင်တယ်၊ အဲဒါကတော့ မင်းတို့ကိုယ်ရေးကိုယ်တာပေါ့လေ၊ မမက အကြောင်းမရှိဘဲမေးတာတော့ မဟုတ်ပါဘူး"

"ကျွန်တော်တို့သုံးယောက်လုံး အခုကုမ္ပဏီမှာ အလုပ်လုပ်ရင်း စသိခဲ့ကြတာပါ"

"ဪ ... ဒါဆို ကုဋေရှင်က အရင်က မင်းတို့အလုပ်လုပ်တဲ့ ကုမ္ပဏီမှာ အလုပ်လုပ်ဖူးတယ်ပေါ့"

"ဟုတ်ကဲ့"

"ဪ ... ဒါကြောင့် သုံးယောက်သား သိနေကြတာကိုး"

"ကုဋေရှင်ကတော့ တကယ်ကို ဖြူစင်ရိုးသားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင်ကြယ်ကရော"

ချစ်ဦးကို ဘာပြောရမှန်းမသိ။

"မင်းသိသလောက်ပြောပြပါ၊ သူတို့နှစ်ယောက်ကြားမှာ ဘယ်လိုအကြောင်းတရားတွေ ရှိနေလဲ"

ချစ်ဦးကို ဘယ်လိုပြောရမလဲ။ ကုဋေရှင် ရည်ရွယ်ချက်ကို သိနေတော့လေ။

"မင်း သိသလောက်ပြောပြပေးပါ မောင်ချစ်ဦးကို၊ အကူအညီတောင်းတာပါ၊ ဖြစ်နိုင်ရင် မမက မောင်လေးကို ရွှေစင်ကြယ်နဲ့ သဘောမတူဘူး၊ ပထမအိမ်ထောင်တုန်းက လည်း ခမျာ ခံခဲ့ရပြီးပြီ၊ ဒုတိယအိမ်ထောင်ကိုတော့ အေးချမ်းသာယာစေချင်ပြီ၊ ရွှေစင်ကြယ်က အေးဆေးတဲ့မိန်းကလေးမဟုတ်တာ မိန်းမချင်း အကဲခတ်လို့ရတယ်၊ မောင်လေးကို ပြောမရလို့ ကြည့်နေရတာ"

"ဟုတ်ကဲ့"

"ပြောပြနိုင်မလား မောင်ချစ်ဦးကို"

သူလည်း ယောကျ်ားချင်းကိုယ်ချင်းစာကာ ဒေါက်တာမင်းဆက်ကိုငဲ့ပြီး မရွှေစင်အကြောင်းတွေ ပြောပြလိုက်သည်။





"ကျွန်တော်ပြောတာ အမှန်တရားတွေပါ၊ ယုံချင်ယုံ မယုံချင်လည်းရပါတယ်၊ ဒါပေမဲ့ ကုဋေရှင်က မရွှေစင်မကောင်းကြောင်း ပြောစေချင်မှာမဟုတ်ဘူး၊ သူက သည်းခံနေတာ ကျွန်တော်ပြောတယ်ဆိုတာ မမတို့မောင်နှမပဲ သိထားပေးပါ"

"မမ ယုံတယ်၊ အိုခေ ... ရွှေစင်ကြယ်ကဏ္ဍကို သပ်သပ်ထားလိုက်ပြီး အခု ကုဋေရှင်အကြောင်း ပြောချင်တယ်"

"ဗျာ ... ကုဋေက ဘာဖြစ်လို့လဲ"

"မမ သူ့ကို ခြံထဲမှာ ခေါ်ထားခဲ့တာ အကြောင်းရှိတယ်၊ သူ့ရဲ့အေးချမ်းမှု၊ ရိုးသားမှု၊ မိသားစုအပေါ် သိတတ်မှုတွေကို သဘောကျလို့ပဲ၊ သူ့ကို ဘယ်လောက်ထိ သဘောကျလဲဆို ယောက်မတော်ချင်တဲ့အထိ သဘောကျတာ"

"ဗျာ"

"ဟုတ်တယ် သူ့ကို ယောက်မတော်ချင်လို့ မောင်လေးနဲ့ နီးစပ်အောင် ခြံထဲမှာ ခေါ်ထားခဲ့တာ"

ချစ်ဦးကို အောင့်သက်သက်ဖြစ်သွားသည်။

"မောင်ချစ်ဦးကိုရဲ့ သံယောဇဉ်ကို မမ ရိပ်မိပါတယ်၊ ဒါပေမဲ့လေ ချစ်သူတွေ မဖြစ်ကြသေးဘူးမို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မမဆိုလိုတာက"

"မမ အတ္တကြီးတယ်ဆိုပေမယ့် ကုဋေရှင်နဲ့ သူ့မိသားစု အတွက်လည်း ကောင်းဖို့ပါပဲ"

"ဗျာ"

"ကုဋေရှင်ကို မမ ယောက်မတော်ချင်တယ်"

"အဲဒါ ကျွန်တော်ကို မပြောရမှာမဟုတ်ဘူး"

"ဟုတ်ပါတယ် မောင်လေးကလည်း ကုဋေရှင်ကို မကြိုက်ဘူး၊ ဒါပေမဲ့ [illegible]ဘားတီးလေး[illegible]တော့ ဖြစ်သွားနိုင်ပါတယ်၊ မောင်ချစ်ဦး[illegible]နဲ့[illegible]ကို လက်ထပ်ဖို့အဆင်သင့်မဖြစ်သေးဘူးမို့လား၊ သူ့မိသားစုက ရှိသေးသလို မင်းမိသားစုလည်းရှိသေးတယ်၊ မမက မောင်ချစ်ဦးကိုရဲ့ စိတ်သဘောထား နူးညံ့မှုကို သိလို့ ပြောကြည့်တာပါ၊ မင်းအပေါ် သံယောဇဉ်ရှိနေတဲ့ ကုဋေရှင်ကို မင်းကပဲ မောင်လေးလက်ထဲ ထည့်ပေးမှရမယ်ထင်တယ်"

"မမတို့ မိန်းမတွေ သိပ်ကြောက်ဖို့ကောင်းတယ်၊ ကိုယ်ဖြစ်ချင်တာပဲသိတဲ့ဟာတွေ"

"ဒါပေမဲ့ မမ စီစဉ်တာ ကုဋေရှင်အတွက်လည်း ကောင်းဖို့ပါပါတယ်"





"ကျွန်တော့်ကို ထည့်မတွက်ဘူးလေ"

"အချစ်ဆိုတာ တကယ်ချစ်လာပြီဆိုရင် ကိုယ်ချစ်တဲ့သူ ကောင်းစားဖို့ပဲ ကြည့်ရတယ်တဲ့ မောင်ချစ်ဦးကို၊ စွန့်လွှတ်ပေးဆပ်တယ်လို့ခေါ်မလား၊ မမက ကုဋေရှင်နဲ့မောင်လေးကို လိုက်ဖက်တယ်လို့မြင်တယ်၊ ကုဋေရှင်ဟာ ရွှေစင်ကြယ်ထက်စာရင် ဆရာဝန်ကြီးကတော် ပိုဖြစ်ထိုက်တယ်လေ၊ မမမှာ ပိုင်သမျှလည်း သူတို့အတွက်ပဲ၊ သူ့မိသားစုကိုပါ တာဝန်ယူကြည့်ရှုပေးမယ်"

"ကျွန်တော် စဉ်းစားပါရစေဦးဗျာ၊ မမ အလှူခံနေတာ ကျွန်တော့်နှလုံးသားဖြစ်နေတယ်၊ လွယ်လွယ်နဲ့ ပေးလိုက်ဖို့ မလွယ်ဘူးဗျ"

"စဉ်းစားပါ၊ မမလည်း ရွှေစင်ကြယ်နဲ့ကိစ္စတွေ ရှင်းရလင်းရဦးမှာပါ၊ လိုအပ်ရင် ရွှေစင့်ကိစ္စ မောင်လေးကိုပါ ရှင်းပြပေးပါဦး"

"မပြီးတော့ဘူးလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဒေါက်တာမင်းဆက်နဲ့ ရွှေစင်ကြယ်တို့ အကွဲအပြဲနဲ့ ဓာတ်သိမ်းလိုက်ကြသည်။

ရွှေစင်ကြယ်တစ်ယောက် ဆတ်ဆတ်ခါနာသွားသည်။ ဒေါက်တာမင်းဆက်က လက်ထပ်ခွင့်ကို ပြန်ရုပ်သိမ်းသွားတာကိုး။

ကုဋေရှင်ကို နှင်ထုတ်ပြီးတာမှ ဘာကြောင့် လက်ထပ်ခွင့်ရုပ်သိမ်းသွားလဲ ဆိုတာကို မေးမရ။ ဝဋ်ဆိုတာ ချက်ချင်းလည်တာပါပဲ။ အပျိုကြီးက သူ့မောင်ကို ကုဋေရှင်နဲ့လက်ထပ်ဖို့ နားချသည်။ လွယ်လွယ်နဲ့ နားချမရ။

အပျိုကြီးက ကုဋေရှင့်အခြေအနေကိုလည်း အကဲသွားခတ်ရသေးသည်။ မတော် ဟိုကောင်လေးနဲ့သဘောမျှသွားမှဖြင့် အဖိုးတန်ကလေး လက်လွှတ်နေရဦးမည်။

သူတို့ အကွဲအပြဲဓာတ်လမ်းကို ကုဋေရှင် မသိပါ။ သူမအလုပ်တွေနဲ့ သူမ မအားရ မနားရ။





ချစ်ဦးကိုလည်း သူမဆီမရောက်ပါ။ ကိုယ်ချစ်တဲ့သူကို တစ်ပါးသူရင်ခွင်ဆီ တွန်းပို့ဖို့ဆိုတာ သူမလုပ်ချင်ပါ။ ပြီးတော့ ဆရာဝန်က သူမကို ချစ်တာလည်းမဟုတ်။ သူမကို အလိုရှိနေတာက ဆရာဝန်ရဲ့အစ်မ။

အပျိုကြီးက သူ့မောင်ကို နားချလို့မရတော့ ဗီတို အာဏာသုံးတော့သည်။

"မောင်လေး ... မင်း ရွှေစင်ကြယ်ကို ကြိုက်တယ်ဆိုတုန်းက မမ သဘောမကျပေမယ့် ငါ့မောင် စိတ်ဆင်းရဲမှာစိုးလို့ လက်ခံပေးခဲ့တယ်၊ အခု မမ စိတ်ချမ်းသာအောင် မမဆန္ဒလေးလိုက်လျောပေးပါလားကွယ်၊ ကုဋေရှင်နဲ့ လက်ထပ်ပါ"

"ကျွန်တော် သူ့ကို ညီမလေးတစ်ယောက်လိုပဲ သဘောထားလို့ရတယ် မမ"

"ဒါဆို မင်း အိမ်ထောင်မပြုတော့ဘူးပေါ့"

"အဲဒါတော့ ..."

"အိမ်ထောင်ပြုမယ်ဆိုရင် ကုဋေရှင်နဲ့ပဲ သဘောတူတယ်ဒါပဲ၊ မင်း ရှာလိုက်ရင် ချောချောလှလှလေးတွေပါပဲ၊ ဒါပေမဲ့ ဆရာမကြီးတွေဖြစ်နေတာခက်တယ်၊ လှတာမက်နဲ့တော့၊ ဘဝကို အေးချမ်းစွာပဲဖြတ်သန်းပါတော့"

"မမကလည်း ခွတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဖွတ်ပေါ့၊ မင်းက လူတွေအကြောင်းမှ နားမလည်တာ။ မင်းသိတာက လူနာတစ်ယောက် ပိုကောင်းလာအောင် ဘယ်လိုခွဲစိတ်ပေးရမလဲဆိုတာလောက်ပဲ သိတာလေ၊ အထူးသဖြင့် မင်းက မိန်းမတွေရဲ့ မာယာကို နားမလည်ဘူး။ အဲဒါကြောင့် မင်းခံနေရတာ၊ ဘယ်သူမှ မပြည့်စုံဘူး။ အထူးသဖြင့် တစ်နေရာရာမှာ တအားတော်နေတဲ့သူတွေက တခြားနေရာတွေမှာ ချော်နေတတ်တယ်၊ မမ စကားပဲ နားထောင်ပါ မောင်လေး”

ဒေါက်တာမင်းဆက် ဘာမှ ပြန်မပြောပါ။ ငြင်းလည်းမငြင်း။ ခေါင်းလည်းမညိတ်ပါ။ အိမ်ထောင်ပြုတယ်ဆိုတာ ဒီတစ်ခုမကောင်းလို့ နောက်တစ်ခုပြောင်းသုံးကြည့်မယ်လို့ ခဏခဏ ပြောင်းလဲကောင်းတဲ့အရာမှ မဟုတ်တာ။ ဈေးဝယ်သလို ပိုကောင်းတာလေး ရှာဖွေဝယ်မယ်ဆိုသလို လုပ်လို့လည်း မရဘူးလေ။ နှလုံးသားနဲ့ပဲရွေးရွေး ဦးနှောက်နဲ့ပဲရွေးရွေး ပြောင်းရတာတော့ မလွယ်ဘူးလေ။ ခုချိန်မှာ ဒေါက်တာမင်းဆက်နှလုံးသားက အပြောင်းအလဲကို လက်မခံနိုင်သေးဘူး။

အပျိုကြီးက မောင်ဖြစ်သူကိုကြည့်ကာ အားမလိုအားမရဖြစ်နေသည်။

❦ ○ ❦





အပျိုကြီးဟာ သူ့မောင်ကို အားမရ။ ပြောမရတော့ တစ်ဖက်ကို ဘာမှ မပြောရဲ။ ပြီးတော့ ချစ်ဦးကိုနဲ့ကုဋေရှင်တို့ အခြေအနေကိုလည်း စောင့်ကြည့်နေရသေးသည်။ ချစ်ဦးကိုက ကုဋေရှင့်ဆီလာတာ မတွေ့ဟု ကုဋေရှင့်အလုပ်သမလေးတွေဆီက စုံစမ်းသိရှိရသည်။

ဒါပေမဲ့ အပျိုကြီးရဲ့ မရမက ဂျီကျတိုက်တွန်းမှုတွေကြောင့် နောက်ဆုံးမှာတော့ ဒေါက်တာမင်းဆက်က လက်ခံလိုက်ပါတယ်။

“မမရယ် ... မမ စိတ်ချမ်းသာအောင် လိုက်လျောပါတယ်၊ ဒါပေမဲ့ တစ်ဖက်က ကလေးမလေးသဘောကို တီးခေါက်ကြည့်ပါဦး၊ ကုဋေရှင်က အစွမ်းအရှိပြီး ကိုယ့်အားကိုယ်ကိုးတတ်တဲ့ မိန်းကလေးဆိုတော့ ကျွန်တော် ချမ်းသာတာ



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ဆရာဝန်ကြီးဆိုတဲ့ဂုဏ်ပုဒ်ရော သူ့မက်မှာ မဟုတ်ဘူး၊ ဒီတော့ သူ့ကိုတော့ အတင်းမတိုက်တွန်းပါနဲ့၊ ရွှေစင်ကြယ်နဲ့ကိစ္စကလည်း လောလောလတ်လတ်ကြီးဆိုတော့ သူ့အတွက် အဆင်ပြေချင်မှပြေမှာလေ”

“မင်းရင်ထဲမှာ ကုဋေရှင်ကို အသိအမှတ်တော့ပြုထားသားပဲ”

“ဟင်း”

ဒေါက်တာမင်းဆက် ပြုံးကာ သက်ပြင်းချလိုက်သည်။

အပျိုကြီးဟာ မောင်ဖြစ်သူဘက်က မီးစိမ်းပြလိုက်တာနဲ့ ...

ကုဋေရှင့်မိခင်ဆီသွားကာ စကားကြောင်းလမ်းတော့သည်။

“ညီမရယ် ... အစ်မကတော့ သဘောမတူစရာမရှိပါဘူး၊ ဒါပေမဲ့ သမီးသဘောပါ၊ သမီးဆန္ဒကိုပဲ ဦးစားပေးမှာပါ၊ ဆရာဝန်ကြီးနဲ့ လက်ထပ်ရင် သမီးလေးဘဝ ကောင်းစားမယ်၊ အစ်မတို့အတွက်လည်း ကောင်းမယ်ဆိုတာ သိပါ





တယ်၊ ဒါပေမဲ့ သမီးကြီးခမျာ အနစ်နာခံခဲ့ရတာတွေများပါပြီ၊ ခုလည်း သမီးကြီးလက်ခံရင် အစ်မလောက်ဝမ်းသာတဲ့သူ ရှိမှာတောင်မဟုတ်ဘူး၊ ဒါပေမဲ့ လက်ခံဖို့တော့ မတိုက်တွန်းချင်ဘူး၊ ညီမ နားလည်ပေးပါနော်”

“နားလည်ပါတယ် အစ်မရယ်၊ ကျွန်မကတော့ ကုဋေရှင်ကို တကယ်ကို ချစ်ခင်တာ၊ သူလေးလက်ခံပေးရင် သိပ်ကောင်းမှာ၊ အစ်မပဲ တီးခေါက်ပေးပါနော်”

“ကောင်းပါပြီ၊ အစ်မ သမီးကို ပြောကြည့်ပါ့မယ်”

“ဟုတ်ကဲ့ အမျိုးတော်ခွင့်ရပါစေ”

ထိုမျှနှင့်မပြီးပါ။ အပျိုကြီးဟာ ချစ်ဦးကိုဆီပါ ဖုန်းဆက်ပြီး အကူအညီတောင်းသည်။

“ချစ်ဦးကိုရေ ... မောင်လေးကတော့ ကုဋေရှင်ကို လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ပြီ၊ မမ ကုဋေ့မေမေကိုလည်း စကားစပြီးပြီ၊ မောင်ချစ်ဦးကိုဘက်က ကုဋေရှင်ကို တိုက်တွန်းပေးပါဦးကွယ်”

“မမ ကျွန်တော် ရှေ့မဆက်ဘဲ ဒီနေရာမှာပဲ ခြေစုံရပ်နေပေးပါမယ်၊ တိုက်တွန်းဖို့အင်အား မရှိတာကိုတော့ နားလည်ပေးပါခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ကွယ် ... မင်းကလည်း"

အပျိုကြီး စိတ်ညစ်သွားသည်။ ကုဋ္ဌေရှင်မိခင်က လည်း အေးစက်စက်။ ချစ်ဦးကိုကလည်း မကျေညီ။ ဖြစ်စေချင် နေတာက သူမတစ်ယောက်တည်းရဲ့ဆန္ဒ။

ကုဋ္ဌေရှင့်ကို တိုက်ရိုက်သွားပြောဖို့ကြတော့လည်း တွန့်နေခဲ့ပါသည်။

မောင်ဖြစ်သူကိုလည်း လွှတ်လို့ရမှာမဟုတ်။ ဘယ် လိုလုပ်ရမလဲ။

ခုချိန်မှာ ကုဋ္ဌေရှင့်အဖြေကို စောင့်ရုံပဲရှိတော့သည်။ မဖြစ်နိုင်တဲ့မင်္ဂလာပွဲကို မရမကဖြစ်စေချင်နေတော့ မောရ တာပေါ့"

❦ ○❦





ကုဋ္ဌေရှင် စဉ်းစားနေသည်။ သူမမိခင်ကိုလည်း အပြတ်မငြင်းဘဲ စဉ်းစားပါရစေဦးဟု ပြောထားသည်။

ဒေါက်တာမင်းဆက်။

ရွှေစင်ကြယ်နဲ့လက်ထပ်ဖို့ စီစဉ်ပြီးကာမှ ပွဲဖျက်ခဲ့ တဲ့ သတို့သားလောင်း။ သူတို့လက်ထပ်ပွဲ ဘာလို့ပျက်သွားတာလဲ။ တစ်ခုလပ်ဆိုတာကလွဲရင် ဒေါက်တာမင်းဆက်မှာ လူအားဖြင့် တော့ ငြင်းစရာမရှိပါ။

ဒါပေမဲ့ တစ်ခုလပ်နေတာကြီးကိုက စိတ်မချမ်းသာ စရာပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ရင်လည်း အိမ်ထောင်ပြုမှာ လား မပြုဘူးလား။ သူမအနေအထားနဲ့အားကိုးအားထားယောကျ်ား ယူဖို့တော့ မလိုပါ။ သူမဘာသာရပ်တည်နိုင်ပြီပဲ။ ရွှေကိုမလို ငွေကိုမလိုမှတော့ ရွှေငွေနဲ့ အားကိုးအားထားပြုဖို့အတွက်တော့ ယောကျ်ားယူစရာမလိုပါ။ သူမလိုအပ်တာ ချစ်ခြင်းမေတ္တာ။ ထိုအရာကို ဒေါက်တာမင်းဆက်ဆီမှ သူမ မရနိုင်ပါ။ ဒေါက်တာ ဟာ ဘယ်တုန်းကမှ သူမအပေါ် ချစ်ခင်ကြင်နာရိပ်မပြခဲ့သလို

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့နှလုံးသားဟာ လတ်လတ်ဆတ်ဆတ်ကြီးကိုပဲ ရွှေစင်ကြယ်ကို ချစ်ခင်ထားတာလေ။

သူမဘက်က ပြန်ကြည့်ရင်ရော။ ဟင့်အင်း။ သူမလည်း ဒေါက်တာ့ကို မချစ်ပါ။ ဒီတော့ကာ သူမနဲ့ဒေါက်တာရဲ့ မင်္ဂလာပွဲက ငွေကြေးဂုဏ်မနေတွေကို အခြေခံနေပြီး သူမက ငွေကြေးကို မလိုအပ်သောအခါ ထိုမင်္ဂလာပွဲကို ငြင်းပယ်ဖို့ပဲ သူမ ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ဒါပေမဲ့ သူမရဲ့ဆုံးဖြတ်ချက်ကို သူမ တစ်စုံတစ်ယောက်ကို ပြောပြချင်နေပါသည်။ ဒါပေမဲ့ ထိုတစ်စုံတစ်ယောက်လည်း သူမဆီမလာတာ ကြာပါပြီ။ လာလိမ့်နိုးနဲ့ မျှော်ကိုးကာမှ ဖုန်းတောင်မဆက်တော့ပါ။

လာချင်တော့လည်း ရုတ်တရက် ပန်းစည်းတွေနဲ့ ရောက်လာ။ ခုပဲ ကြင်နာတော့မလို အချိုမျက်ဝန်းတွေနဲ့။ ခုကြတော့လည်း လမိုက်ညသန်းခေါင်မှာ ဘယ်ချောင်ကပ်နေမှန်းမသိတဲ့ မဟူရာနတ်သမီးလို ပျောက်ချက်သားကောင်းသွားလိုက်တာ။ ရင်ခုန်သံတွေ နွေးတစ်လှည့် အေးတစ်လှည့်ဖြစ်နေပါသည်။

မေမေကတစ်ဆင့် အကြောင်းကြားမှာကို မစောင့်နိုင်သော အပျိုကြီးမမ သူမဆီရောက်လာခဲ့ပါသည်။ သူမနဲ့ မမ စကားတွေ အများကြီးပြောဖြစ်ကြသည်။





မမက သူမအပေါ် ရွှေစင်ကြယ် ချောက်ချတာတွေလည်း ပြောပြသွားသည်။ ဒေါက်တာက ရွှေစင်ကြယ့်အကျင့်တွေကို မကြိုက်၍ လက်ထပ်ပွဲဖျက်လိုက်တာတဲ့။ ရွှေစင်ကြယ်တစ်ယောက် သူပြုတဲ့ကံ ခံရတာပဲလေဟု တွေးလိုက်ပါသည်။

ရွှေစင်ကြယ်တစ်ယောက် သူမကို လိုက်ယုတ်မာနေတော့လည်း သူမအပေါ် မသက်ရောက်ပါ။ သူမကို မထိခိုက်ပါ။ သူမကတော့ ခုဆို ပိုလို့တောင် အောင်မြင်လာပါသေးသည်။ ရွှေစင်ကြယ် သိပ်လိုချင်နေတဲ့ သတို့သားတောင် သူမဆီရောက်လာပါသေးသည်။

ဒီအချိန်မှာ သူမ ဒေါက်တာမင်းဆက်ကို လက်ထပ်လိုက်ရင် ရွှေစင်ကြယ် ဆွေ့ဆွေ့ခုန်သွားနိုင်သည်။ စိတ်ထဲမှာ မခံနိုင်ပေမယ့် ပါးစပ်ကတော့ ဆိုးဆိုးဝါးဝါးတွေ ပြစ်တင်ကဲ့ရဲ့ဦးမှာပါပဲ။

ဒါပေမဲ့ ရွှေစင်ကြယ် မသိနိုင်တာက သူမဟာ ရွှေစင်ကြယ်ကို နိုင်ချင်ရုံသက်သက်တော့ အချစ်မပါတဲ့ အိမ်ထောင်ရေးကို အမိုက်ခံတည်ဆောက်မှာမဟုတ်ဘူးဆိုတာပါပဲ။ မမကိုလည်း အငြင်းစကားဆိုလိုက်ပါပြီ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးကိုသည် သူမတို့အခြေအနေ သိချင်ပေမယ့် သူမဆီလည်း မသွားရဲ။

မမကိုမေးဖို့ကြတော့လည်း ယောကျ်ားတန်မဲ့ သူများကိစ္စ စပ်စုသလိုဖြစ်မှာစိုးလို့ မမေးရဲ။

ချစ်ဦးကို သူမကို တော်တော်သတိရနေပါ၏။ ညဘက်ဆို အိပ်မက် ခဏခဏမက်သည်။

ဒီရက်ပိုင်း ညဘက် အိပ်ပျော်နေတဲ့အချိန် ထထယောင်နေလို့တဲ့။

အမေက ခဏခဏ လာနှိုးနေသည်။

ဒါပေမဲ့ သူ လွမ်းတာကို ကြိတ်မှိတ်ဖြေနေရပါသည်။ သူ ဖုန်းနဲ့ ခိုးရိုက်ထားတဲ့ သူမဓာတ်ပုံလေးတွေကြည့်ပြီး အလွမ်းဖြေနေရသည်။

မသွားတော့ဘူး။ မတွေ့တော့ဘူးလို့ဆုံးဖြတ်လိုက်





တာမှ သူမကို သူ့ရင်ထဲမှာ တော်တော်လေး စွဲလမ်းနေမှန်းသိလိုက်ရသည်။ သူမကို သူ တော်တော်လေး ချစ်မြတ်နိုးနေမိပါသည်။

သူမကို ဒေါက်တာ့လက်ထဲ လွှဲအပ်လိုက်ရတာ တော်တော်နောင်ကျင်ပါသည်။

ဒါပေမဲ့ မလွှဲတော့ရော သူလိုကောင်က ဘာအသုံးကျလို့လဲ။ ငွေမရှိ၊ အလုပ်အကိုင်ကသာမန်။ သူ့တစ်လဝင်ငွေက သူမရဲ့ တစ်ရက်စာဝင်ငွေသာသာ။ အသိုင်းမရှိ ဝိုင်းမရှိ။ တိုက်မရှိ၊ ကားမရှိ။ အချစ်တစ်ခုပဲရှိရုံနဲ့ ဘာလုပ်လို့ရမှာလဲ။ သူမနားမှာ ဝဲနေတာက ဒေါက်တာမင်းဆက်တို့လောက် အနေအထားတွေဖြစ်နေပြီ။ သူ့လို ဖွတ်ကြားကို သူမက သူငယ်ချင်းအဆင့်ထက် ပိုပါ့မလား။

ချစ်အားတွေငယ်လိုက်တာ။ ယောကျ်ားကြီးတန်မဲ့ သတ္တိတွေ မဲ့နေပါသည်။ နှစ်,လ,ရက်တွေ ကြာညောင်းလာရင်ဖြင့် လွမ်းဖွဲ့ဝေဒနာတွေ အနာကျက်လာကောင်းပါရဲ့။

ချမ်းသာတဲ့ မိဘတွေဆီမှာ မမွေးဖွားလာတာက ကံကြမ္မာအကျိုးပေး။ ဆရာဝန်မဖြစ်ခဲ့တာက သူ စာမကြိုးစားခဲ့မိလို့။ ချမ်းသာရာချမ်းသာကြောင်း နည်းလမ်းမရှာဘဲ လောကြီးထိုး



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးသာမန် လခစားဘဝကို တိုးဝင်ခဲ့လို့။ ဒီလောက်အလုပ်ကလေးရဖို့နဲ့ တည်မြဲနေအောင်တောင် မနည်းရပ်တည်ရတဲ့ တော်း

နာနာကြည်းကြည်းနဲ့ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲနေမိသည်။

တကယ်တော့ သူမတောင် ရပ်တည်ခဲ့သေးတာပဲ။ သူက ဘာလို့ ကျန်ရစ်ခဲ့တာလဲ။ သူ အသိတွေဖျတ်ခနဲ ပွင့်သွားသည်။

ထို့နောက် သူ ကုမ္ပဏီက ထွက်လိုက်သည်။ ကုမ္ပဏီကထွက်ပြီး မိဘတွေရဲ့ ရှိစုမဲ့စုလေးတွေ တောင်းကာ ကားလေးတစ်စီးဝယ်။ တက္ကစီဆွဲ။ မင်္ဂလာဈေးက ပစ္စည်းလေးတွေဝယ်။ ရပ်ကွက်ထဲမှာ လပေးနဲ့ရောင်း။ စသဖြင့် အလုပ်ဟူသမျှ ဂုဏ်ရှိစွမှတ်ပြီး လုပ်လို့ရသမျှ လုပ်တော့သည်။ အိမ်ပွဲစား၊ ခြံပွဲစား၊ ကားပွဲစား စသဖြင့် ပွဲစားလို့ရသမျှ အကုန်စားသည်။ ဒါပေမဲ့ ဥပဒေနဲ့ မလွတ်ကင်းတာတော့ မလုပ်။

သူ့ကိုကြည့်ရင် အိမ်ကပ်တယ်လို့မရှိ။ ကားတစ်စီးနဲ့ တစ်နေကုန် အပြင်မှာပဲ။ သူရှာလို့ရသမျှ မိဘတွေကလည်း ကျစ်ကျစ်ပါအောင် စုပေးထားသည်။

သူပြောင်းလဲလာတာကိုလည်း ဝမ်းသာနေကြသည်။





တက္ကစီဆွဲရင်း ခရီးသည်တွေနဲ့ စကားစရှာပြောရင်း ...အားလုပ်ရတာ တော်တော်အဆင်ပြေသည်။

လပေးနဲ့ဈေးရောင်းရတာကတော့ အကြွေးတောင်း...ရတာ နည်းနည်းခက်သည်။ ဒါပေမဲ့ အမေကကူတောင်းပေးလို့ ...အဆင်ပြေပါသည်။

"လုပ်တာတော့လုပ်ပေါ့သား၊ ဒါပေမဲ့ ဥပဒေဘောင်ထဲကပဲ လုပ်နော်"

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးကိုက သူမ လက်ထပ်သွားပြီဟုထင်မှတ်ထ
မေ့နိုင်အောင် ကြိုးစားနေသည်။ သူမရှိရာဘက်ကို သွားချင်စိတ်
တွေကို အကြိမ်ကြိမ်ချိုးနှိမ်ခဲ့သည်။

ဘယ်လောက်ထိ ရှောင်မိလဲဆိုရင် သူမတို့ရပ်ကွက်
ကို ကားငှားရင်တောင် မလိုက်ပါ။

သူမကိုတွေ့ရင် သူ့စိတ်တွေ ထိန်းနိုင်မှာမဟုတ်
မျက်နှာလွှဲခဲ့ပြီးမှတော့ ထပ်ပြီးမခံစားချင်တော့။ ဒဏ်ရာကို မ
တော့ဘဲ သက်သာရာရဖို့ပဲ စဉ်းစားသည်။

သူက မသွားသလို သူမကလည်း မျှော်ရ
လည်ပင်းညောင်ရေအိုးဖြစ်နေပါ၏။

ချစ်ဦးကို ရုတ်တရက် ရောက်မလာတော့တာ
သူမ စဉ်းစားလို့တောင်မရပါ။





ထိုအတောအတွင်း ရွှေစင်ကြယ်တစ်ယောက်လည်း
လေဘီတစ်ယောက် ကားတင်ပြေးတာခံလိုက်ရသည်။

ရွှေစင်ကြယ်မိဘတွေဆို ရှက်လွန်းလို့ အအပ်တောင်
ခံ။ ယောကျ်ားတွေကို ကစားတဲ့အကျိုးကျေးဇူးပေါ့လေ။ ရွှေစင်
ကြယ်က အချစ်တွေပေါ်များစွာ ရခဲ့သူဆိုတော့ အချစ်ကို
တန်ဖိုးမထားပါ။ အချစ်ကို တန်ဖိုးမထားလို့ အချစ်ကလည်း
ထော်ခတ်လိုက်တာပါ။ တစ်နှစ်ခန့်အကြာမှာတော့ ဒေါက်တာမင်း
သတ်လည်း ဆရာဝန်မတစ်ယောက်နဲ့လက်ထပ်သွားသည်။ အပျို
ကြီးကလည်း ရိပ်သာဝင်သွားသည်။ အရာရာတိုင်း ခေတ္တတော့
ဇာတ်လမ်းပြီးဆုံးသွားခဲ့ပြီ။

မဆုံးသေးတာက အဓိကဇာတ်ဆောင်နှစ်ယောက်
တွေ့သေးတာပဲ။

နှစ်ယောက်စလုံး အလုပ်ကို အသည်းအသန် လုပ်
နေကြရင်း နှစ်ယောက်စလုံး တိုးတက်နေပါ၏။

ချစ်ဦးကိုကလည်း လူရည်လည်စွာ လုပ်တတ်ကိုင်
တတ်တော့ တဖြည်းဖြည်း တိုးတက်လာပါသည်။ စုမိသလောက်
နဲ့ ပွဲစားလေးလုပ်ရင်း အချိုအချောင်လေးရရင် ဝယ်ပြီး အမြတ်
တင်ပြန်ရောင်းနဲ့အလုပ်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နှလုံးသားမှာတော့ အနာမကျက်သေး
ဒေါက်တာမင်းဆက် တခြားတစ်ယောက်နဲ့ ယူသွားတာလည်း
သူ မသိပါ။

သူသိတာက သဲသဲမဲမဲ စီးပွားရှာဖို့ပဲ။

လောကမှာ အရေးအကြီးဆုံးက ချစ်ခြင်းမေတ္တာ
ပိုက်ဆံပဲ။ ဒါက ချစ်ဦးကို ခေါင်းထဲကို ဝင်သွားတဲ့ပုံသေနည်းပဲ

အဲဒီလိုနဲ့ပေါ့လေ။ သူတို့နှစ်ယောက်ဟာ မဆုံချင်
တော့လည်း ကြုံကြုံဖန်ဖန် ကပ်လွဲနေကြတာပေါ့။

ဥပမာ သူမ ဗိုလ်ချုပ်ဈေးထဲ ရှိနေချိန် သူက ဗိုလ်
ချုပ်ဈေးရှေ့ ကားသွားထိုး။ သူ ဧရီးသည်ရလို့ ပါသွားချိန်
သူမကထွက်လာပြီး သူ ကားရပ်ခဲ့တဲ့နေရာကို ရောက်လာ
တက္ကစီငှားတာမျိုးပေါ့။

သူမက ဘုရားပေါ်ကို ဓာတ်လှေကားနဲ့တက်နေချိန်
သူက ဟိုဘက်ဓာတ်လှေကားနဲ့ ဆင်းသွားတာမျိုး။

စသဖြင့် မဆုံချင်တော့လည်း တော့လွဲကလေး
လွဲနေတာပေါ့။

ရုပ်ရှင်တွေထဲကလို တော့လွဲလေးတွေပေါ့။





ကံကြမ္မာက အချိန်မတန်သေးတော့ ပေးမဆုံတာ
ဆင်ပါရဲ့။ မမျှော်လင့်ဘဲ ထာဝရလည်း ကွဲကွာသွားနိုင်တာပဲလေ။
အဲဒီလို ဝေးခဲ့ကြတဲ့ ချစ်သူတွေလည်း အများကြီးနေမှာပါ။
ကိုယ်က ချစ်လွန်းလို့ ပေးဆပ်လိုက်ပေမယ့် တစ်ဖက်က ရယူရဲ့
လားဆိုတာ တစ်ချက်လောက်တော့ Check in လိုက်သင့်သည်
ဆင်ပါရဲ့နော်။ ကံကြမ္မာက ဆုံဆည်းပေးချင်တာတောင် ကိုယ်
တိုင်က ရှောင်လိုက်လွဲနေရင်လည်း ဘယ်ဆုံနိုင်တော့မှာလဲ။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"မမကုဋ္ဌေ စာလာတယ်"

"စာ ထူးထူးဆန်းဆန်း ငါ့ဆီကို ဘယ်ကစာလာတာလဲ"

ကုဋ္ဌေ ရင်တွေခုန်သွားသည်။ ချစ်ဦးကိုဆီကများ လား။

ဒါပေမဲ့ စာအိပ်ပေါ်က ပေးပို့သူနေရာမှာ အပျိုကြီး လို့ နာမည်ကို တွေ့လိုက်ရသည်။

အပျိုကြီး ရိပ်သာဝင်သွားတာ သိနေသဖြင့် ဘာ ဖြစ်လို့ စာရေးပါလိမ့်ဟု ထူးဆန်းနေမိသည်။ သိချင်စိတ်နဲ့ ဖောက်ဖတ်လိုက်သည်

"သို့ ...

ချစ်ရတဲ့ညီမလေး ကုဋ္ဌေ ...

မမမှာ ညီမလေးကို မျက်နှာချင်းဆိုင် မပြောဝံ့တဲ့ အကြောင်းကလေးတစ်ခု ရှိနေတယ်။ မျက်နှာချင်းဆိုင်





မပြောဝံ့သလို ဖုန်းနဲ့လည်း ပြောမထွက်တာနဲ့ စာပဲရေး လိုက်တာ ...

"ဟင် ... ဘာပါလိမ့်"

သိချင်စိတ်တွေနဲ့ အမြန်ဆက်ဖတ်မိ၏။

"ကုဋ္ဌေရေ ... မမက ကုဋ္ဌေနဲ့ မမမောင်လေးကို သဘော တူလွန်းလို့ မလုပ်သင့်တဲ့အလုပ်ကို လုပ်မိတယ်။ အဲဒါက တော့ မောင်လေး ချစ်ဦးကိုကို ညီမလေးနားက ဖယ်ပေး ဖို့ တောင်းဆိုခဲ့မိတာပါပဲ"

"ဟင်"

"မမမောင်လေး မင်းဆက်အတွက် ညီမလေး အပေါ် သံယောဇဉ်ဖြစ်နေတဲ့ ချစ်ဦးကို့,ကို ညီမလေးနားက ထွက် ခွာပေးဖို့၊ ညီမလေးကိုချစ်ရင် စွန့်လွှတ်ပေးပါဆိုပြီး တောင်း ဆိုရုံမက မင်းဆက်ကို လက်ထပ်ဖို့ တိုက်တွန်းပေးပါလို့ တောင် ပြောခဲ့မိပါတယ်"

"ဟင်"

"ဒါပေမဲ့ ချစ်ဦးကိုက မင်းဆက်ကို လက်ထပ်ဖို့ အထိ တော့ မတိုက်တွန်းပေးနိုင်ဘူး။ သူ ရှောင်ပေးရုံပဲ တတ် နိုင်တယ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



မမ ဘယ်လောက် အတွေးကြီးခဲ့မိလဲကွယ်။ တကယ်တော့ မမလည်း ရွှေစင်ကြယ်နဲ့ သိပ်မကွာပါဘူး။ ရွှေစင်ကြယ်ကိုသာ အပြစ်တင်နေတာ။ မမလည်း ချစ်ဦးကို အပေါ် မတရားခဲ့ပါဘူး။ ကိုယ့်ထက်နိမ့်ကျတဲ့ သူတစ်ယောက်ကို အနိုင်ယူတာ။ အနိုင်ရတာဟာ မကောင်းမှန်း ခုမှပဲ သဘောပေါက်တော့တယ် ညီမလေးရေ။ တကယ်တော့ ဘယ်လောက်ပဲ အကွက်တွေရွှေ့ရွှေ့ မမ ဖြစ်စေချင်သလို ဖြစ်မလာပါဘူး။ မမ အကွက်ရွှေ့တာ မအောင်မြင်ဘူးပေါ့ကွယ် ...

ကိုယ့်လူကောင်းစားဖို့အရေး တစ်ဖက်သားကို ချနင်းမိပါလားဆိုတာ ခုမှပဲ သဘောပေါက်တော့တယ်၊ တကယ်တော့ ချစ်ဦးကိုဟာ ညီမလေးကို သိပ်ကိုချစ်ရှာပါတယ်။ ရွှေစင်ကြယ်ကို အပြစ်တင်နေတဲ့ မမ၊ ကိုယ့်အပြစ်ကို တရားစခန်းရောက်မှပဲ မြင်တော့တယ် ညီမလေးရေ။ တကယ်တော့ ဆန္ဒတစ်ခု အောင်မြင်ဖို့က စေတနာက အဓိကပါပဲ ...

စေတနာကောင်းရင် အလုပ်ကောင်းမယ်။ စေတနာဆိုးရင်တော့ ရလဒ်ဆိုးပဲ ထွက်တာပေါ့။ မမကို ခွင့်လွှတ်





ပါ။ ချစ်ဦးကိုနဲ့ ပတ်သက်ပြီ ညီမလေး ကြိုက်သလို ဆုံးဖြတ်ပါတော့ကွယ်။

ရွှေစင်ကြယ်လိုပဲ အကွက်ရွှေ့မှားခဲ့တဲ့ ...

မမ"

စာရှည်ကြီးကိုဖတ်ပြီး သက်ပြင်းမောတွေ ချမိသည်။

ဒါကြောင့်ကိုး။ သူ ရုတ်တရက် ပျောက်သွားတာ ဒါကြောင့်ကိုး။ တော့။ ဒေါက်တာ လက်ထပ်သွားတာ သူ မသိသေးဘူးလား မသိဘူး။ တော်တော်တုံးတဲ့ တော့။

သူမ သူ့ကို ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲနေမိသည်။ သက်ပြင်းတွေလည်း အခါခါ ချမိပါရဲ့ တော့ရဲ့။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူမ စောင့်နေပါသည်။ သူမအဖြစ်က လိုက်ရှင်းပြခွင့်ရှိတဲ့ အခြေအနေမျိုး မဟုတ်ပါ။ ပွင့်ပွင့်လင်းလင်း ပတ်သက်မှုမျိုး မရှိထားတော့ သူ့ကို သူမဘက်က စတင်ဆက်သွယ်ရမှာ ရှက်ပါသည်။

ဘယ်သူသိသိ မသိသိ သူမ ရှက်ပါသည်။ ထို့ကြောင့် သူမ မဆက်သွယ်ပါ။ ဖူးစာမှန်ရင် တစ်နည်းနည်းနဲ့ ပြန်ဆုံနိုင်ပါသည်။ ဖူးစာမပါတော့လည်း ဒီဘဝ ဒီမျှနဲ့ပဲ လွဲရုံပေါ့။

သူမဘဝမှာ အကြိမ်ကြိမ် အခါခါ လဲကျခဲ့ဖူးပါသည်။ ဒါပေမဲ့ အကြိမ်ကြိမ် ပြန်ထခဲ့တာချည်းပဲလေ။

ခုလည်း နှလုံးသားအရေးအခင်းမှာ သူမ အလဲထိုးခံရပြန်သည်။

သူမ ဘာမှမသိလိုက်ဘဲ ဒိုင်ပွဲရပ်သွားခဲ့တာပါ။





သူမဆန္ဒမပါဘဲ သူမကို အနီကပ်ပြခဲ့တာ အေးရိပ်တစ်ခုမှာ နားခိုစေချင်လို့တဲ့လား။ ဒါပေမဲ့ သူမ အချစ်ပွဲက မထွက်ချင်ဘူးလေ။ တစ်ပွဲလောက်တော့ နွှဲလိုက်ချင်သေးရဲ့။

ခုတော့ အချစ်က မချစ်ရသေးဘဲ လွမ်းရမယ့် အဖြစ်။ ချိုသလိုလိုနဲ့ ခါးသွားခဲ့သည်။

အမေနဲ့ မောင် နှစ်ယောက်ကလည်း သူမကိုအားကိုးနေရတာ ဆိုတော့ သူမမျက်နှာကို အရိပ်လို ကြည့်နေကြသည်။

ဒီရက်ပိုင်း သူမ မျက်နှာမကောင်းတော့ အမေက မေးသည်။

"သမီး ဘာဖြစ်နေလဲ။ သမီးမှာ အကြောင်းရှိရင် အမေ့ကိုမှ မပြောရင် ဘယ်သူ့ကို ပြောမှာလဲ။ ကုန်ကုန်ပြောရရင် ရည်းစားကိစ္စပဲဖြစ်ဖြစ် အမေ့ကို တိုင်ပင်ပါ။ အမေက ငါ့သမီးကို စိတ်ချမ်းသာစေချင်တယ်။ သမီး မျက်နှာမကောင်းတော့ အမေလည်း စိတ်ညစ်တယ်"

ဘယ်လိုဖြေလိုက်ရမလဲ။ ဖြေရခက်တဲ့ မေးခွန်းပါပဲ။ တကယ်ပါ။ သူမမှာ ဖြေစရာစကားလုံး မရှိပါဘူး။ ကောင်လေး တစ်ယောက် သူမကို ရည်းစားစကား မပြောလို့ စိတ်ညစ်နေပါတယ်လို့ ပြောလို့မှ မသင့်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပဲ သားအမိချင်းဆိုဦးတော့။ ဘယ်လောက်ပဲ နားလည်ပေးတယ် ဆိုစေဦးတော့လေ။

ဒီလိုပါပဲ။ သူမ ကံကိုက မကောင်းတာပါလေ။

တစ်ဆထက်တစ်ဆ အောင်မြင်လာတဲ့ ဘဝမှာ သူမနားမှာ ချစ်သူတွေလည်း ဝိုင်းဝိုင်းလည်နေခဲ့ပါသည်။ ခင်သူတွေလည်း ဝိုင်းဝိုင်းလည်နေခဲ့ပါသည်။ ဒါပေမဲ့ ထိုသူတွေသည် သူမ နိမ့်ကျစဉ်အခါက သူမကို ရှိတယ်ဟုတောင် မသိကြသူတွေပါ။

သူတို့ချစ်ခင်တာ အောင်မြင်နေတဲ့ ကုဋေရှင်ကိုပါ။ ဘဝတွေပျက်ပြီး ဒုက္ခပင်လယ်ဝေခဲ့တဲ့ မသိန်းရှင်ကို သူတို့မသိခဲ့ကြပါဘူး။

ထို့ကြောင့် သူမ ထိုသူတွေရဲ့ ချစ်ခင်မှုအပေါ် မသာယာပါဘူး။

သူမ မျှော်လင့်မိတာ သူမကို အေးချမ်းစေချင်တဲ့သူ။ သူမကို ဂုဏ်တင့်စေချင်တဲ့သူ။ သူမကို ချမ်းသာစေချင်တဲ့သူ။

ဒါပေမဲ့ သူက သူမကို မေ့ထားခဲ့တဲ့သူ ဖြစ်နေသောအခါ ...။





သူမရင်ထဲမှာ တိတ်ဆိတ်စွာ အထီးကျန်နေခဲ့ရပါတယ်။ ဘဝဆိုတာ ရေစက်ခါးတစ်ခုပါပဲ။ မချိုမြိန်ခဲ့တဲ့ ဘဝက ဘယ်အချိန်ထိ ဆက်ခါးနေဦးမှာလဲ။ ခုချိန်မှာ ဘယ်လောက်ချိုမြတဲ့ သကာပျားတွေ လာကျွေးနေပါစေ သူမလျှာဖျားမှာ ခါးသက်နေမယ် ထင်တယ်။

အဆုံးမတော့ နာနာကျင်ကျင်နဲ့ပဲ သူ့ကို မေ့နိုင်အောင် ကြိုးစားနေမိပါသည်။ မချစ်ခဲ့ဘူးတော့ ပိုရှူးပါတယ်။ နိုင်ဖို့မပြောနဲ့ မဆိုင်ခင်မှာပဲ လွှမ်းလိုက်ရတယ်။ လွှမ်းရတဲ့ဒဏ်ကို မခံနိုင်တော့လို့ မေ့ပစ်ရမယ်။ တော်တော်ဆိုးတဲ့ ချစ်ရေစက်ပါပဲ။ သူမဘဝဟာ ရွှေစင်ကြယ်ရဲ့ အကွက်ရွှေ့မှုတွေကြောင့် ကျွမ်းထိုးမှောက်ခုံ လဲကျခဲ့ရဖူးတယ်။ မမရဲ့အကွက်ရွှေ့မှုကြောင့် သူမ ချစ်တဲ့သူနဲ့ ဝေးရတယ်။

သူမဟာ နယ်ရုပ်တစ်ရုပ်ပါပဲ။ ထိုးကျွေးခံရတာလား။ အစားခံရတာလား။ ဝေခွဲမရခဲ့ပါဘူး။

သေချာတာကတော့ အကွက်ရွှေ့ကြသူတွေရဲ့ လက်ထဲမှာ သူမ နယ်ရုပ်ဘဝကနေ ဘုရင်မဖြစ်အောင် ကြိုးစားခဲ့တယ်။

သူမကို အကွက်ရွှေ့ကြတာက စားဖို့။ ဒါပေမဲ့ သူမကတော့ ဘယ်သူ့အစားမှ မခံရဘူး ထင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ကြယ်ရော မမပါ သူတို့ဆန္ဒကွေကို အောင်မြင်အောင် မလုပ်နိုင်ကြဘူးလေ။

သူမဘဝကလည်း အလုပ်ထဲမှာ ပိုပြီးနှစ်မြုပ်ဝင်လိုက်သည်။

နေ့ရော ညပါ အလုပ်မှအလုပ်။

ကြာတော့လည်း အချိန်က ကုစားသွားမှာပါလေ။

ကြာပန်းလေးတွေ တွေ့ရင်တော့ ရင်ခုန်တုန်းပဲ။ ခုဆို သူမမှာ ကြာပန်းပုံပန်းချီကားတွေတောင် တော်တော်စုမိနေပြီလေ။

❦ ○ ❦



သုံးနှစ်လောက်အတွင်းမှာ ချစ်ဦးကို တစ်ယောက်ည်း တော်တော်တိုးတက်လာပါပြီ။ ပွဲစားလည်း လုပ်တယ်။ ည်တွင်းဘုရားဖူးကားလုပ်ငန်းလေး တစ်ခုပါ ထောင်ထားပြီ။ အတိုးနဲ့ ဈေးမရောင်းတော့။ အကြွေးကျတာနဲ့ သိပ်မကိုက်၍ လုပ်ဖြစ်တော့။

ရှိတာလေးနဲ့ ကားဝယ်ရောင်း၊ မြို့စွန်ခြံကွက်ကသားတွေ ဝယ်ရောင်းလည်း လုပ်သည်။

တော်တော်ကလေး အဆင်ပြေပါသည်။

တစ်ရက် သူတို့ဘုရားဖူးခရီးသွားလုပ်ငန်းကို သူမဆီက ဖုန်းဆက်သည်။ သူမတို့ သီးသန့်သွားချင်လို့ ကားတစ်စီး သပ်သပ်စီစဉ်ပေးဖို့ပါ။ သူမမိသားစုတွေနဲ့ သူမဝန်ထမ်းတွေကို ပို့ပေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ သူမဆိုကမှန်း မသိ။ သူမ ဝန်ထမ်း တစ်ယောက် စရုံလာပေးမှ သိတာ။ ကုဋေရှင်ဒီဇိုင်းက သွားမှာတဲ့။

အဲဒီမှာ သူကလည်း ဘာမှဆက်မပေးတော့။ ကား ကို အကောင်းဆုံး စီစဉ်ပေးသည်။ တောင်ကြီး၊ အင်းလေးခရီး စဉ်ကို ဟိုတယ်မှာလည်း ကောင်းတဲ့အခန်းကို စီစဉ်ပေးသည်။ အစားအသောက်ပါ ကောင်းတဲ့ဆိုင်တွေ စီစဉ်ပေးသည်။ ခရီးစဉ်စရိတ်ကို လုံးဝအမြတ်မယူတဲ့အပြင် အရင်းထဲကပါ ထင် လျှော့ပေးလိုက်သည်။ ဒါပေမဲ့ ထိုခရီးစဉ်ကို သူ လိုက်မှာမဟုတ် သလို သူမကိုလည်း သွားတွေ့မှာ မဟုတ်။ ကြာပန်းကြိုက်တဲ့ သူမက သူ့ရဲ့ကြာဖြူခရီးသွားလုပ်ငန်းကို ရွေးချယ်တာကိုက ရင်ထဲနွေးစေပါသည်။

တစ်ဖက်ကလည်း ကုဋေရှင်တို့ ဇာစ်ဖွဲ့လုံး အံ့သြ နေသည်။

သူတို့ပေးရတဲ့ဈေးက ပေါပေါပဲပဲ။ ဝန်ဆောင်မှုက ရှယ်တာ နိုင်းကျော်သွားသည်။

"တန်လိုက်တာဟယ်"

"အေးလေ ... အသိတွေကို လက်တို့ဦးမှ"





"ဟုတ်ပါ့ ကြော်ငြာပေးရမယ်"

"ဒီပိုင်ရှင် အမြတ်ရော ကျန်ရဲ့လား မသိဘူးနော်"

"မြတ်လို့ လုပ်တာပေါ့"

"သူတောင်မြတ်ရင် တခြား အဆမတန် ယူထားတဲ့ ဘုရားဖူးကားတွေ ဘယ်လောက်တောင် မြတ်လိုက်မလဲ နော်"

"ဟုတ်ပါ့ဟယ်"

သူ့ဝန်ထမ်းမလေးတွေ ပြောတာ နားထောင်ပြီး ကုဋေရှင် ကားသမားနဲ့ သွားစကားပြောလိုက်သည်။

"ဟာ ... အစ်မတို့အဖွဲ့ကို ထက်ဝက်လျှော့ပေးလိုက်တာ ဗျ။ အိတ်ထဲကတောင် စိုက်ရသေးတယ်။ ပိုင်ရှင်နဲ့သိလို့ လျှော့ပေးတယ် ထင်တာ။ ပုံမှန်ဈေးက အခု အစ်မတို့ ပေးရတာရဲ့ နှစ်ဆကျော်ကျော် ရှိတယ်ဗျ"

"ပိုင်ရှင်က ဘယ်သူလဲ"

သူမရင်ထဲ နွေးထွေးလွန်းနေသည်။ ကားသမားရဲ့ အဖြေကို ရင်ခုန်စွာ စောင့်စားနေသည်။

"နေဦး ... နေဦး ... ကျွန်မ ဖြေကြည့်မယ်။ ပိုင်ရှင်က ချစ်ဦးကိုလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ"

သူမရင်ထဲ ပြုံးသွားသည်။

"သူ တစ်ခုခု မှာလိုက်သေးလား"

"ဘာမှ မပြောလိုက်ဘူး။ အဆင်ပြေအောင် သေချာဝန်ဆောင်မှုပေးဖို့တော့ မှာလိုက်တယ်ဗျ"

"ကျေးဇူးပါ"

သူ သူမဆီ မလာသေးဘူးလား။ သူ့ရဲ့ခရီးသွားအစီအစဉ်ဖို့မည်က ကြာဖြူတဲ့လား။ သူ အိမ်ထောင်ကျသွားပြီလား။ အဲဒီမေးခွန်းကို သူမ ဆက်မမေးချင်တော့ဘူး။ သေချာတာတော့ သူမဟာ လွတ်လပ်နေသေးတုန်းပါပဲဆိုတာ သူ သိပါစေဟု ဆုတောင်းရုံမှတစ်ပါး။

❦ ○ ❦





"ဟာ … ဆရာကလည်း ကြီးကြီးဖန်ဖန် ဘယ်က သူ့ယောက်ျားပါရမှာလဲ။ သူ့အမေနဲ့ မောင်နှစ်ယောက်ရယ်။ သူ့ဝန်ထမ်းကောင်မလေးတွေရယ်ပဲ ပါတယ်"

"သူ့ယောက်မရော မပါဘူးလား"

"ဆရာ မှားနေပြီ ထင်တယ်။ သူ့ပုံစံကြည့်ရတာ အပျိုလေးပါပဲ။ ဟဲ ဟဲ … ကျွန်တော် အပျိုနဲ့ အအိုတော့ ခွဲတတ်ပါသေးတယ် ဆရာ"

"သူတို့သွားတာ လေး,ငါးရက်ကြာတာ။ ယောက်ျားဆီက ဖုန်းလာသံလို့လည်း မကြားမိပါဘူး ဆရာရယ်။ သူတို့ပြောတာ ကြားတယ်။ ဖုန်းပိတ်ထားတယ်တဲ့။ အလုပ်ဖုန်းတွေ လာမှာစိုးလို့ဆိုလား"

"ဟုတ်ရဲ့လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ် ဆရာရယ်၊ ကျွန်တော့် အိမ်ထောင်သည် ဆယ်နှစ်ရှိပြီ။ အပျိုနဲ့ အအို ခွဲတတ်ပါတယ်ဆိုဗျာ"

"အေးပါကွာ၊ မင်းခွဲတတ်တယ်ဆိုတော့ ငါ့ရင်တွေတော ချက်ချင်းခုန်လာပြီ"

"သူက မေးတာဗျ။ ကျွန်တော်က သူတို့ကို ပိုင်ရှင် ဈေးလျှော့ပေးလိုက်တာလို့ ပြောတော့ ပိုင်ရှင် ဘယ်သူ တဲ့။ ချစ်ဦးကိုလားတဲ့"

သူ ချက်ချင်း သူမဆီ ဖုန်းကောက်ဆက်သည်။ ဖုန်းက စက်ပိတ်ထားခဲ့သည်။ သူမဆီ ချက်ချင်းလိုက်သွားခဲ့သည်။ အရင်နေရာမှာ သူမဆိုင်ခန်းလေး မရှိတော့ပြန်။ ဒေါက်တာ မင်းဆက်တို့ခြံကို ပြေးကြည့်တော့သည်။ ဒေါက်တာတို့ ခြံကြီး ရော အိမ်ကြီးပါ ပိတ်ထား၏။ လူသူအရိပ်အယောင်တောင် မတွေ့ရပါ။

ထို့နောက် သူ ဒေါက်တာမင်းဆက် ဘယ်ဆေး မှာ ရှိမလဲဟု လိုက်စုံစမ်းပါတော့၏။

ညဘက် ဆာကူရာဆေးရုံမှာ ခွဲစိတ်ခန်းဝင်ဖို့ ရှိ သတဲ့။ သူ ဆရာဝန်ကြီးဖုန်းကို စုံစမ်းရတာ မခက်ပါ။ ဒါပေ





အလုပ်အရမ်းရှုပ်တဲ့အချိန် ဆက်မိသလို ဖြစ်နေမှာစိုးလို့ အားနာ သို့ ဆာကူရာမှာပဲ သွားစောင့်နေလိုက်သည်။ သူက ကိုယ်ရေး ကိုယ်တာ မေးချင်တာဆိုတော့ ဖုန်းနဲ့မေးလို့ မကောင်းဘူးလေ။ အကျိုးအကြောင်း မစုံစမ်းမိတဲ့ သူ့ကိုယ်သူပဲ အပြစ်တင်ရမလား။ တကယ်တော့ မစုံစမ်းရဲခဲ့တာပါလေ။

ခုတော့ သူ ဆာကူရာဆေးရုံရဲ့ ဧည့်ခန်းမှာ ညနေ ကတည်းက စောင့်နေမိသည်။

စိတ်တွေ စောနေလေ အချိန်တွေက ပိုကြာသလို ထင်လာလေပါပဲ။ ဟုတ်ပါတယ်။ ကျွန်တော် စိတ်တွေစောနေပါ တယ်။

အချိန်တော်တော်ကြာကြာ နောက်ကျလိုက်မိလို့ ပိုပြီးမောနေရပါတယ်။

နာရီစက္ကန့်တွေ ပုံမှန်ပြောင်းလာပြီးတာတောင် ဒေါက်တာမင်းဆက်က ရောက်မလာသေးဘဲ နောက်ကျနေပါ တယ်။

အခွဲခံရမယ့် လူနာထက် ကျွန်တော်က ပိုပြီးမြ က စိတ်တွေ လှုပ်ရှားနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် ကျွန်တော် သိချင်တဲ့ အဖြေကို တိတိကျကျ သိရမယ် ထင်ပါတယ်။ ဒါပေမဲ့ မသေချာတာက ဒေါက်တာမင်းဆက် သူ့မလိပ်စာ သိ,မသိ ဆိုတာပါပဲ။

ဒေါက်တာမင်းဆက် ရောက်လာပါပြီ။

"ဒေါက်တာ"

သူ အတင်းလိုက်နှုတ်ဆက်တာကို ပြုံးပြပြီး ဆက်ထွက်သွားသဖြင့် ...

"ဒေါက်တာ ခဏနေပါဦး"

သူ အတင်းလမ်းပိတ်ထားတော့မှ ...

"ဘာပြောစရာရှိလို့လဲ"

"ကျွန်တော် ကုဋေရှင်သူငယ်ချင်းပါ ဒေါက်တာ။ ကျွန်တော် ဒေါက်တာနဲ့ စကားပြောချင်လို့"

"ဪ ... ကိုယ်က လူနာရှင်ထင်လို့၊ အိုခေ ... ကိုယ် အခု ခွဲခန်းဝင်စရာရှိတယ်။ ကိုယ်ပြန်ထွက်မှ ပြောမလား။ ဒါမှမဟုတ် နောက်နေ့မှ လာမလား"

အချိန်က ညရှစ်နာရီမို့ ဒေါက်တာမင်းဆက်က နာရီကြည့်ပြီး မေးလိုက်သည်။





"စောင့်ပါ့မယ် ဆရာ။ ကျွန်တော် ညနေကတည်းက လာစောင့်နေတာပါ"

"အိုခေ ... တစ်နာရီခွဲလောက်တော့စောင့်"

"ဟုတ်ကဲ့"

ဒေါက်တာမင်းဆက် ခွဲခန်းဝင်သွားတာကို လူနာရှင်တွေနဲ့အတူ သူပါ ခွဲခန်းအပြင်ဘက်က သွားစောင့်နေမိသည်။

လူနာရှင်တွေက သူတို့လူနာအတွက် စိုးရိမ်စိတ်တွေနဲ့ ကတုန်ကယင်။ သူက သူ့မျှော်လင့်ချက်အတွက် တုန်တုန်ယင်ယင်။

ဒေါက်တာမင်းဆက် ထွက်လာကာ လက်မထောင်ပြတော့ လူနာရှင်တွေ ပျော်ရွှင်သွားကြသည်။

သူကတော့ မျှော်လင့်ချက်တွေနဲ့ ငေးတုန်း။

"ကိုယ် ဗိုက်ဆာနေလို့ ဆွဲမှာ တစ်ခုခု သွားစားရင်း ပြောတာပေါ့ ညီ ... လာ"

ထိုညက သူ ပျော်ရွှင်သွားခဲ့သည်။ ဒါပေမဲ့ သူ့မလိပ်စာကို ဒေါက်တာမင်းဆက် အမျိုးသမီးပဲ သိတာမို့ လှမ်းမေးရသေး၏။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



"မမ ဗန်ကောက်သွားတယ်ရှင့်"

"ဆက်လို့ရတဲ့ ဖုန်းနံပါတ်လေးများ ရမလား"

"မမကပဲ လှမ်းဆက်တာရှင့်"

"ဩော် ... ဘယ်နေ့ ပြန်လာမှာလဲ"

"နောက်နှစ်ရက်နေရင် ပြန်လာတော့မှာပါ"

"အိုကေလေ။ ဒါဆို လေယာဉ်ဘယ်အချိန်ဆိုက်မလဲ ဆို တာတော့ သိရမှာပေါ့"

"ဟုတ်ကဲ့ ... မနက်ဆယ်နာရီ လေယာဉ်နဲ့ ပြန်လာမှာပါ"

"အိုခေ"

သူမ အိမ်မြှောင်အမြီးပြတ်သလို ခံစားနေရသည်။ ရက်စက်လွန်းတဲ့ ကံကြမ္မာ။ တွေ့ချင်ပါတယ်ဆိုမှ လွဲနေသည်။

တစ်ရက်လောက် ကုန်ဆုံးဖို့ကို တော်တော်စောင့် နေရသည်။ ကြာလိုက်တာ။ စားရတာလည်း အရသာမရှိ။ အိပ်





လို့လည်း မပျော်နဲ့ လူက ဘာကိုမှ စိတ်မဝင်စား။ သူမကိုပဲ အသည်းအသန် မျှော်နေမိသည်။

သူမ ပြန်လာမယ့်ရက် လေဆိပ်မှာ သူ မနက်က တည်းက စောင့်နေသည်။ သူမရဲ့ တပည့်မတွေနဲ့ သူမမိခင်လည်း လာကြိုသည်။

လာကြိုသူတွေက သူ့ကို တွေ့ကြသည်။ သူမ တပည့်ဟောင်းတွေက သူ့ကို သူမသူငယ်ချင်းမှန်း သိထားကြ သည်။ ပြုံးပြကာ ...

"မမကို လာကြိုတာလား"

"ဟုတ်တယ်"

ကိုးနာရီ ...

ကိုးနာရီ ဆယ်မိနစ် ...

ကိုးနာရီ မိနစ်နှစ်ဆယ် ...

ကိုးနာရီခွဲ ...

စသဖြင့် အချိန်တွေ ရွေ့လျားနေတာကို စိတ်မ ရှည်။ နာရီလက်တံတွေကို ဆွဲလှည့်ပစ်လိုက်ချင်ပါရဲ့။

ဆယ်နာရီ။

လူတွေ ရုတ်ရုတ်သဲသဲ။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ဆိုက်ပြီလား။

"ဗန်ကောက်လေယာဉ် ပျက်ကျလို့တဲ့"

ဖျတ်ခနဲ ကြားလိုက်တာ နားထဲမှာ ပူခနဲ ဖြစ်သွားသည်။

"ဗန်ကောက်လေယာဉ်ပျက်တယ်။ အခုဆိုက်မယ့် လေယာဉ် ပျက်တယ်တဲ့"

သူမတပည့်တွေရော သူပါ ရုပ်ပျက်ဆင်းပျက်။ သူမမိခင်က မျက်ရည်တွေကျကာ ဟုတ်လို့လား။ ဟုတ်ရဲ့လား။ မဟုတ်ပါဘူးနော်။ အမယ်လေး … ဘုရားမ,လို့ သမီးလေး ဘာမှမဖြစ်ပါစေနဲ့။

သူလည်း သွေးရူးသွေးတန်း။

"သေချာလား၊ ဒီလေယာဉ်နဲ့ သေချာလို့လား"

"ဟုတ်တယ်၊ မမက အသွားအပြန်လက်မှတ် တစ်ခါတည်း ဖြတ်သွားတာ"

"ဟာ … ဟာကွာ … ဟာ"

ဘေးမှာလည်း ပျက်ကျသွားသော လေယာဉ်နဲ့ ပြန်လာမယ့် ခရီးသည်တွေကို လာကြိုသူတွေ ကမ္ဘာပျက်ကုန်ကြသည်။





ငိုသူငို။

မေ့လဲသူ လဲကျ။

ဘာလဲကွာ။ ကံကြမ္မာများ သိပ်ရက်စက်တယ်။ သူမကို သူ စောင့်နေတယ်။ လာကြိုနေတယ်။ ဘာလို့များ နလောက်ထိ လွဲရက်ရတာလဲ။

"အား"

သူ သံကုန်အော်ကာ အနားမှာရှိတဲ့ တိုင်လုံးကို ပီတ်ထိုးပစ်လိုက်သည်။ သွေးတွေက ဖြာခနဲ။ ရဲခနဲ။

"ကုငွေရေ"

သူ့ အော်ဟစ်ပစ်သံက စူးရှစွာ။ သူ့လိုပဲ တခြား သာကြိုတဲ့ သူတွေလည်း သွေးပျက်နေကြပြီ။ ရက်စက်လိုက်တဲ့ ဘံ။



www.burmeseclassic.com

www.burmeseclassic.com



"အခါတော်ပေးဟာက ... နတ်ရေးငယ် ရွှေစာ ..."

အခါတော်ပေး သီချင်းသံက ကျက်သရေရှိစွာ။ မောင်နဲ့ မယ်တို့ကလည်း ကျက်သရေရှိစွာ နေနဲ့လ ရွှေနဲ့မြ လိုက်ဖက်တင့်ရွှန်းလှပေသည်။

သတို့သားက သူ့လက်ကို ချိတ်ထားတဲ့ သတို့သမီး လက်ကလေးကို ခပ်ကျစ်ကျစ်ကလေး ပြန်ကိုင်ထားသည်။ မကြာခဏ ငုံ့ကြည့်နေတာ ပျောက်သွားမှာစိုးသည့်အလား။

နှစ်ဖက်မိဘဆွေမျိုး မိတ်ဆွေတို့ကလည်း ပြုံးပျော်ရွှင်လို့ ချီးမွမ်းထောပနာပြုနေကြသည်။

သူတို့ နှစ်ဖက်အသိုင်းအဝိုင်းဟာ စိန်ရောင်တွေ ပြိုးပြိုးပျက်ပျက် လက်မနေပေမယ့် မုဒိတာအပြုံးတွေတော့ တဖျပ်ဖျပ်။





ပန်းကြဲပေးသွားတာ စံပယ်ပန်းတွေ။ သူမပန်ထားတာက ဘီးဆံထုံး,ထုံးပြီး ကြာဖြူခပ်သေးသေးတစ်ပွင့်။ စိန်တွေ မစီထားပေမယ့် သူမ အဖြူရောင်သတို့သမီး ဝတ်စုံလေးနဲ့ လှရက်နိုင်လိုက်တာ။

ဘယ်သူတွေ ဘယ်လောက်ပဲ အကွက်ရွှေ့ရွှေ့ သူတို့နှစ်ယောက် ဖူးစာပါခဲ့ကြတယ်။

ဒါ ...

အိပ်မက်လား။ တကယ်လားဟင်။

❦ ○ ❦



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါ။

အဲဒီနေ့က သူမ လေယာဉ်ချိန် မမီ၍ လေဆိပ်မှာ ကျန်ခဲ့တာပါ။

နောက်ထပ် လက်မှတ်စီစဉ်ပြီး နောက်တစ်စီးနဲ့ လိုက်လာခဲ့လို့ သူမ သေဘေးမှလွတ်ကာ ချစ်ဦးကိုနှင့် ရွှေလက်တွဲနိုင်ခြင်းပါ။

ကံကြမ္မာက ကျီစားတယ်နော်။

ဒါပေမဲ့ နောက်ဆုံးပိတ် ကံကြမ္မာက ရွှေ့လိုက်တဲ့ အကွက်ကိုတော့ ကျေနပ်တယ်ပေါ့ကွယ်။

အားလုံး စိတ်တိုင်းကျ ဇာတ်သိမ်းလေးပါပဲ။

ရွှေပြည်လန်းဆန်း ဘဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

ရွှန်းရမိမိုး

(24th Mar 2015)

www.burmeseclassic.com